


许三观卖血记
余华
CHRONICLE OF A BLOOD MERCHANT
by Yu Hua
ရှုစန်းကွမ်
သွေးရောင်းမှတ်တမ်း


SAMPLE BOOK

# 许三观卖血记

余华

mgyoe.com

SAMPLE BOOK

CHRONICLE OF A BLOOD MERCHANT
by
Yu Hua

ရှုစန်းကွမ်း
သွေးရောင်း
မှတ်တမ်း

ဝေဝေကောင်းမင်း



K0367

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - မေလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဇော်မောင်
တန်ဖိုး - ၄၃၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK



# 许三观卖血记

余华

CHRONICLE OF A BLOOD MERCHANT

by Yu Hua

ရှုဆန်းကွမ်း

သွေးရောင်းမှတ်တမ်း

ဇော်ကောင်းမြင့်

mgyoe.com

mgyoe.com SAMPLE BOOK

**Original Chinese title:** 余华《许三观卖血记》

မြန်မာပြန်မှုပိုင် © တော်ကောင်းမင်း

Copyright © Yu Hua, 2008
This edition is published by arrangement with Yilin Press, Ltd.,
All Rights Reserved

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ အမှာ

'ရှီစန်းကွမ်း သွေးရောင်းမှတ်တမ်း' ဝတ္ထုကို တရုတ်စာရေးဆရာ ယွီဟွာက ရေးခဲ့သည်။ ရှီစန်းကွမ်း ဆိုသည့် ပိုးချည်စက်ရုံ အလုပ်သမားတစ်ယောက်၏ ဘဝဇာတ်ကြောင်းကို ရေးဖွဲ့ထားသည့် ဝတ္ထု ဖြစ်သည်။ အဓိက ဇာတ်အိမ်တည်ရာ ခေတ်နောက်ခံမှာ မော်စီတုံးခေတ် တရုတ်ပြည် ဖြစ်သဖြင့် ဝတ္ထုမှတစ်ဆင့် ထိုခေတ်ကာလများအတွင်း တရုတ်ပြည်သူတို့၏ တွေ့ကြုံဖြတ်သန်းမှုများကို ရိုးတိုးရိပ်တိပ် ခံစားတွေ့သိရနိုင်မည် ဖြစ်သည်။

'သွေးသည် အသက်' ဟူသော စကား ရှိ၏။

ဝတ္ထုထဲက ရှီစန်းကွမ်းအဖို့တော့ သွေးသည် အသက်ရှင်ရေးအတွက် အရေးကြီးသော အရာတစ်ခု ဖြစ်ရုံမျှသာမက အကျပ်အတည်း ကြုံသည့်အခါ ထုခွဲရောင်းချနိုင်သည့် တန်ဖိုးကြီးသော ပိုင်ဆိုင်မှုတစ်ခုလည်း ဖြစ်လေသည်။ သွေးရောင်းခြင်းမှာ ငွေရပေါက်ချောင်သော အလုပ်တစ်ခု ဖြစ်သဖြင့် မိသားစုတွင် အခက်အခဲ ကြုံလာတိုင်း ရှီစန်းကွမ်းက သွေးရောင်း၍ ဖြေရှင်းပေးခဲ့လေသည်။

ယွီဟွာ၏ မိဘများမှာ ဆရာဝန်များ ဖြစ်ကြ၏။ ဆေးရုံပတ်ဝန်းကျင်မှာ ကြီးပြင်းလာခဲ့သည့် ယွီဟွာသည် ထိုစဉ်က ဆေးရုံအကြောင်းနှင့် သွေးရောင်းမည့်သူတွေဆီက သွေးကောက်ပေးသည့် သွေးခေါင်းအကြောင်းတို့ကို ကောင်းစွာ တွေ့မြင်ကြားသိခဲ့ဖူးပေမည်။ ဤဝတ္ထုထဲက သွေးခေါင်း လီ ဇာတ်ကောင်မှာ ဆေးရုံတွင်သူ ကလေးဘဝက တွေ့ကြုံဖူးသည်များကို အခြေခံ၍ ဖန်တီးခဲ့ခြင်း ဖြစ်သည်ဟု ဝေါ်ဟာရ ဆယ်ခုထဲက တရုတ်ပြည် စာအုပ်ထဲတွင် ယွီဟွာက ဆိုထားသည်။

ထိုခေတ်တုန်းက ဆေးရုံသွေးဘဏ်မှာ သွေးလုံလောက်မှု ရှိသေးသဖြင့် ဆေးရုံသွေးခေါင်းက မိမိနှင့် အလွန်းသင့်သူတွေ၏ သွေးကို ရွေးချယ်ဝယ်နိုင်လေ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ သွေးရောင်းချင်သူတို့မှာ သူတို့သွေးကို ဝယ်ဖို့အရေး သွေးခေါင်းကို တည့်အောင် ပေါင်းကြရတော့သည်။ ဆေးရုံမှာ သွေးလာရောင်းတိုင်း သွေးခေါင်းအတွက် လက်ဆောင်ကလေးတွေ ယူလာပေးကြရသည်။ ဆေးရုံတွင် သာမန် သူနာပြုထက်ပင် အဆင့်နိမ့်သော်ငြားလည်း သွေးခေါင်းမှာ ဆရာဝန်တွေ ဝတ်သည့် ဂျူတီကုတ်ကို ဝတ်ခွင့် ရှိလေ၏။ ဆေးရုံသို့ အကြောင်းအမျိုးမျိုးဖြင့် သွေးလာရောင်းရသူတို့အဖို့တော့ ဂျူတီကုတ် ညစ်တီးညစ်ပတ် ဝတ်ထားပြီး ဆေးလိပ်ခဲလျက် သွေးကောက်နေသည့် ထိုသွေးခေါင်းမှာ ကယ်တင်ရှင်ကြီးသဖွယ် ဖြစ်နေတော့သည်။

'ရွှီစန်းကွမ်း သွေးရောင်းမှတ်တမ်း' ဝတ္ထုကို ယွီဟွာက ၁၉၉၅ ခုနှစ်တွင် ရေးပြီးခဲ့သည်။ တရုတ်ပြည်၌ သွေးရောင်းဝယ်မှုများမှတစ်ဆင့် လူအမြောက်အမြား အိတ်ချ်အိုင်ဗွီနှင့် အသည်းရောင်ရောဂါပိုးများ ကူးစက်ခံရသည့် ဖြစ်ရပ်များကို မီဒီယာက ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်လာခဲ့ကြသည်မှာ ထိုဝတ္ထု ထွက်ရှိလာပြီး နောက်မှာမှ ဖြစ်သည်ဟု သိရသည်။ တရုတ်ပြည်၌ သွေးလှူဥပဒေ ပြဋ္ဌာန်း၍ နှောင်ကြိုးမဲ့ သွေးလှူစနစ်ကို စတင်ကျင့်သုံးလာခဲ့သည်မှာလည်း ၁၉၉၈ ခုနှစ်ကျမှ ဖြစ်လေသည်။

ရွှီစန်းကွမ်း သွေးရောင်းမှတ်တမ်းမှာ ရသစုံလင်စွာ ပေးစွမ်းနိုင်သော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်၏။ ယွီဟွာက သူ့ဝတ္ထုကို အပိုအလို မရှိ ထိထိမိမိ ရေးဖွဲ့ထားသည်။ ဝတ္ထုထဲက ဇာတ်ကောင်တွေ၏ လူ့စရိုက်၊ လူ့သဘာဝမှာ ပေါ်လွင်လှသည်။ ဘေးစကားတွေ နားထောင်မိရာကတစ်ဆင့် သူ အချစ်ရဆုံး သားကြီးကို သူ့သွေး မဟုတ်ဟု သံသယဖြစ်လာသည့် ရွှီစန်းကွမ်း၏ အဖြစ်ကို ဖတ်ရမိသောအခါ ဘာကြောင့်မှန်း မသိ၊ မှုန်ရွှေရည်ရုပ်ရှင်ထဲက (ဦး)ဝင်းဦး၏ အဖြစ်ကို မှတ်မှတ်ထင်ထင် ပြန်မြင်ယောင်လာမိ၏။ မည်သို့ပင်ဖြစ်လင့်ကစား နောက်ဆုံး နိဂုံးချုပ်လိုက်သောအခါ ဝတ္ထုထဲက ရွှီစန်းကွမ်းသည် သူ့မိသားစုအပေါ် တာဝန်ကျေခဲ့သူတစ်ဦး ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သူ့ရှေ့က 'သက်ရှင်နေ' နည်းတူ 'ရွှီစန်းကွမ်း သွေးရောင်းမှတ်တမ်း'သည်လည်း ယွီဟွာ၏ အောင်မြင်ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဘာသာပေါင်းမြောက်မြားစွာသို့ ပြန်ဆို၍ ထုတ်ဝေပြီးလည်း ဖြစ်၏။ ယခု ဤဝတ္ထုကို မြန်မာဘာသာသို့ ပြန်ဆိုလိုက်ပြီ ဖြစ်ပေသည်။

တော်ကောင်းမင်း
ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - တစ်

ရွှီစန်းကွမ်းဟာ မြို့မှာရှိတဲ့ ပိုးချည်စက်ရုံက ပိုးအိမ်ပို့လုပ်သား။ အဲဒီနေ့က သူ ရွာပြန်ပြီး သူ့အဘိုးဆီ ရောက်လာတယ်။ သူ့အဘိုးက အသက်ကြီးလို့ မျက်စိမှုန်နေပြီ။ တံခါးဝမှာ ရပ်နေတဲ့ ရွှီစန်းကွမ်းရဲ့ မျက်နှာကို မမြင်ရလို့ သူ့အဘိုးက သူ့ကို အနားခေါ်ပြီး တအောင့်လောက် ကြည့်ပြီးမှ–

"ငါ့သား၊ မင်းမျက်နှာက ဘယ်မှာလဲကွယ်"

လို့ မေးတယ်။

ရွှီစန်းကွမ်းက–

"အဘိုး၊ ကျွန်တော် အဘိုးသား မဟုတ်ဘူးဗျ၊ အဘိုးမြေး၊ ကျွန်တော့် မျက်နှာ ဒီမှာ..."

ပြောပြီး အဘိုးလက်ကို ကောက်ကိုင်ကာ မိမိမျက်နှာနဲ့ ထိလိုက်တယ်။ ပြီးတော့မှ အဘိုးလက်ကို ပြန်ပေးလိုက်တယ်။ အဘိုးလက်ဖဝါးက သူတို့စက်ရုံက ကော်ဖတ်စက္ကူနဲ့ တူတယ်။

သူ့အဘိုးက မေးတယ်။

"မင်းအဖေ ဘာလို့ ငါ့ လာမတွေ့တာလဲ"

"ကျွန်တော့်အဖေ သေတာ ကြာလှပါပြီကော"

သူ့အဘိုး ခေါင်းညိတ်တယ်။ အဘိုးက နှုတ်ခမ်းထောင့်က သွားရည်တွေ စီးကျလာလို့ နှုတ်ခမ်းရွဲ့ပြီး စုပ်တယ်။ သွားရည်တွေ ပါးစပ်ထဲ နည်းနည်း ပြန်စုပ်လို့ ဝင်သွားတော့မှ အဘိုးက–

"ငါ့သား၊ မင်း ကျန်းမာရဲ့လား"

လို့ မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျန်းမာပါတယ်"

ရွှီစန်းကွမ်း ပြောတယ်။

"အဘိုး၊ ကျွန်တော် အဘိုးသား မဟုတ်ဘူး..."

သူ့အဘိုးက ဆက်ပြောတယ်။

"ငါ့သား၊ မင်းကော မကြာ မကြာ သွေး သွားရောင်းသလား"

ရွှီစန်းကွမ်း ခေါင်းခါတယ်။

"ဟင့်အင်း၊ ကျွန်တော် တစ်ခါမှ သွေးမရောင်းဖူးဘူး"

"ငါ့သား..."

အဘိုး ပြောတယ်။

"မင်းက သွေးလည်း မရောင်းဘဲနဲ့ ကျန်းမာတယ်လို့ ပြောတယ်နော်၊ ငါ့သား၊ မင်း ငါ့ကို ညာနေတာပဲ"

"အဘိုး ဘာတွေပြောနေတာလဲ၊ ကျွန်တော် နားမလည်ဘူး၊ အဘိုး အသက်ကြီးလို့ အယောင်ယောင် အမှားမှားတွေ ဖြစ်နေတာလား"

ရွှီစန်းကွမ်းရဲ့ အဘိုး ခေါင်းခါတယ်။ ရွှီစန်းကွမ်းက ပြောတယ်။

"အဘိုး၊ ကျွန်တော် အဘိုးသား မဟုတ်ဘူးဗျ၊ အဘိုးမြေး"

"ငါ့သား..."

သူ့အဘိုး ပြောတယ်။

"မင်းအဖေက ငါ့ပြောစကား နားမထောင်ဘဲ မြို့က ဟို ဘာဟွား ဆိုတဲ့ ဟာကိုမှ သွားကြိုက်ရတယ်ကွယ်"

"ကျင်းဟွား ပါ၊ ကျွန်တော့်အမေလေ"

"မင်းအဖေက ငါ့ လာပြောတယ်၊ သူ အရွယ်ရောက်ပြီတဲ့၊ မြို့တက်ပြီးတော့ ဟို ဘာဟွား ဆိုတဲ့ဟာနဲ့ လက်ထပ်မယ်တဲ့၊ ငါက ပြောတယ်၊ မင်းအထက်က အစ်ကိုနှစ်ယောက်တောင် အိမ်ထောင်မကျသေးဘူး၊ အကြီးတွေကတောင် မိန်းမ မယူရသေးတဲ့ဟာ၊ အငယ်လုပ်တဲ့ကောင်ကို မိန်းမ အရင်ပေးစားရမတဲ့လား၊ တို့ အရပ်မှာ ဒါမျိုး ထုံးစံ မရှိဘူး..."

•

ဘထွေးရဲ့ အိမ်ခေါင်မိုးပေါ်မှာ ထိုင်ရင်း ရွှီစန်းကွမ်း တောင်ပြောက်လေးပါးကို လှမ်းမျှော်ကြည့်နေတယ်။ ကောင်းကင်ကြီးဟာ ဟိုးအဝေးဆီက ရွှံ့မြေထဲကနေ မြင့်တက်လာခဲ့တာ။ ကောင်းကင်ဟာ နီတျာတျာနဲ့ မြင့်သထက် မြင့်လာလို့၊ အဝေးက လယ်တောပေါ်ကိုလည်း ထွန်းလင်းလာစေခဲ့တယ်။ လယ်ယာသီးနှံတွေကို ခရမ်းချဉ်

mgyoe.com

mgyoe.com SAMPLE BOOK
သီးပမာ တစ်ခွင်တစ်ပြင်လုံး နီရဲလာစေခဲ့တယ်။ နောက်ပြီး ဟိုဘက်မှာ ကန့်လန့်ဖြတ်တည်ရှိတဲ့ မြစ်ကြောင်းရယ်၊ လမ်းကလေးရယ်၊ ဟောဟိုက သစ်ပင်တွေရယ်၊ ဟောဟိုက တဲပုတ်တွေ၊ ရေအိုင်တွေရယ်၊ ဟောဟိုက အိမ်ခေါင်မိုးပေါ်ကနေ ကွေ့တိကွေ့ကောက် တက်သွားနေတဲ့ မီးခိုးငွေ့တွေရယ်၊ သူတို့အားလုံး နီရဲကုန်ပြီ။

ရှီစန်းကွမ်းရဲ့ စတုတ္ထဘထွေးက အောက်က ဖရဲခင်းထဲမှာ မြေသြဇာလောင်းနေတယ်။ မိန်းမနှစ်ယောက် ရောက်လာတယ်။ တစ်ယောက်က အသက်ကြီးပြီ။ တစ်ယောက်က အသက်ငယ်သေးတယ်။

"ကွေ့ဟွားက တစ်နေ့တခြား မအေနဲ့ ပိုပိုပြီး တူလာတယ်နော်"

ရှီစန်းကွမ်းရဲ့ ဘထွေး ပြောတယ်။

အသက်ငယ်တဲ့ မိန်းမ ရယ်တယ်။ အသက်ကြီးတဲ့ မိန်းမက ခေါင်မိုးပေါ် က ရှီစန်းကွမ်းကို မြင်သွားလို့ မေးတယ်။

"နင့်အိမ်ခေါင်မိုးပေါ်မှာ လူတစ်ယောက်ဟဲ့၊ ဘယ်သူတုံး"

"ငါ့တတိယအစ်ကိုသားလေ"

ရှီစန်းကွမ်းရဲ့ ဘထွေး ပြောတယ်။

အောက်မှာရှိတဲ့ သုံးယောက်စလုံး ရှီစန်းကွမ်းကို မော့ကြည့်ကြတယ်။ ရှီစန်းကွမ်းက တဟဲဟဲ ရယ်ရင်း ကွေ့ဟွားလို့ခေါ်တဲ့ မိန်းမပျိုကို ကြည့်တယ်။ သူ့အကြည့်ကြောင့် ကွေ့ဟွား ခေါင်းငုံ့သွားရရှာတယ်။ အသက်ကြီးတဲ့ မိန်းမက–

"သူ့ဖအေနဲ့ ချွတ်စွပ်ပဲနော်"

လို့ ပြောတယ်။

ရှီစန်းကွမ်းရဲ့ စတုတ္ထဘထွေးက မေးတယ်။

"ကွေ့ဟွားက နောက်လကျရင် အိမ်ထောင်ပြုတော့မယ်ပေါ့"

အသက်ကြီးတဲ့ မိန်းမ ခေါင်းခါတယ်။

"ကွေ့ဟွားက နောက်လ အိမ်ထောင်မပြုတော့ဘူး၊ ငါတို့ဘက်က ဖျက်လိုက်ပြီ"

"ဖျက်လိုက်ပြီ"

ရှီစန်းကွမ်းရဲ့ စတုတ္ထဘထွေး လက်ထဲက မြေသြဇာ ယောက်ချိုကို လွှတ်ချလိုက်မိတယ်။

အသက်ကြီးတဲ့ မိန်းမက အသံကိုနှိမ့်ပြီး ပြောတယ်။

"ဟိုယောကျ်ားက ကျန်းမာရေး ပျက်စီးနေပြီ၊ ထမင်းလည်း ပန်းကန်လုံးတစ်လုံးပဲ စားနိုင်တယ်၊ တို့ ကွေ့ဟွားတောင် နှစ်လုံးကုန်တဲ့ဟာ..."

ရှီစန်းကွမ်းရဲ့ ဘထွေးကလည်း အသံကိုနှိမ့်ပြီး မေးတယ်။

"သူ့ကျန်းမာရေးက ဘယ်လို ပျက်စီးတာလဲ"
mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်လိုမှန်းတော့ မသိပါဘူး..."

အသက်ကြီးတဲ့မိန်းမ ပြောတယ်။

"ငါ့ စစချင်း ပြောသံ ကြားရတာက သင်း မြို့တက်ပြီး ဆေးရုံမှာ သွေးသွား မရောင်းတာ တစ်နှစ်နီးပါးရှိပြီတဲ့၊ အဲဒီကတည်းက ငါ့စိတ်ထဲ သင်္ကာမကင်းဖြစ်ချင် နေတာ၊ သင်းကျန်းမာရေး တကယ်ပဲ မကောင်းတော့ဘူးလားပေါ့၊ ဒါနဲ့ သင်း ဘယ်လောက် စားနိုင်မလဲ သိရအောင် အိမ်ကို ထမင်းဖိတ်ကျွေးလိုက်တယ်၊ သင်း သာ ထမင်းစားပန်းကန်လုံး နှစ်လုံး မောက်မောက် ကုန်လို့ရှိရင် ငါ နည်းနည်း စိတ်ချ လို့ရပြီ၊ သုံးလုံးသာ ကုန်လို့ကတော့ ကွေ့ပွားဟာ သူ့မယားပဲ... သင်း ထမင်း တစ်လုံး ကုန်တော့ ငါက ထမင်းထပ်ခူးပေးမယ် လုပ်တာ သင်းက ဗိုက်ဝပြီတဲ့၊ ထပ် မထည့်နိုင်တော့ဘူးတဲ့... ထောင်ထောင်မောင်းမောင်း ယောကျ်ားကြီး တစ်ယောက် က ထမင်းမစားနိုင်ဘူး ဆိုကတည်းက ကျန်းမာရေး ပျက်စီးနေလို့ပဲ ရှိရမှာပေါ့"

ရွှီစန်းကွမ်းရဲ့ စတုတ္ထဘထွေးက နားထောင်ပြီးတော့ ခေါင်းညိတ်ပြီး အသက် ကြီးတဲ့ မိန်းမကို ပြောတယ်။

"နင့်လိုမအေမျိုးက စေ့စပ်တယ်"

အသက်ကြီးတဲ့ မိန်းမက ပြန်ပြောတယ်။

"မအေတိုင်းက စေ့စပ်ပါတယ်နော်"

မိန်းမနှစ်ယောက် ခေါင်းမိုးပေါ်က ရွှီစန်းကွမ်းကို မော့ကြည့်တယ်။ ရွှီစန်းကွမ်း က တဟဲဟဲ ရယ်ရင်း ဟိုအသက်ငယ်တဲ့ မိန်းမကို ကြည့်နေတုန်းပဲ။ အသက်ကြီးတဲ့ မိန်းမ တစ်ခွန်းထပ်ပြောတယ်။

"သူ့ဖအေနဲ့ တထေရာတည်းပဲနော်"

ပြီးတဲ့နောက်မှာ မိန်းမနှစ်ယောက် တစ်ယောက်နောက်က တစ်ယောက် လိုက်ထွက်သွားတယ်။ နှစ်ယောက်စလုံး ဖင်လုံးကြီးကြီး။ အပေါ်စီးကနေ ကြည့် နေတဲ့ ရွှီစန်းကွမ်းက သူတို့ရဲ့ ဖင်လုံးနဲ့ ပေါင်လုံးကို သဲသဲကွဲကွဲ ခွဲမရနိုင်ဘဲ ဖြစ်နေ တယ်။ သူတို့ ထွက်သွားပြီးတဲ့နောက်မှာ ရွှီစန်းကွမ်းက ဖရဲခင်းထဲမှာ မြေဩဇာ လောင်းနေသေးတဲ့ စတုတ္ထဘထွေးကို ကြည့်နေခဲ့တယ်။ အဲဒီအချိန်မှာ မိုးချုပ်ပြီ။ သူ့စတုတ္ထဘထွေးရဲ့ ခန္ဓာကိုယ်လည်း မှောင်လာပြီ။ သူက မေးတယ်။

"လေးလေး၊ ဘယ်လောက်ကြာဦးမှာလဲဗျ"

"ပြီးခါနီးပါပြီကွ"

စတုတ္ထဘထွေး ပြောတယ်။

"လေးလေး၊ ကျွန်တော် တစ်ခု နားမလည်လို့ မေးချင်တယ်ဗျ"

"မေးကွာ"

"သွေးမရောင်းဖူးတဲ့ လူတိုင်း ကျန်းမာရေးမကောင်းဘူး ဆိုတာ ဟုတ် သလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ်လေ"

စတုတ္ထဘထွေး ပြောတယ်။

"မင်း ခုနက ကွေ့ဟွား အမေ ပြောသွားတာ မကြားဘူးလား၊ ဒီအရပ်က ယောက်ျားတွေ သွေးမရောင်းဖူးလို့ကတော့ မိန်းမ မရနိုင်ဘူး"

"ဒါက ဘာထုံးစံကြီးလဲဗျ"

"ဘာထုံးစံလဲတော့ ငါလည်း မသိဘူး၊ ကျန်းမာရေး ကောင်းတဲ့လူတိုင်းက တော့ သွေးသွားရောင်းကြတယ်၊ သွေး တစ်ခါရောင်းရင် ယွမ်သုံးဆယ့်ငါးကျပ် တောင် ရတာနော့၊ ဒီငွေပမာဏက လယ်ထဲ ခြောက်လလောက် လုပ်မှ ရနိုင်တာ၊ လူ့ကိုယ်ထဲက သွေးဆိုတာ တွင်းရေလိုပဲကွ၊ မင်း သွားမခပ်လို့လည်း တွင်းထဲက ရေက များမလာသလို၊ မင်း နေ့တိုင်း သွားခပ်လို့လည်း သူက လျော့မသွားဘူး"

"လေးလေး ပြောတဲ့အတိုင်း ဆိုရင် လူ့ကိုယ်ထဲက သွေးဆိုတာ တကယ့်ကို ငွေပဒေသာပင်ကြီးပဲပေါ့နော်"

"ဒါက မင်းကျန်းမာရေး ကောင်း၊ မကောင်း ဆိုတာ ကြည့်ရဦးမယ်၊ ကျန်းမာရေး မကောင်းဘဲနဲ့ သွေးသွားရောင်းလို့ကတော့ အသက်ပါ ပါသွားလိမ့် မယ်၊ မင်း သွေးသွားရောင်းတဲ့အခါ ဆေးရုံက မင်းကို အရင်စစ်ဆေးပေးတယ်၊ သွေး တစ်ပြွန် ထုတ်ပြီး မင်းကျန်းမာရေး ကောင်း၊ မကောင်းကို အရင်စစ်တယ်၊ ကျန်းမာရေး ကောင်းတယ်ဆိုမှ မင်းကို ပေးရောင်းတာ"

"လေးလေး၊ ကျွန်တော့် ဒီပုံစံနဲ့ သွေးရောင်းလို့ ဖြစ်နိုင်မလား"

ရှိစန်းကွမ်းရဲ့စတုတ္ထဘထွေးက ခေါင်မိုးပေါ်မှာ ရှိနေတဲ့ တူတော်မောင် ကို မော့ကြည့်တယ်။ သူ့တတိယအစ်ကိုရဲ့ သားက ခေါင်မိုးပေါ်မှာ ကိုယ်ဗလာနဲ့ ပြုံးဖြဲဖြဲ ထိုင်နေတယ်။ ရှိစန်းကွမ်းကိုယ်ပေါ်က အသားတွေကလည်း မနည်းလှဘူး။ စတုတ္ထဘထွေးက ပြောတယ်။

"မင်းဒီပုံစံနဲ့ဆို ရောင်းလို့ရတယ်"

ရှိစန်းကွမ်းလည်း ခေါင်မိုးပေါ်မှာ ဟီးဟီးဟားဟား ရယ်တယ်။ ပြီးတဲ့ နောက်မှာ တစ်ခုခု စဉ်းစားမိဟန်နဲ့ အောက်မှာရှိနေတဲ့ သူ့ရဲ့စတုတ္ထဘထွေးကို မေးပြန်တယ်။

"လေးလေး၊ ကျွန်တော် တစ်ခု မေးချင်သေးတယ်"

"ဘာမေးမလို့လဲ"

"ဆေးရုံက စစ်ဆေးတဲ့အခါ သွေးတစ်ပြွန် အရင်ထုတ်တယ်လို့ လေးလေး ပြောတယ်နော်"

"ဟုတ်တယ်လေကွာ"

"အဲဒီသွေးတစ်ပြွန်အတွက်ကော ပိုက်ဆံပေးသလား"

mgyoe.com

mgyoe.com SAMPLE BOOK

"မပေးဘူး"

သူ့စတုတ္ထဘထွေး ပြောတယ်။

"အဲဒီသွေးတစ်ပြွန်က ဆေးရုံကို အလကားပေးလိုက်ရတာ"

♦

သူတို့သုံးယောက် လမ်းမှာ ဘေးချင်းယှဉ် လျှောက်လာကြတယ်။ အသက်အကြီးဆုံးက သုံးဆယ်ကျော်ပြီ။ အငယ်ဆုံးက ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်။ ရွှီစန်းကွမ်းရဲ့ အသက်က အဲဒီနှစ်ယောက်ရဲ့ကြား၊ အလယ်မှာ။ လမ်းလျှောက်လာတာလည်း သူတို့နှစ်ယောက်ရဲ့ကြား၊ အလယ်မှာ။ ရွှီစန်းကွမ်းက ဘယ် ညာ နှစ်ဖက်မှာ အတူယှဉ်လျှောက်လာတဲ့ နှစ်ယောက်ကို ပြောတယ်။

"ခင်ဗျားတို့က ဖရဲသီးတွေလည်း ထမ်းလာတယ်၊ အိတ်ထဲမှာလည်း ပန်းကန်လုံး ကိုယ်စီနဲ့၊ ခင်ဗျားတို့က သွေးရောင်းပြီးရင် လမ်းဘေးမှာ ဖရဲသီး သွားရောင်းကြဦးမလို့လား၊ တစ်၊ နှစ်၊ သုံး၊ လေး... ခင်ဗျားတို့က ဖရဲသီး ခြောက်လုံးစီပဲ ထမ်းလာကြတာကိုး၊ ဘာလို့ အချိန် အစိတ် ငါးဆယ်လောက် ပိုသယ်မလာကြရတာလဲ၊ ခင်ဗျားတို့ ပန်းကန်လုံးတွေက ဘာလုပ်ဖို့အတွက်လဲ၊ ဖရဲသီး ဝယ်တဲ့လူတွေ ပိုက်ဆံ ပစ်ထည့်ပေးဖို့အတွက်လား၊ ခင်ဗျားတို့ ဘာလို့ စားစရာ ပါမလာကြတာလဲ၊ ခင်ဗျားတို့ နေ့လယ်စာ ဘာစားကြမှာလဲ"

"ကျုပ်တို့က သွေးလာရောင်းတိုင်း စားစရာ ပါလာရိုးထုံးစံ မရှိဘူး"

ဆယ့်ကိုးနှစ်သား ကင်းလုန်းက ပြောတယ်။

"ကျုပ်တို့က သွေးရောင်းပြီးတိုင်း ဆိုင်ပေါ် တက်ပြီး ဝက်အသည်းကြော် တစ်ပွဲ စားတယ်၊ အရက်ဝါ နှစ်ပက် သောက်တယ်"

အသက် သုံးဆယ်ကျော် တစ်ယောက်ရဲ့နာမည်က အားဖန်း။ အားဖန်းက ပြောတယ်။

"ဝက်အသည်းက သွေးအားကို ကောင်းစေတယ်၊ အရက်ဝါက သွေးလည်ပတ်မှုကို ကောင်းစေတယ်"

ရွှီစန်းကွမ်း မေးတယ်။

"ခင်ဗျားတို့က တစ်ကြိမ်ကို သွေး လေးရာ မီလီလီတာ ရောင်းလို့ရတယ်လို့ ပြောတယ်နော်၊ အဲဒီ လေးရာမီလီလီတာ သွေးက ဘယ်လောက်လောက် ရှိသလဲ"

အားဖန်းက အိတ်ထဲက ပန်းကန်လုံးကို ထုတ်ပြတယ်။

"ဒီပန်းကန်လုံး တွေ့လား"

"တွေ့တယ်လေ"

mgyoe.com

mgyoe.com SAMPLE BOOK

"တစ်ကြိမ်ကို ဒီပန်းကန်လုံး နှစ်ခွက်စာ ရောင်းလို့ရတယ်"

"နှစ်ခွက်"

ရှိစန်းကွမ်း အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်တယ်။

"သူတို့ ပြောတာ ထမင်းပန်းကန်လုံး တစ်လုံးစားမှ သွေးက နည်းနည်းပဲ ဖြစ်တာ၊ ဒီပန်းကန်လုံး နှစ်ခွက်စာ ရဖို့အတွက်ဆို ထမင်းတွေ ဘယ်လောက်တောင် စားရမှာလဲ"

အားဖန်းနဲ့ ကင်းလုန်း တဟဲဟဲ ရယ်တယ်။ အားဖန်း ပြောတယ်။

"ထမင်းစားရုံနဲ့ မရဘူး၊ ဝက်အသည်းကြော် စားရတယ်၊ အရက်ဝါ နည်းနည်း သောက်ရတယ်"

"ရှိစန်းကွမ်း"

ကင်းလုန်း ပြောတယ်။

"ခင်ဗျား ခုနက ကျုပ်တို့ ထမ်းလာတဲ့ ဖရဲသီးတွေ နည်းတယ်လို့ ပြောတယ် နော်။ ကျုပ် ပြောပြမယ်၊ ဒီဖရဲသီးတွေက ရောင်းဖို့ မဟုတ်ဘူး၊ ဒီဖရဲသီးတွေက လက်ဆောင်ပေးဖို့"

အားဖန်းက ဆက်ပြောလိုက်တယ်။

"သွေးခေါင်း လီကို လက်ဆောင်ပေးဖို့"

"သွေးခေါင်း လီက ဘယ်သူလဲ"

ရှိစန်းကွမ်း မေးတယ်။

သူတို့ သစ်သားတံတား တစ်စင်းဆီကို ရောက်လာတယ်။ တံတားအောက် မှာက မြစ်တစ်စင်း။ မြစ်ကြောင်းက စီးဆင်းရာမှာ တော်ကြာနေရင်း ကျယ်လိုက်၊ တော်ကြာနေရင်း ကျဉ်းလိုက်။ မြက်စိမ်းတွေက မြစ်ရေပြင်ပေါ်မှာ ရှင်သန်နေရာက မြစ်ကမ်းပါးတစ်လျှောက် ကုန်းပေါ် တက်လာကြပြီး စပါးခင်းထဲ ဝင်သွားတယ်။ အားဖန်းက ခြေလှမ်းပြန့်လိုက်ပြီး ကင်းလုန်းကို ပြောတယ်။

"ကင်းလုန်းရေ၊ ရေသောက်ရတော့မယ်ဟေ့"

ကင်းလုန်းလည်း ဖရဲသီးအထမ်းကို အောက်ချပြီး အော်လိုက်တယ်။

"ရေသောက်မယ်ဟေ့"

သူတို့နှစ်ယောက် အိတ်ကပ်ထဲကနေ ပန်းကန်လုံးကိုယ်စီ ထုတ်ပြီး မြစ် ကမ်းပါးအတိုင်း အောက်ဆင်းသွားကြတယ်။ ရှိစန်းကွမ်းက သစ်သားတံတားပေါ် တက်သွားပြီးတော့ လက်ရန်းမှာ မှီရင်း အောက်မှာ သူတို့နှစ်ယောက် ရေပေါ် ပေါ်လောမျောနေတဲ့ ဒိုက်သရောတွေကို ပန်းကန်လုံးနဲ့ ဟိုလှော် ဒီခတ် ဖယ်ရှားပြီး နှစ်ယောက်သား ဂလုဂလုနဲ့ ရေသောက်နေတာကို ကြည့်နေခဲ့တယ်။ သူတို့ နှစ်ယောက်စလုံး တစ်ယောက်ကို ပန်းကန်လုံး လေးငါးခွက်လောက် သောက်တယ်။ ရှိစန်းကွမ်းက အပေါ်ကနေ မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျားတို့ မနက်က ကြံမဆိုင်တွေ အများကြီး စားလာမိလို့လား"

အားဖန်းက အောက်ကနေ ပြောတယ်။

"ငါတို့ မနက်က ဘာမှ စားမလာခဲ့ဘူး၊ ရေပဲ သောက်လာခဲ့တာ၊ အခု ရေ ထပ်သောက်တယ်၊ မြို့ရောက်ရင်လည်း ရေ ထပ်သောက်ရဦးမယ်၊ ဗိုက်ကြီး ဖောင်းပြီး နာလာတဲ့အထိ၊ သွားဖုံးတွေ တစစ်စစ် ကျဉ်လာတဲ့အထိ သောက်ရမှာ၊ ရေသောက်များမှ ကိုယ်ထဲက သွေးကလည်း များလာမှာလေ၊ ရေက သွေးထဲ စိမ့်ဝင်သွားတယ်"

"ရေက သွေးထဲ စိမ့်ဝင်သွားတော့ ကိုယ်ထဲက သွေးတွေ ကျဲမသွားပေဘူးလား"

"ကျဲတော့ ကျဲသွားတာပေ့ါ၊ ဒါပေမဲ့ သွေးကတော့ ပိုများလာတယ်လေ"

"ခင်ဗျားတို့ ဘာလို့ အိတ်ထဲ ပန်းကန်လုံး ဆောင်လာရတယ်ဆိုတာ ကျွန်တော် သိပြီ"

ရှီစန်းကွမ်းက ပြောရင်း မြစ်ကမ်းပါးအောက်ကို ဆင်းသွားတယ်။

"ခင်ဗျားတို့ တစ်ယောက်လောက် ကျွန်တော့်ကို ပန်းကန်လုံး ငှားပါဦး၊ ကျွန်တော်လည်း ရေနည်းနည်းသောက်ချင်လို့"

ကင်းလုန်းက သူ့ပန်းကန်လုံးကို လှမ်းပေးလိုက်တယ်။

"ရော့၊ ကျုပ် ပန်းကန်လုံးနဲ့ သောက်"

ရှီစန်းကွမ်းက ကင်းလုန်းရဲ့ ပန်းကန်လုံးကို လှမ်းယူလိုက်ပြီး ကမ်းစပ်မှာ ဆောင့်ကြောင့်ထိုင်လိုက်တယ်။ အားဖန်းက သူ့ကို ကြည့်ရင်း–

"အပေါ်ပိုင်းက ရေက ညစ်ပတ်တယ်၊ အောက်ပိုင်းကလည်း ညစ်ပတ်တယ်၊ အလယ်ပိုင်းက ရေကို သောက်"

လို့ ပြောတယ်။

မြစ်ရေ သောက်ပြီးတဲ့အခါ သူတို့ ခရီးဆက်လာကြတယ်။ ဒီတစ်ကြိမ်မှာ အားဖန်းနဲ့ ကင်းလုန်းက ဖရဲသီး ထမ်းပြီး ဘေးချင်းယှဉ် အတူလျှောက်တယ်။

ရှီစန်းကွမ်းက သတ်သတ်လျှောက်လာတယ်။ သူတို့ထမ်းပိုးက တကျွိကျွိ မြည်သံကို နားထောင်ရင်း ရှီစန်းကွမ်း အနားတိုးလာဟယ်။

"ခင်ဗျားတို့လည်း တစ်လမ်းလုံး ဖရဲသီး ထမ်းလာခဲ့ရတာ၊ ကျွန်တော် ကူ ထမ်းပေးမယ်လေ"

ကင်းလုန်း ပြောတယ်။

"ခင်ဗျား အားဖန်းကို ကူထမ်းပေးလိုက်"

အားဖန်း ပြောတယ်။

"ဒီဖရဲသီးလေးနဲ့တော့ စာမဖွဲ့လောက်ပါဘူးကွာ၊ ငါ မြို့တက်ပြီး ဖရဲသီး ရောင်းတုန်းက တစ်ခေါက် တစ်ခေါက်ကို အချိန် ငါးဆယ်ကျော်လောက် ထမ်းတာ"

mgyoe.com SAMPLE BOOK

ရွှီစန်းကွမ်းက သူတို့ကို မေးတယ်။

"ခင်ဗျားတို့ ခုန ပြောတဲ့ သွေးခေါင်း လီ ဆိုတာ ဘယ်သူလဲ"

"သွေးခေါင်းလီ ဆိုတာ..."

ကင်းလုန်း ပြောတယ်။

"ဆေးရုံမှာ ကျုပ်တို့ သွားရောင်းတဲ့ သွေးတွေကို ကိုင်တဲ့ ထိပ်ပြောင်ကြီးပဲ၊ တော်ကြာ ရောက်လို့ရှိရင် ခင်ဗျား တွေ့လိမ့်မယ်"

အားဖန်းက စကားကို ဆက်တယ်။

"သူက ငါတို့ရွာက သူကြီးလိုပဲ၊ သူကြီးက ငါတို့ရဲ့ ခန္ဓာကိုယ်ကို အုပ်ချုပ်တယ်၊ သွေးခေါင်းလီ ဆိုတာ ငါတို့ခန္ဓာကိုယ်ထဲက သွေးကို အုပ်ချုပ်တဲ့ သူကြီးပဲ၊ ဘယ်သူ့သွေးကို ပေးရောင်းမယ်၊ ဘယ်သူ့သွေးကို ပေးမရောင်းဘူး ဆိုတာ သူ့သဘောပဲ"

"ဒါကြောင့်မို့ ခင်ဗျားတို့က သူ့ကို သွေးခေါင်းလို့ ခေါ်တာကိုး"

အားဖန်း ပြောတယ်။

"တစ်ခါတလေ သွေးရောင်းချင်တဲ့လူက များနေပြီး ဆေးရုံမှာ သွေးလိုတဲ့ လူနာက နည်းနေတတ်တယ်၊ အဲဒီအခါကျရင် ခါတိုင်းအချိန်မှာ သွေးခေါင်းလီနဲ့ ဘယ်သူ ဆက်ဆံရေး ကောင်းသလဲအပေါ် မူတည်သွားပြီ၊ သူနဲ့ ဆက်ဆံရေးကောင်းတဲ့လူရဲ့သွေးပဲ ရောင်းလို့ထွက်မယ်'

အားဖန်းက ရှင်းပြတယ်။

"ဆက်ဆံရေး ဆိုတာ ဘာလဲ၊ သွေးခေါင်းလီရဲ့ စကားနဲ့ ပြောရရင် 'သွေးရောင်းမယ့်အခါကျမှ ငါ့ကို သတိမရနဲ့၊ ခါတိုင်းအချိန်မှာလည်း ငါ့ကို သတိရနေရမယ်' ဆိုတာပဲ"

"ဘာလဲဗျ၊ ခါတိုင်းအချိန်မှာ သူ့ကို သတိရနေရမယ် ဆိုတာ"

ရွှီစန်းကွမ်း မေးတယ်။

အားဖန်းက ထမ်းလာတဲ့ ဖရဲသီးတွေကို ညွှန်ပြတယ်။

"အဲဒါ ခါတိုင်းအချိန်မှာလည်း သူ့ကို သတိရနေရမယ် ဆိုတာပဲ"

"ခါတိုင်းအချိန်မှာ သူ့ကို သတိရနေတဲ့ နောက်တစ်ယောက် ရှိသေးတယ်"

ကင်းလုန်း ပြောတယ်။

"ဟို ဘာယိန်း ဆိုတဲ့ ကောင်မလည်း ခါတိုင်းအချိန်မှာ သူ့ကို သတိရနေတာပဲ"

နှစ်ယောက်သား ပြောရင်း တဟဲဟဲ ထရယ်တယ်။ အားဖန်းက ရွှီစန်းကွမ်းကို ပြောတယ်။

"အဲဒီကောင်မနဲ့ သွေးခေါင်းလီရဲ့ ဆက်ဆံရေးက စောင်ခြုံထဲက ဆက်ဆံရေး၊ သင်းသာ သွေးသွားရောင်းလို့ရှိရင် ဘယ်သူဖြစ်ဖြစ် ဘေးထွက်ပြီး ခဏ စောင့်

mgyoe.com SAMPLE BOOK

ပေးရတယ်၊ သင်းကိုတော့ သွားမထိပါးမိနဲ့ဟေ့၊ ထိပါးမိလို့ကတော့ အဲဒီကောင်ရဲ့ သွေးက နတ်သိကြားသွေးပဲ ဖြစ်နေပါစေ၊ သွေးခေါင်းလီက ယူမှာ မဟုတ်တော့ဘူး"

ပြောရင်းဆိုရင်း သူတို့ မြို့ကို ရောက်လာပြီ။ မြို့ရောက်တော့ ရှိစန်းကွမ်းက ရှေ့ဆုံးက လျှောက်တယ်။ သူက မြို့သားမို့ မြို့ထဲက လမ်းတွေကို ကျွမ်းတယ်။ သူက သူတို့ကို ဦးဆောင်ခေါ်သွားတယ်။ သူတို့က တစ်နေရာမှာ ရေသွားသောက်ဦးမယ်လို့ ပြောတယ်။

ရှိစန်းကွမ်းက ပြောတယ်။

"မြို့ရောက်လာမှတော့ မြစ်ရေ မသောက်နဲ့တော့၊ ဒီမြို့က မြစ်ရေက ညစ်ပတ်တယ်၊ ကျွန်တော် ခင်ဗျားတို့ကို တွင်းရေ လိုက်တိုက်မယ်"

သူတို့နှစ်ယောက်လည်း ရှိစန်းကွမ်းနောက်က လိုက်သွားတယ်။ ရှိစန်းကွမ်းက သူတို့ကို လမ်းကြားထဲမှာ ဟိုချိုးဒီကွေ့ ခေါ်ဆောင်သွားတယ်။ သွားနေရင်း သူက–

"ကျွန်တော် မအောင့်နိုင်တော့ဘူး၊ တစ်နေရာမှာ သေးသွားပေါက်မှ ဖြစ်မယ်"

လို့ ပြောတယ်။

ကင်းလုန်း ပြောတယ်။

"သေးပေါက်လို့ မဖြစ်ဘူး၊ သေးပေါက်လိုက်ရင် စောစောက သောက်ထားတဲ့ ရေတွေ အလကား ဖြစ်သွားမှာပေါ့၊ သွေးလည်း နည်းသွားလိမ့်မယ်"

အားဖန်းက ရှိစန်းကွမ်းကို ပြောတယ်။

"ငါတို့က မင်းထက် ရေတွေ အများကြီး ပိုသောက်ထားတာတောင် အောင့်ထားနိုင်သေးတာပဲ"

ပြီးတော့ သူက ကင်းလုန်းကို ပြောပြန်တယ်။

"ဒီကောင့်ဆီးဗိုက်က သေးသေးလေးပဲ ဖြစ်မယ်"

ရှိစန်းကွမ်းဟာ ဗိုက်တင်းလွန်းလို့ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ရင်း လမ်းလျှောက်တာ နှေးသထက် နှေးလာတယ်။ သူက သူတို့ကို မေးပါယ်။

"အသက်အန္တရာယ် ရှိနိုင်မလား"

"ဘယ်သူ့ အသက်အန္တရာယ်လဲ"

"ကျွန်တော်လေဗျာ"

ရှိစန်းကွမ်း ပြောတယ်။

"ကျွန်တော့်ဗိုက် တင်းကားပြီး ကွဲသွားမလား"

"မင်း သွားဖုံး ကျဉ်ပြီလား"

အားဖန်း မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သွားဖုံးလား၊ နေဦး၊ ကျွန်တော် လျှာနဲ့ စမ်းကြည့်မယ်... သွားဖုံးတော့ မကျဉ်သေးဘူး"

"ဒါဆို ဘာမှမဖြစ်ဘူး"

အားဖန်း ပြောတယ်။

"သွားဖုံးမကျဉ်သေးသရွေ့ ဆီးဗိုက်မကွဲဘူး"

ရှိစန်းကွမ်းက သူတို့ကို ဆေးရုံနံဘေးက ရေတွင်းတစ်ခုနားကို ခေါ်လာခဲ့တယ်။ ရေတွင်းက သစ်ပင်ကြီး တစ်ပင်အောက်မှာ။ ရေတွင်းဘေးပတ်လည်မှာက ရေညှိတွေအပြည့်။ ရေတွင်းဘေးမှာ သစ်သားပုံးတစ်လုံး ချထားတယ်။ သစ်သားပုံးကို ချည်ထားတဲ့ ကြိုးက ဘေးမှာ ပုံလျက်သား။ အမြင့်မှာတော့ သပ်သပ်ရပ်ရပ်ပဲ။ ပုံးလက်ကိုင်ပေါ်မှာ တင်ထားတဲ့ ကြိုးစက ပုံးထဲကို ငိုက်စိုက်ကျလျက်။ သူတို့က သစ်သားပုံးကို ရေတွင်းထဲ ပစ်ချလိုက်တယ်။ ရေပုံးက ရေမျက်နှာပြင်ထက်မှာ ပါးရိုက်သံလို ဖြန်းခနဲ တစ်ချက်မြည်သွားတယ်။ သူတို့ တွင်းရေတစ်ပုံး ခပ်လိုက်တယ်။ အားဖန်းရော၊ ကင်းလုန်းရော ပန်းကန်လုံးနဲ့ ရေနှစ်ခွက် သောက်တယ်။ ပြီးတဲ့အခါ သူတို့က ရှိစန်းကွမ်းကို ပန်းကန်လုံး လှမ်းပေးကြတယ်။ ရှိစန်းကွမ်းက အားဖန်းဆီက ပန်းကန်လုံးကို လှမ်းယူပြီး ရေတစ်ခွက် ခပ်သောက်လိုက်တယ်။ အားဖန်းနဲ့ ကင်းလုန်းက သူ့ကို နောက်တစ်ခွက် ထပ်သောက်ခိုင်းတယ်။ ရှိစန်းကွမ်းလည်း သစ်သားပုံးထဲကနေ ပန်းကန်လုံးနဲ့ ရေတစ်ခွက် ထပ်ခပ်ပြီး နှစ်ငုံလောက်ပဲ သောက်ပြီးတော့ ရေတွေကို သစ်သားပုံးထဲ ပြန်သွန်ထည့်လိုက်တယ်။

"ကျွန်တော့်ဆီးဗိုက်က သေးတယ်၊ မသောက်နိုင်တော့ဘူး"

သူတို့သုံးယောက် ဆေးရုံသွေးဘဏ်ကို ရောက်လာတယ်။ အဲဒီအချိန်မှာ သူတို့ဟာ ဆီးအောင့်ထားရလို့ မျက်နှာတွေ နီရဲနေပြီ။ ဆယ်လ ကိုယ်ဝန်လွယ်ထားတဲ့ ဗိုက်ကြီးသည်တွေလို ခြေတစ်လှမ်းချင်း သတိကြီးစွာ လှမ်းလာခဲ့ကြတယ်။ အားဖန်းနဲ့ ကင်းလုန်းက ဖရဲသီးအထမ်းကို ထမ်းထားရသေးတော့ ခြေလှမ်းတွေ ပိုနှေးတယ်။ သူတို့လက်တွေက ဘယ်ညာနှစ်ဖက် တောင်းနှစ်လုံးရဲ့ ကြိုးတွေကို ဆုပ်ကိုင်ထားရသေးတယ်။ တောင်းထဲက ဖရဲသီးတွေ လှုပ်လှုပ် ယမ်းယမ်း မဖြစ်အောင် လက်က အားစိုက်ထိန်းထားရသေးတယ်။ ဒါပေမဲ့ ဆေးရုံစင်္ကြံက ကျဉ်းလွန်းလှသမို့ ဖြတ်သွားဖြတ်လာတွေက သူတို့ တောင်းတွေကို ဝင်ဝင်တိုက်သွားကြတယ်။ တောင်း ခါယမ်းသွားတာနဲ့ အားဖန်းနဲ့ ကင်းလုန်း တို့ဗိုက်ထဲက ရေတွေလည်း လိုက်ပြီး ခါယမ်းလာကြတာကြောင့် နှစ်ယောက်သား မျက်နှာတွေ မဲ့ရွဲ့သွားပြီး နေရာမှာတင် မလှုပ်ဝံ့ဘဲ ရပ်နေကြရရှာတယ်။ ထမ်းပိုးနည်းနည်း ငြိမ်သွားတော့မှ ရှေ့ကိုတစ်ဖန် ဖြည်းဖြည်းချင်း လျှောက်လာခဲ့ကြရရှာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆေးရုံက သွေးခေါင်းလီက သွေးဘဏ်အခန်းထဲက စားပွဲမှာ ထိုင်နေတယ်။ ဖွင့်ထားတဲ့ အံဆွဲတစ်လုံးပေါ်မှာ ခြေအစုံကို တင်ထားတယ်။ ဘောင်းဘီ ကြယ်သီးတွေလည်း ပြုတ်နေလို့ အထဲက ကြောင်ကြောင်ကျားကျား အတွင်းခံ ဘောင်းဘီကို မြင်နေရတယ်။ ရှိစန်းကွမ်းတို့ ဝင်သွားတော့ သွေးဘဏ်အခန်းထဲမှာ သွေးခေါင်းလီ တစ်ယောက်ပဲ ရှိတယ်။ သွေးခေါင်းလီကို မြင်တော့မှ ရှိစန်းကွမ်းလည်း မှတ်မိသွားလို့ စိတ်ထဲ ပြောလိုက်မိတယ်။ သွေးခေါင်းလီ ဆိုတာ ဒီလူလား၊ ဒီလူက ငါတို့စက်ရုံမှာ ပိုးကောင်တွေ လာဝယ်စားနေကျ ပြောင်ကြီးလီ မဟုတ်လား။

ဖရဲသီးတွေ ထမ်းပြီး ဝင်လာတဲ့ အားဖန်းနဲ့ ကင်းလုန်းတို့ကို မြင်တော့ သွေးခေါင်းလီလည်း ခြေထောက်ကို အောက်ပြန်ချပြီး တဟဲဟဲ ရယ်လျက် ပြောတယ်။

"ဟာ၊ မင်းတို့ပါလား၊ မင်းတို့ ရောက်လာကြပြီနော်"

ပြောပြီး မသွေးခေါင်းလီက ရှိစန်းကွမ်းကို မြင်တာနဲ့ ရှိစန်းကွမ်းကို လက်ညှိုးထိုးပြရင်း အားဖန်းတို့ကို ပြောတယ်။

"ဒီကောင့်ကို ငါ မြင်ဖူးသလိုပဲ"

အားဖန်းက–

"သူက ဒီမြို့ကပဲလေ"

လို့ ပြောလိုက်တယ်။

"ဒါကြောင့်ကိုး"

သွေးခေါင်းလီ ပြောတယ်။

ရှိစန်းကွမ်းက–

"ဆရာက ကျွန်တော်တို့ စက်ရုံမှာ ပိုးကောင်တွေ လာဝယ်နေကျလေ"

လို့ ပြောတယ်။

"မင်းက ပိုးချည်စက်ရုံကလား"

သွေးခေါင်းလီ မေးတယ်။

"ဟုတ်တယ်လေဗျာ"

"ငါလခွေး"

သွေးခေါင်းလီ ပြောတယ်။

"ဒါကြောင့် မင်းကို ငါ မြင်ဖူးပါတယ်လို့၊ မင်းလည်း သွေးလာရောင်းတာလား"

အားဖန်းက–

"ကျုပ်တို့ ဖရဲသီးတွေ လာပို့တာဗျ၊ ဒီအသီးတွေက မနက်ကမှ ခူးလာတာ"

လို့ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သွေးခေါင်းလီဟာ ကုလားထိုင်ကနေ ဖင်ကြွလာပြီး ဖရဲသီးတွေကို တစ်ချက် ကြည့်ပြီးတော့ တဟဲဟဲ ရယ်ပြီး ပြောတယ်။

"အလုံးတွေ အတော်ကြီးတာပဲ၊ နံရံထောင့်မှာပဲ ပုံထားလိုက်ကွယ်"

အားဖန်းနဲ့ ကင်းလုန်းလည်း ကုန်းကုန်းကွကွနဲ့ ဖရဲသီးတွေကို တောင်း ထဲကနေ ထုတ်ပြီး သွေးခေါင်းလီ ခိုင်းတဲ့အတိုင်း နံရံထောင့်မှာ ပုံထားလိုက်တယ်။ ဒါပေမဲ့ ဖရဲသီး နှစ်လုံးလောက် ထုတ်ပြီးရင်ပဲ သူတို့ မကုန်းနိုင် မကွနိုင်တော့ဘူး။ နှစ်ယောက်သား မျက်နှာတွေ နီရဲတက်လာပြီး အမောတွေ ဖောက်လာကြတယ်။ သူတို့ကို ကြည့်ရင်း သွေးခေါင်းလီလည်း မရယ်တော့ဘဲ မေးလိုက်တယ်။

"မင်းတို့ ရေတွေ ဘယ်လောက်တောင် သောက်ခဲ့တာလဲ"

အားဖန်းက–

"ပန်းကန်လုံးနဲ့ သုံးခွက်ပဲ သောက်ခဲ့တာပါ"

လို့ ဖြေတယ်။

ကင်းလုန်းက ဘေးကနေ ဖြည့်စွက်ပြောတယ်။

"သူက သုံးခွက်၊ ကျုပ်က လေးခွက်"

"ငါ့လာမဖြီးနဲ့"

သွေးခေါင်းလီက သူတို့ကို စိုက်ကြည့်ပြီး ပြောတယ်။

"မင်းတို့ ဆီးအိမ်တွေ ဘယ်အရွယ်ရှိမှန်း ငါ မသိဘူးများ မှတ်နေလား၊ ငါလခွေး၊ မင်းတို့ ဆီးအိမ်တွေက ဖောင်းကားလာလို့ရှိရင် မိန်းမ သားအိမ်တွေထက် တောင် ပိုကြီးသေးတယ်၊ မင်းတို့ အနည်းဆုံး ဆယ်ခွက် သောက်လာခဲ့ရမယ်ကွာ"

အားဖန်းနဲ့ ကင်းလုန်း တဟဲဟဲ ရယ်တယ်။ သူတို့ ရယ်တာ မြင်တော့ သွေးခေါင်းလီက လက်ခါပြပြီး ပြောတယ်။

"ထားလိုက်တော့၊ မင်းတို့နှစ်ကောင်က သိတတ်စိတ် ရှိတယ်လို့ ဆိုနိုင် သေးတယ်၊ ခါတိုင်းအချိန်မှာ ငါ့ကို အမြဲသတိရနေသေးတယ်၊ ဒီတစ်ကြိမ်တော့ ငါ မင်းတို့ကို သွေးရောင်းခွင့်ပြုလိုက်မယ်၊ နောက်တစ်ခါတော့ ဒါမျိုး မရဘူးနော်"

ပြောရင်း သွေးခေါင်းလီက ရှိစန်းကွမ်းကို ကြည့်တယ်။

"လာဦး"

ရှိစန်းကွမ်း သွေးခေါင်းလီအနား တိုးသွားတယ်။ သွေးခေါင်းလီက ပြောပြန် တယ်။

"ခေါင်းနည်းနည်း အောက်စိုက်"

ရှိစန်းကွမ်းလည်း ခေါင်းကို နှိမ့်ပေးလိုက်တယ်။ သွေးခေါင်းလီက သူ့မျက်ခွံ ကို ဖြဲကြည့်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မှန်းစမ်း၊ မင်းမျက်လုံးကို တစ်ချက် ကြည့်မယ်၊ အသည်းရောင် အသားဝါ ရှိသလား... မရှိဘူး၊ လျှာထုတ်ပြစမ်း၊ မင်း ဝမ်းမီး လိုက် မလိုက် တစ်ချက်ကြည့်မယ်၊ ဝမ်းမီးလည်း မဆိုးဘူး၊ ရပြီ၊ မင်း သွေးရောင်းလို့ရပြီ... ဟော့ ဒီမယ်၊ ထုံးစံအရဆိုရင် မင်းမှာ ရောဂါ ရှိ မရှိ သွေးတစ်ပြွန် အရင်ဖောက်ပြီး စစ်ကြည့်ရမှာနော်၊ ဒီနေ့တော့ အားဖန်းနဲ့ ကင်းလုန်း မျက်နှာကြောင့် မင်းဆီက အဲဒီသွေးတစ်ပြွန်ကို ငါ ယူမနေတော့ဘူး၊ ဒီနေ့က မင်းနဲ့ငါ ပထမဆုံးအကြိမ် သိကျွမ်းတာလည်း ဖြစ်တယ်လေ၊ ဒီတော့ အဲဒီ သွေးတစ်ပြွန်ကို ငါ့ရဲ့ မိတ်ဖြစ်ဆွေဖြစ် လက်ဆောင်လို့ပဲ မင်း သဘောထားလိုက်ပေါ့ကွာ..."

သွေးရောင်းပြီးတာနဲ့ သူတို့သုံးယောက် ဆေးရုံအိမ်သာဆီကို ကတိမ်းကပါး လျှောက်သွားကြတယ်။ မျက်နှာတွေလည်း ရှုံ့မဲ့လို့။ ရွှီစန်းကွမ်းက သူတို့ နှစ်ယောက်နောက်က လိုက်လာတာ။ သုံးယောက်စလုံး ဘယ်သူမှ အသံမထွက်ရဲ ကြဘဲ လမ်းကိုသာ ငုံ့ကြည့်ရင်း လျှောက်လာခဲ့ကြတယ်။ ခုနေခါမှာ အားနည်းနည်း စိုက်လိုက်တာနဲ့ မိုက်ကြီးပဲ ပေါက်ထွက်သွားတော့မယောင်။

သုံးယောက်သား ဆေးရုံအိမ်သာထဲက ဆီးသွားကန်ရှေ့မှာ တန်းစီရပ်ကြတယ်။ သေးပေါက်နေတုန်း သူတို့သွားဖုံးတွေ တစစ်စစ်နဲ့ ကျဉ်လာလို့ မြည်လာတဲ့ သွားခိုက်သံတွေဟာ သူတို့ သေးပန်းလို့ မြည်လာတဲ့ အသံတွေနဲ့ အပြိုင်ဖြစ်လာတော့တယ်။

ပြီးတဲ့နောက်မှာ သူတို့ ရှိန်လီ စားသောက်ဆိုင်ကို ရောက်လာကြတယ်။ ဆိုင်က ကျောက်တံတားတစ်စင်းရဲ့ ထိပ်ဖျားမှာ။ ဆိုင်အမိုးက တံတားလောက်တောင် မမြင့်ဘူး။ ခေါင်မိုးပေါ်မှာ တောထနေတဲ့ ပေါင်းပင်တွေဟာ တံစက်မြိတ်နားမှာ မျက်ခုံးမွေးပမာ ထိုးထိုးထောင်ထောင် ဖြစ်လို့နေတယ်။ ဆိုင်က တံခါးရှိပုံ မရဘူး။ တံခါးနဲ့ ပြတင်းက တစ်ဆက်တည်း ဖြစ်နေတယ်။ ကြားမှာ သစ်သားတိုင် နှစ်တိုင်ပဲ ခြားထားတာ။ ရွှီစန်းကွမ်းတို့က ဘေးဘက်က ပြတင်းပေါက်နေရာလို့ ယူဆရတဲ့ အပေါက်ကနေ ဝင်သွားကြတာ။ သူတို့က ပြတင်းပေါက်နားက ဝိုင်းမှာ ဝင်ထိုင်တယ်။ ပြတင်းပေါက်အပြင်ဘက်မှာက မြို့ကို ဖြတ်သန်းစီးဆင်းသွားနေတဲ့မြစ်။ မြစ်ထဲမှာ ဟင်းရွက်တချို့ ပေါလောမျောနေတယ်။

အားဖန်းက စားပွဲထိုးကို အသံကျယ်ကျယ် မှာလိုက်တယ်။

"ဝက်အသည်းကြော်တစ်ပွဲ၊ အရက်ဝါ နှစ်ပက်၊ အရက်ဝါကို အပူနွှေးပေး"

ကင်းလုန်းလည်း အသံကျယ်ကျယ် မှာတယ်။

"ဝက်အသည်းကြော်တစ်ပွဲ၊ အရက်ဝါ နှစ်ပက်၊ ငါ့အရက်ဝါကိုလည်း အပူနွှေးပေး"

mgyoe.com

mgyoe.com SAMPLE BOOK

စားပွဲကို မာန်ပါပါနဲ့ ပုတ်ပြီး မှာနေတဲ့ သူတို့နှစ်ယောက်ကို ကြည့်ရင်း ရွှီစန်းကွမ်းလည်း အားကျလာတာနဲ့ စားပွဲကိုပုတ်ပြီး–

“ဝက်အသည်းကြော် တစ်ပွဲ၊ အရက်ဝါ နှစ်ပက်၊ အရက်ဝါ… အပူနွေးပေး”

လို့ အသံကျယ်ကျယ် မှာလိုက်တယ်။

ခဏဆိုရင်ပဲ ဝက်အသည်းကြော် သုံးပွဲနဲ့ အရက်ဝါ သုံးခွက် ရောက်လာတယ်။ ရွှီစန်းကွမ်းက တူကို ကောက်ကိုင်ပြီး ဝက်အသည်းကို ညှပ်တော့မယ် အလုပ်မှာ အားဖန်းနဲ့ ကင်းလုန်းကတော့ အရက်ခွက်ကို အရင်ကောက်ကိုင်ပြီး မျက်လုံးကလေး မှေးပြီးတော့ တစ်စုပ်မြည်း၊ ပြီးတဲ့အခါ နှစ်ယောက်သား ပါးစပ်ထဲကနေ စုတ်တသပ်သပ် အသံမြည်လာတယ်။ နှစ်ယောက်သား မျက်နှာပေါ်က ကြွက်သားတွေဟာလည်း အပျင်းကြောဆန့်သလို ပြေလျော့လာတော့တယ်။

“ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်”

အားဖန်းက သက်ပြင်း တစ်ချက် ရှူထုတ်ပြီး ပြောလိုက်တယ်။

ရွှီစန်းကွမ်းလည်း တူကို ဘေးချ၊ အရက်ခွက်ကို ကောက်ပြီး တစ်စုပ်မြည်းလိုက်တယ်။ အရက်ဝါဟာ သူ့လည်ချောင်းကတစ်ဆင့် စီးဝင်သွားတယ်။ နွေးနွေးကလေး စီးဝင်သွားတာ။ သူ့ပါးစပ်ကနေလည်း စုတ်တသပ်သပ် အသံတွေ အလိုအလျောက် မြည်လာတယ်။ အားဖန်းနဲ့ ကင်းလုန်းလည်း တဟဲဟဲ ရယ်လာကြတယ်။

အားဖန်းက သူ့ကို မေးတယ်။

“မင်း သွေးရောင်းပြီးတော့ ခေါင်းမူးသလို ခံစားရသလား”

ရွှီစန်းကွမ်း ပြောတယ်။

“ခေါင်းတော့ မမူးဘူး၊ အားမရှိသလိုပဲ ခံစားရတာ၊ ခြေ လက်တွေ ပျော့လာတယ်၊ လမ်းလျှောက်ရတာလည်း လွင့်တင့်တင့်နဲ့ …”

အားဖန်း ပြောတယ်။

“မင်းက အားတွေကို ရောင်းလိုက်တာလေ၊ ဒါကြောင့်မို့ အားမရှိသလို ခံစားရတာပေါ့၊ ငါတို့ ရောင်းလိုက်တာက အားတွေကွ၊ သိလား၊ မင်းတို့ မြို့သားတွေကတော့ ဒါကို သွေးလို့ခေါ်တယ်၊ တို့တောသားတွေကတော့ ဒါကို အားလို့ခေါ်တယ်ကွ၊ အားမှာတောင် နှစ်မျိုး ရှိသေးတယ်၊ တစ်မျိုးက သွေးထဲက လာတဲ့ အား၊ နောက်တစ်မျိုးက အသားထဲက လာတဲ့ အား၊ သွေးထဲက လာတဲ့ အားက အသားထဲက လာတဲ့ အားထက် အများကြီး ပိုအဖိုးတန်တယ်”

ရွှီစန်းကွမ်း မေးတယ်။

“ဘယ်ဟာက သွေးထဲက အား၊ ဘယ်ဟာက အသားထဲက အားလဲ”

အားဖန်း ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ခုတင်ပေါ် တက်အိပ်တာတို့၊ ပန်းကန်လုံး ကိုင်ပြီး ထမင်းစားတာတို့၊ အားဖန်း ဆိုတဲ့ ငါ့အိမ်ကနေ ကင်းလုန်း ဆိုတဲ့ ဒီကောင့် အိမ်ဆီကို လမ်းလျှောက်သွားတာတို့က အားစိုက်စရာ မလိုဘူး၊ အဲဒါတွေက အသားထဲက အားတွေပဲ၊ မင်း လယ်ထဲဆင်းပြီး အလုပ်လုပ်တာတို့၊ မြို့ကို အချိန် ငါးဆယ်လောက်ရှိတဲ့ အထမ်းကြီး ထမ်းသွားတာတို့ စတဲ့ အားစိုက်ရတဲ့ အလုပ်မျိုးတွေမှာကျတော့ သွေးထဲက အားကို သုံးရတာ"

ရွှီစန်းကွမ်း ခေါင်းတညိတ်ညိတ် ပြောတယ်။

"ကျွန်တော် သဘောပေါက်ပြီ၊ အားဆိုတဲ့ အရာက အိတ်ကပ်ထဲက ပိုက်ဆံလိုပဲ၊ အရင်သုံးပြီးမှ ပြန်ရှာရတာ"

အားဖန်းက ခေါင်းတညိတ်ညိတ်နဲ့ ကင်းလုန်းဘက် လှည့်ပြောတယ်။

"မြို့သားတွေက ဉာဏ်ကိုကောင်းတာ"

ရွှီစန်းကွမ်းက မေးပြန်တယ်။

"ခင်ဗျားတို့က နေ့တိုင်း လယ်ထဲဆင်းပြီး အလုပ်လုပ်ရတာတောင် ဆေးရုံမှာ သွားရောင်းဖို့ အားပိုအားလျှံတွေ ရှိသေးတယ်နော်၊ ခင်ဗျားတို့က ကျွန်တော့်ထက် အားအများကြီး ပိုရှိတယ်"

ကင်းလုန်း ပြောတယ်။

"ဒီလိုလည်း ပြောလို့ မရဘူး၊ ကျုပ်တို့က ခင်ဗျားတို့ မြို့သားတွေထက် အားပိုသုံးရတယ်၊ ကျုပ်တို့က မိန်းမယူဖို့အတွက်၊ အိမ်ဆောက်ဖို့အတွက် သွေးရောင်းလို့ရတဲ့ ပိုက်ဆံကိုပဲ အားကိုးရတာ၊ လယ်ထဲ ဆင်းပြီး အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံက ကျုပ်တို့ကို ထမင်းမငတ်ရုံ တစ်မည်ပဲ တတ်နိုင်တာလေ"

အားဖန်း ပြောတယ်။

"ကင်းလုန်း ပြောတာ မှန်တယ်၊ ငါ အခု သွေးရောင်းတာ အိမ်ဆောက်ဖို့အတွက်ပဲ၊ နောက်နှစ်ခေါက်လောက် ရောင်းပြီးလို့ရှိရင် အိမ်ဆောက်ဖို့အတွက် နိုင်ပြီ၊ ကင်းလုန်း သွေးရောင်းတာကတော့ တို့ရွာက ကွေ့ဟွားကို လိုချင်လို့ပဲ၊ အစက ကွေ့ဟွားက တခြားလူနဲ့ စေ့စပ်ထားတာ၊ အခု စေ့စပ်ထားတာ ဖျက်လိုက်တော့ ကင်းလုန်းလည်း သူ့ကို မျက်စိကျလာတယ်လေ"

ရွှီစန်းကွမ်း ပြောတယ်။

"အဲဒီကွေ့ဟွားဆိုတဲ့ တစ်ယောက်ကို ကျွန်တော် မြင်ဖူးတယ်၊ သူ့ဖင်က အကြီးကြီးပဲ၊ ကင်းလုန်း၊ မင်းက ဖင်ကြီးတာ ကြိုက်တယ်လား"

ကင်းလုန်း တဟဲဟဲ ရယ်တယ်။ အားဖန်း ပြောတယ်။

"ဖင်ကြီးတဲ့ မိန်းမက အောက်ပိုင်းခိုင်တယ်၊ ခုတင်ပေါ် အိပ်တဲ့အခါ သင်္ဘောတစ်စင်းလိုပဲ၊ တအိအိနဲ့ ငြိမ့်နေတာ"

mgyoe.com

mgyoe.com SAMPLE BOOK

ရွှီစန်းကွမ်းလည်း တဟဲဟဲ ရယ်တယ်။ အားဖန်းက သူ့ကို မေးတယ်။

"ရွှီစန်းကွမ်း၊ မင်းကော သွေးရောင်းလို့ရတဲ့ ပိုက်ဆံကို ဘယ်လို သုံးမလဲ စဉ်းစားပြီးပြီလား"

"ဘယ်လို သုံးရင် ကောင်းမလဲ မသိသေးဘူး"

ရွှီစန်းကွမ်း ပြောတယ်။

"ကျွန်တော်လည်း ဒီနေ့မှ ချွေးနဲ့သွေးနဲ့ ရှာတဲ့ ပိုက်ဆံဆိုတာ ဘာမှန်း သိလိုက်ရတယ်၊ ကျွန်တော် စက်ရုံမှာ အလုပ်လုပ်လို့ရတာက ချွေးနဲ့စာ၊ ဒီနေ့ ရတဲ့ဟာက သွေးနဲ့စာ၊ ဒီ သွေးနဲ့စာကို ကပြက်ကချော် လျှောက်သုံးပစ်လို့ မဖြစ်ဘူး၊ အရေးကြီးတဲ့ နေရာတွေမှာ သုံးရမယ်"

အဲဒီအချိန်မှာ ကင်းလုန်းက မေးတယ်။

"ခင်ဗျားတို့ သွေးခေါင်းလီ ဘောင်းဘီထဲက ကြောင်ကြောင်ကျားကျား တွေကို မြင်လိုက်သလားဗျ"

အားဖန်း တဟဲဟဲ ရယ်တယ်။ ကင်းလုန်း ဆက်ပြောတယ်။

"ဟို ဘာယိန်းဆိုလား ကောင်မရဲ့ ဘောင်းဘီတိုများ ဖြစ်နေမလား"

"မေးနေဖို့ လိုသေးလားကွာ၊ နှစ်ယောက်သား အိပ်ပြီးတော့ ဘောင်းဘီ အစွပ်မှားသွားတာ နေမှာပေါ့ကွ"

အားဖန်း ပြောတယ်။

"ကျုပ်တော့ သွားကြည့်ချင်မိတယ်"

ကင်းလုန်း ပြုံးဖြဲဖြဲ ပြောတယ်။

"ဟိုကောင်မကော သွေးခေါင်းလီရဲ့ ဘောင်းဘီတိုကို စွပ်ထားလေမလား ဆိုတာကိုလေ"

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - နှစ်

ရွှီစန်းကွမ်း ဖရဲခင်းထဲမှာ ဖရဲသီး စားနေတယ်။ ဖရဲခင်းပိုင်ရှင် သူ့ဘထွေးက မတ်တတ်ထပြီး ကိုယ့်ဖင်ကိုယ် လက်အစုံနဲ့ ပုတ်ခါလိုက်လို့ ဖင်မှာ ကပ်နေတဲ့ ဖုန်မှုန့်တွေ ရွှီစန်းကွမ်းရဲ့ ခေါင်းပတ်ချာလည်မှာ တဝေ့ဝဲဝဲ ဖြစ်လာသလို ဖရဲသီးပေါ်ကိုလည်း ကျလာတယ်။ ရွှီစန်းကွမ်းက ဖုန်မှုန့်တွေကို မှုတ်ထုတ်ပြီး အနီရောင် ဖရဲသားနုနုကို ဆက်စားတယ်။ ဖင်က ဖုန်တွေကို ခါပြီးတဲ့နောက် သူ့ဘထွေးက ကန်သင်းပေါ်မှာ တစ်ဖန် ပြန်ထိုင်တယ်။ ရွှီစန်းကွမ်းက သူ့ကို မေးတယ်။

"ဟိုဘက်က ဝါဝင်းဝင်းဟာတွေက ဘာသီးလဲဟင်"

သူတို့ရှေ့မှာက နွယ်ရွက်တွေ မပွင့်တပွင့် ဖုံးနေတဲ့ ဖရဲခင်းရဲ့ရှေ့မှာက ဝါးလုံးတွေနဲ့ ထိုးထားတဲ့ သခွားစင်တစ်ခု။ စင်မှာ တွဲလောင်းချိတ်နေတဲ့ ဝိုင်းဝိုင်းစက်စက် ရွှေဝါရောင် သခွားတွေဟာ တစ်လုံးတစ်လုံးကို လက်ဖဝါးအရွယ်လောက် ရှိတယ်။ အခြားတစ်ဖက်က စင်မှာတော့ စိမ်းစိုစိုနဲ့ နည်းနည်းရှည်မယ့်ပုံပေါက်တဲ့ သခွားတွေ။ သူတို့အားလုံး နေရောင်အောက်မှာ အရောင်တလဲ့လဲ့ ဖြစ်နေကြတယ်။ လေတိုက်လိုက်တဲ့အခါ သခွားနွယ်တွေနဲ့ သခွားရွက်တွေက အရင်ဦးဆုံး လှုပ်ယမ်းလာကြပြီး နွယ်မှာ တွဲလောင်းကျနေတဲ့ သခွားတွေလည်း လိုက်ပြီး လှုပ်ယမ်းလာကြတယ်။

ရွှီစန်းကွမ်းရဲ့ ဘထွေးက လက်မောင်းပိန်ပိန်ကို မြှောက်လိုက်တယ်။ ပိန်လွန်းလို့ အဲဒီလက်မောင်းပေါ်က အရေပြားတောင် တွန့်နေပြီ။ ဘထွေးရဲ့ လက်ချောင်းက ညွှန်လိုက်တယ်။

"မင်းက ဝါဝင်းဝင်းဟာတွေကို မေးတာလား၊ အဲဒါ ရွှေသခွားပဲ၊ သူ့ဘေးက ဟိုစိမ်းစိုစိုဟာတွေက အဘွားကြီးသခွား..."

mgyoe.com

mgyoe.com SAMPLE BOOK

ရှိစန်းကွမ်း ပြောတယ်။

"ကျွန်တော် ဖရဲသီး မစားတော့ဘူး လေးလေး၊ ကျွန်တော် စားတာ နှစ်လုံး ရှိရောပေါ့"

သူ့ဘထွေး ပြောတယ်။

"နှစ်လုံး မရှိပါဘူး၊ ငါ တစ်ခြမ်း စားပါတယ်"

"ရွှေသခွားကို ကျွန်တော် သိတယ်၊ အသားက တော်တော့်ကို မွှေးတာ၊ သိပ်မချိုတာ တစ်ခုပဲ၊ အထဲက အစေ့ကတော့ ချိုသဗျ၊ မြို့ကလူတွေက ရွှေသခွား စားလို့ရှိရင် အစေ့တွေ ထွေးပစ်တယ်၊ ကျွန်တော်ကတော့ ဘယ်တော့မှ ထွေးမပစ်ဘူး၊ မြေကြီးက ပေါက်တဲ့ စားလို့ရတာမှန်သမျှ အားလုံး အာဟာရရှိတာချည်းပဲလေ၊ အဘွားကြီး သခွားလည်း ကျွန်တော် စားဖူးတယ်၊ အဲဒီအသီးက ချိုလည်း မချို၊ ကြွပ်လည်း မကြွပ်ဘူး၊ စားလိုက်ရင် ပါးစပ်ထဲမှာ စေးကပ်ကပ်နဲ့၊ အဲဒီအသီးမျိုးက သွား ရှိရှိ မရှိရှိ စားလို့ရတယ်... လေးလေးရေ၊ ကျွန်တော် စားနိုင်သေးတယ် ထင်တယ်၊ ကျွန်တော် ရွှေသခွား နှစ်လုံးနဲ့ အဘွားကြီးသခွား တစ်လုံး ထပ်စားမယ်..."

ရှိစန်းကွမ်းဟာ သူ့ဘထွေးရဲ့ ဖရဲခင်းထဲမှာ ထိုင်မိပြီဆိုရင် တစ်နေကုန် တယ်။ ညနေစောင်းတဲ့အခါ ရှိစန်းကွမ်း မတ်တတ်ထလာတယ်။ ညနေစောင်းရဲ့ အလင်းရောင် ဟပ်လို့ သူ့မျက်နှာတစ်ခုလုံး ဝက်အသည်းလို နီရဲတွတ်နေတယ်။ သူက အဝေးက လယ်တောအိမ်ခေါင်မိုးကနေ တက်လာနေတဲ့ မီးခိုးငွေ့တွေကို တစ်ချက် ကြည့်တယ်။ ဖင်မှာ ကပ်နေတဲ့ ဖုန်မှုန့်တွေကို တစ်ချက် ခါတယ်။ ပြီးတဲ့ နောက်မှာ ဖောင်းကားနေတဲ့ ဗိုက်ကို လက်အစုံနဲ့ ပွတ်တယ်။ အဲဒီထဲမှာ ဖရဲသီးတွေ၊ ရွှေသခွားတွေ၊ အဘွားကြီး သခွားတွေ၊ နောက်ပြီး သခွားသီးတွေ၊ မက်မွန်သီးတွေနဲ့ ပြည့်နေတာ။ ရှိစန်းကွမ်းက ဗိုက်ပွတ်ရင်း သူ့ဘထွေးကို ပြောလိုက်တယ်။

"ကျွန်တော် မင်္ဂလာသွားဆောင်တော့မယ်"

ပြီးတဲ့နောက်မှာ သူက ဟိုဘက်လှည့်ပြီး ဘထွေးရဲ့ ဖရဲခင်းကို သေးပန်း လိုက်တယ်။

"လေးလေးရေ၊ ကျွန်တော် မိန်းမတစ်ယောက် ရှာပြီး မင်္ဂလာဆောင်တော့ မယ်၊ လေးလေးရေ၊ ဒီရက်တွေမှာ ကျွန်တော် စဉ်းစားနေတာ၊ ဒီသွေးရောင်းလို့ ရလာတဲ့ ပိုက်ဆံတွေကို ဘယ်လို သုံးရမလဲပေါ့၊ ကျွန်တော်က အဘိုးကိုလည်း နည်းနည်းပေးချင်တယ်၊ ဒါပေမဲ့ အဘိုးက အသက်ကြီးနေပြီ၊ အဘိုးက အသက် ကြီးလွန်းလို့ ပိုက်ဆံတောင် သုံးတတ်တော့တာ မဟုတ်ဘူး၊ လေးလေးကိုလည်း နည်းနည်း ပေးချင်ပါတယ်၊ အဖေ့ညီအစ်ကိုတွေထဲမှာ လေးလေးက ကျွန်တော့် အပေါ် အကောင်းဆုံးလေ၊ ဒါပေမဲ့ လေးလေးရေ၊ ကျွန်တော် ဒီပိုက်ဆံတွေ လေးလေး ကိုလည်း မပေးရက်ဘူးဗျ၊ ဒီပိုက်ဆံက ကျွန်တော် သွေးရောင်းပြီး ရလာခဲ့တာ၊ ခွန်အား

mgyoe.com

mgyoe.com SAMPLE BOOK
ရောင်းပြီး ရလာခဲ့တာ မဟုတ်လား၊ ကျွန်တော် မပေးရက်ဘူးဗျာ၊ လေးလေးရေ၊ ကျွန်တော် ခုန မတ်တတ်ထလိုက်တဲ့ အချိန်မှာပဲ မိန်းမယူဖို့ ရုတ်တရက် စိတ်ကူးပေါ်လာတာဗျ၊ လေးလေးရေ၊ ကျွန်တော် သွေးရောင်းပြီး ရလာတဲ့ ပိုက်ဆံကို နေရာမှန်မှာ သုံးနိုင်ပြီပေ့ါဗျာ... လေးလေးရေ၊ ကျွန်တော်က အသီးတွေ တဝတပြဲ စားထားတာလေ၊ ဘယ့်နှယ်ကြောင့် အရက်တစ်လုံး သောက်ထားသလို ဖြစ်နေတာလဲဗျ၊ လေးလေးရေ၊ ကျွန်တော့်မျက်နှာတွေ၊ လည်ပင်းတွေ၊ ခြေဖဝါးတွေ၊ လက်ဖဝါးတွေမှာ ရှိန်းခနဲ ဖိန်းခနဲ ပူတက်လာနေတယ်ဗျ"

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - သုံး

ရွှီစန်းကွမ်းရဲ့ အလုပ်က ဖွေးဥဥ ပိုးအိမ်တွေ အပြည့်တင်ဆောင်ထားတဲ့ လက်တွန်း လှည်းကလေးကို တွန်းပြီး ခေါင်မိုးအကြီးကြီးတစ်ခု အောက်မှာ လမ်းလျှောက်ရတဲ့ အလုပ်ပဲ။ သူက မိန်းမပျိုတစ်သိုက်နဲ့ တစ်နေကုန် တဟီးဟီး တဟားဟား။ တအုန်းအုန်း စက်ခုတ်သံက သူနဲ့ သူတို့အကြားမှာ မြည်လို့နေတယ်။ သူတို့ လက်တွေက မကြာ မကြာ ဆိုသလို သူ့ခေါင်းကို လှမ်းပုတ်လိုက်၊ ရင်ဘတ်ကို တွန်းလိုက် လုပ်တတ် ကြတယ်။ သူတို့အထဲကနေ ကိုယ့်မိန်းမအဖြစ် ရွေးရမယ် ဆိုရင်၊ ဆောင်းတွင်း နှင်းကျတဲ့အခါ သူနဲ့အတူ စောင်ခြုံထဲမှာ စိတ်တူကိုယ်တူ ကျစ်ကျစ်ပါအောင် ထွေးပွေ့ ထားနိုင်မယ့် မိန်းမကို ရွေးရမယ်ဆိုရင် သူကတော့ လင်းဖဲန်းဖန်းကိုပဲ ရွေးမိမှာ။

လင်းဖဲန်းဖန်းရဲ့ ကျစ်ဆံမြီးက ခါးအထိ ရှည်တယ်။ ပြုံးတဲ့အခါ သွားကလေး တွေက ဖြူဖွေးညီညာလို့။ ပါးချိုင့်ကလေးလည်း ရှိသေးရဲ့။ သူ့ရဲ့ ပြုံးကျယ်တဲ့ မျက်ဝန်းအစုံနဲ့သာ တစ်သက်လုံး အကြည့်ခံရမယ်ဆိုရင် တစ်သက်လုံး သာယာနေ မှာပဲလို့ ရွှီစန်းကွမ်း စိတ်ထဲ အောက်မေ့မိတယ်။

လင်းဖဲန်းဖန်းကလည်း သူ့ခေါင်းကို မကြာခဏ လှမ်းပုတ်တတ်တယ်။ ရင်ဘတ်ကိုလည်း တွန်းတတ်တယ်။ တစ်ကြိမ်မှာဆို သူ့လက်ဖမိုးသားကိုတောင် ခိုးဆိတ်လိုက်သေးတယ်။ အဲဒီတစ်ကြိမ်တုန်းက ရွှီစန်းကွမ်းလည်း အကောင်းဆုံး ပိုးအိမ်ကို သူ့ဆီ ယူလာပေးခဲ့မိတယ်။ အဲဒီကစလို့ သူ့ဆီကို မကောင်းတဲ့ ပိုးအိမ်တွေ ယူလာပေးဖို့ မဖြစ်နိုင်တော့ဘဲ ဖြစ်လာခဲ့တယ်။

နောက် မိန်းမပျိုတစ်ယောက်လည်း ချောတာပဲ။ သူက မုန့်ပဲသရေစာ ဆိုင်တစ်ဆိုင်က ဝန်ထမ်း။ မနက် မနက်ဆိုရင် သူက မိုးပြဒယ်အိုးကြီးတစ်လုံး နားမှာ ရပ်ပြီး အီကြာကွေး ကြော်တယ်။ မထင်ရင် မထင်သလို အာယာ၊ အာယာနဲ့

mgyoe.com

mgyoe.com SAMPLE BOOK
ထထအော်တတ်တယ်။ သူ့လက်ပေါ် ဆီပူစဉ်တဲ့အခါ၊ သူ့အဝတ်မှာ တစ်နေရာကလေး ညစ်ပေနေတာ တွေ့ရတဲ့အခါ၊ လမ်းလျှောက်ရင်း မတော်တဆ ခြေချော်တဲ့အခါ၊ ဒါမှမဟုတ် မိုးရွာတာ မြင်ရတဲ့အခါ၊ မိုးခြိမ်းသံ ကြားရတဲ့အခါ သူက–

"အာယာ..."

လို့ အကျယ်ကြီး ထအော်တတ်တယ်။

အဲဒီမိန်းမပျို့ရဲ့ နာမည်က ရှိယ်ပွိလန်း။ သူ့အလုပ်က မနက်ချိန်ခါ ကုန်ဆုံးတာနဲ့ ပြီးဆုံးသွားပြီ။ အဲဒီနောက်မှာ တစ်နေကုန် တစ်နေခန်း လမ်းပေါ်မှာ လတ်လျားလတ်လျား လျှောက်သွားနေတတ်တယ်။ သူက အမြဲလိုလို ကွာစိကိုက်ရင်း လမ်းလျှောက်တယ်။ လမ်းမှာ ရပ်ပြီး လမ်းရဲ့ တစ်ဖက်ကမ်းက အသိတစ်ယောက်နဲ့ စကား အကျယ်ကြီး လှမ်းပြောတတ်တယ်။ အကျယ်ကြီးလည်း ရယ်တတ်တယ်။ တစ်ချိန်တည်းမှာ 'အာယာ' ဆိုတဲ့ လန့်အော်သံလည်း ထွက်ထွက်လာတတ်တယ်။ တစ်ခါတလေ သူ့နှုတ်ခမ်းပေါ်မှာ ကွာစေ့ခွံ ကပ်နေတတ်သေးတယ်။ သူ ပါးစပ်ဟပြီး စကားပြောတဲ့အခါ သူ့အနား ဖြတ်လျှောက်သွားတဲ့ လူတွေ သူ့ပါးစပ်ထဲက ထွက်လာတဲ့ အပင်ရဲ့မွှေးရနံ့ကို ကံကောင်းစွာ ရှူမိနိုင်တယ်။

သူက လမ်း သုံး လေးဘလောက်လောက် လျှောက်ပြီးတိုင်း ကိုယ့်အိမ်ရှေ့ကိုယ် ပြန်ရောက်သွားတတ်တယ်။ အဲဒါနဲ့ သူက အိမ်ထဲ ဝင်တယ်။ ဆယ်မိနစ်ကျော်လောက် ကြာပြီးလို့ ပြန်ထွက်လာတဲ့အခါ သူက အဝတ်အစား နောက်တစ်စုံ လဲပြီးဖြစ်နေပြီ။ သူက လမ်းပေါ်မှာ လမ်းဆက်လျှောက်တယ်။ သူက တစ်နေ့ကို အဝတ်သုံးစုံ လဲတယ်။ တကယ်တော့ သူ့မှာ အဝတ်သုံးစုံပဲ ရှိတာပါ။ ဖိနပ်လည်း လေးခါလဲတယ်။ ဖိနပ်ကလည်း သူ့မှာ လေးရန်ပဲ ရှိတယ်လေ။ အသစ်အဆန်းတွေ တကယ်ပဲလဲစရာ မရှိတော့တဲ့အခါ သူက လည်ပင်းမှာ ပိုးပဝါတစ်စ စည်းပစ်လိုက် တယ်။

သူ့မှာ တခြားလူတွေထက် အဝတ်အစား ပိုရှိတာ မဟုတ်ပေမယ့် တခြားလူတွေကတော့ သူ့ကို ဒီမြို့မှာ အဝတ်အစား အများဆုံး ပိုင်ဆိုင်တဲ့ ခေတ်မီပျိုမေတစ်ယောက်လို့ ထင်မှတ်ကြတယ်။ လမ်းပေါ်မှာ လမ်းထွက်လျှောက်တဲ့အတွက် သူ့အလှတရားဟာလည်း ဒီမြို့မှာ ဖြတ်သန်းစီးဆင်းနေတဲ့ မြစ်လိုပဲ ရပ်သိရွာသိဖြစ်လာခဲ့တယ်။ ဒီကလူတွေအားလုံးက သူ့ကို အီကြာဒေဝီလို့ ခေါ်ကြတယ်။

"ဟိုမှာ အီကြာဒေဝီ လာနေပြီဟေ့"

"အီကြာဒေဝီ အထည်ဆိုင်ထဲ ဝင်သွားပြီ၊ သူက နေ့တိုင်း အထည်ဆိုင်မှာ အထည်ဆန်းတွေ ဝင်ဝယ်နေကျ"

"မဟုတ်ဘူး၊ အီကြာဒေဝီက အထည်ဆိုင်မှာ ကြည့်ပဲ ကြည့်တာ၊ မဝယ်ဘူး"

"အီကြာဒေဝီ မျက်နှာက မွှေးကြိုင်နေတာပဲ"

"အီကြာဒေဝီရဲ့လက်က မလှဘူး၊ သူ့လက်က တိုတယ်၊ လက်ချောင်းတွေကလည်း တုတ်တုတ်ကြီး"
mgyoe.com

mgyoe.com
SAMPLE BOOK

"အီကြာဒေဝီ ဆိုတာ သူလား"

အီကြာဒေဝီ ခေါ် ရှီယွိလန်းဟာ တစ်ကြိမ်မှာ ဟိုရှောင်ယုံလို့ ခေါ်တဲ့ လူငယ်တစ်ယောက်နဲ့ လမ်းနှစ်ဘလောက် အတူတွဲလျှောက်ခဲ့တယ်။ နှစ်ယောက်သား စကားတပြောပြောနဲ့ ပြုံးလို့ ရွှင်လို့။ အဲဒီနောက် သစ်သားတံတားတစ်စင်းပေါ်မှာ နှစ်ယောက်သား အကြာကြီး ရပ်နေခဲ့တယ်။ အနောက်အရပ်ကို နေဝင်သွားတဲ့အချိန်က စလို့ ညအမှောင် ကျရောက်လာတဲ့အထိ ရပ်နေခဲ့ကြတာ။ အဲဒီတုန်းက ဟိုရှောင်ယုံက သန့်ပြန့်တဲ့ ရှပ်အင်္ကျီဖြူကို ဝတ်ဆင်ထားတယ်။ အင်္ကျီလက်ကို လက်ကောက်ဝတ်နားမှာ ခေါက်တင်ထားတယ်။ သူက ပြုံးပြုံးလေး စကားပြောနေချိန်မှာ ရှီယွိလန်းရဲ့ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားတယ်။ သူ့ရဲ့ အဲဒီအမူအရာကို ရှီယွိလန်း တော်တော်ကြွေခဲ့တယ်။ သူ့ကို မော့ကြည့်နေတဲ့ မိန်းမချောလေးရဲ့ မျက်ဝန်းအစုံမှာ အရောင် တပြက်ပြက် လက်နေခဲ့တယ်။

အဲဒီနောက်ပိုင်း ရှီယွိလန်းတို့ အိမ်ရှေ့နားက ဟိုရှောင်ယုံ ဖြတ်သွားတာကို တွေ့လိုက်ရတဲ့လူ ရှိတယ်။ အဲဒီအချိန်မှာ ရှီယွိလန်းကလည်း အိမ်ထဲက ထွက်အလာ၊ ဟိုရှောင်ယုံကို မြင်တော့ 'အာယာ' လို့ တစ်ချက် လန့်အော်မိသေးတယ်။ လန့်အော်ပြီးတာနဲ့ ရှီယွိလန်းက ရယ်ကျဲကျဲနဲ့-

"အိမ်ထဲ ဝင်ထိုင်ပါဦးလား"

လို့ ပြောတယ်။

ဟိုရှောင်ယုံ ရှီယွိလန်းတို့ အိမ်ထဲ ဝင်သွားတယ်။ ရှီယွိလန်း အဖေက စားပွဲခုံ မှာ အရက်ဝါ ထိုင်သောက်နေတာ။ သမီးနောက်က သူစိမ်းယောကျ်ားလေးတစ်ယောက် ပါလာတာကို မြင်တော့ သူလည်း ဖင်တစ်ချက်ကြွပြီး-

"တစ်ခွက်လောက် သောက်ပါဦးလား"

လို့ လောကွတ်ပြုလိုက်တယ်။

အဲဒီနောက်ပိုင်း ဟိုရှောင်ယုံဟာ ရှီယွိလန်းတို့အိမ်မှာ အမြဲလာထိုင်ပြီး သူ့အဖေနဲ့အတူ နှစ်ယောက်သား အရက်ဝါ သောက်ရင်း၊ စကားတိုးတိုးပြောရင်း ရှိနေခဲ့တယ်။ ရယ်တဲ့အခါမှာလည်း တိုးတိုးတိတ်တိတ် ခိုးရယ်ကြတာ။ အဲဒါနဲ့ ရှီယွိလန်းက သူတို့အနားကို ရောက်လာပြီး-

"ဘာပြောနေကြတာလဲ၊ ဘာရယ်နေကြတာလဲ"

လို့ အကျယ်ကြီး အော်မေးတော့တယ်။

အဲဒီနေ့မှာပဲ ရှီစန်းကွမ်းက ရွာကနေ မြို့ကို ပြန်ရောက်လာခဲ့တာ။ မြို့ရောက်တော့ မိုးချုပ်နေပြီ။ အဲဒီခေတ်တုန်းက မြို့ထဲ လမ်းတွေမှာ လမ်းမီးတိုင်တွေ မရှိသေးဘူး။ ဈေးဆိုင်တွေရဲ့ တံစက်မြိတ်အောက်မှာ မီးပုံးတချို့ ချိတ်ဆွဲထားကြတာလောက်ပဲ ရှိတယ်။ အဲဒီအလင်းရောင်နဲ့ပဲ ကျောက်ပြားတွေ ခင်းထားတဲ့ လမ်းမကြီးဟာ

mgyoe.com

mgyoe.com SAMPLE BOOK

ကြိုးကြားကြိုးကြား လင်းနေခဲ့တာ။ ရွှီစန်းကွမ်းဟာ မှောင်တစ်ချီ လင်းတစ်လှည့်နဲ့ အိမ်ရှိရာဆီ လမ်းလျှောက်လာခဲ့တယ်။ ဇာတ်ရုံရှေ့ကို ရောက်တော့ သူ ရှီယွိလန်းကို တွေ့လိုက်ရတယ်။ အီကြာဒေဝီက ဇာတ်ရုံ အပေါက်ဝက မီးပုံး နှစ်လုံးကြားမှာ ကိုယ်တစောင်းရပ်ရင်း ကွာစေ့ကိုက်နေတာ။ မီးပုံးအလင်းရောင် အောက်မှာ သူ့မျက်နှာလေးဟာ နီရဲတွတ်လို့ နေတယ်။

ရွှီစန်းကွမ်း အဲဒီရှေ့က ဖြတ်လျှောက်သွားပြီးမှ တစ်ဖန် လှည့်ပြန်လာပြီး လမ်းရဲ့ တစ်ဖက်ကမ်းကနေ ရှီယွိလန်းကို ပြုံးဖြဲဖြဲ ရပ်ကြည့်နေခဲ့တယ်။ အဲဒီ အပျိုချောလေး နှုတ်ခမ်းကလေးကို ဘယ်လိုစူပြီး ကွာစေ့ခွံကို ဘယ်လို ထွေးထုတ်လိုက်တယ် ဆိုတာကို ရပ်ကြည့်နေခဲ့တယ်။ ရှီယွိလန်းလည်း ရွှီစန်းကွမ်းကို တွေ့သွားတယ်။ သူက အရင်ဦးဆုံး ရွှီစန်းကွမ်းကို မျက်စောင်းတစ်ချက် ပစ်တယ်။ ဆက်ပြီးတော့ ဖြတ်လျှောက်လာတဲ့ တခြားယောကျ်ား နှစ်ယောက်ကို ကြည့်တယ်။ ကြည့်ပြီးတော့ ရွှီစန်းကွမ်းကို မျက်စောင်းတစ်ချက် ထပ်ပစ်၊ ဇာတ်ရုံထဲကို လည်ပြန်လှည့်ကြည့်တယ်။ အထဲမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် စာဟောနေတယ်။ သူ ဒီဘက်ကို ပြန်လှည့်လာချိန်မှာ ရွှီစန်းကွမ်းက နေရာမှာ ရပ်နေတုန်းပဲ။

"အာယာ"

ရှီယွိလန်း ထအော်ပြီ။ ရွှီစန်းကွမ်းကိုလည်း လက်ညှိုးထိုးပြီး–

"နင် ငါ့ကို ဘာလို့ ဒီလို စိုက်ကြည့်နေရတာလဲ၊ ရုပ်ကလည်း စပ်ဖြဲဖြဲနဲ့"

လို့ ပြောလိုက်တယ်။

ရွှီစန်းကွမ်း လမ်းကူးလာခဲ့ပြီး မီးပုံးအလင်းရောင်အောက်မှာ နီရဲတွတ်နေတဲ့ မိန်းမပျိုရှေ့ကို ရောက်လာတယ်။

"ငါ နင့်ကို ရှောင်လုံးပေါင်းတစ်ပွဲ လိုက်ကျွေးချင်တယ်"

"ငါမှ နင့်ကို မသိတာ"

ရှီယွိလန်း ပြောတယ်။

"ငါက ရွှီစန်းကွမ်း၊ ပိုးချည်စက်ရုံက အလုပ်သမား"

"ငါ နင့်ကို မသိဘူးပဲ"

"ငါ နင့်ကို သိတယ်"

ရွှီစန်းကွမ်း ပြုံးပြီး ပြောတယ်။

"နင်က အီကြာဒေဝီ"

ဒီစကားကို ကြားတော့ ရှီယွိလန်း တခိခိ ရယ်လာတယ်။

"နင်လည်း သိတယ်လား"

"နင့်ကို မသိတဲ့လူ မရှိဘူး... လာ၊ ငါ နင့်ကို ရှောင်လုံးပေါင်း လိုက်ကျွေးမယ်"

"ဒီနေ့တော့ ငါ ဗိုက်ပြည့်နေပြီ"

mgyoe.com

mgyoe.com SAMPLE BOOK

ရှိုယွိလန်း ပြုံးစစနဲ့ ပြောတယ်။

"နင် ငါ့ကို မနက်ဖြန်မှ လိုက်ကျွေးပေါ့"

နောက်တစ်နေ့ မွန်းလွဲပိုင်းမှာ ရှိစန်းကွမ်းက ရှိုယွိလန်းကို ရှိန်လီ စားသောက်ဆိုင် ခေါ်လာပြီး ပြတင်းပေါက်နားက ဝိုင်းမှာ ဝင်ထိုင်ကြတယ်။ အဲဒါ သူ အားဖန်းတို့၊ ကင်းလုန်းတို့နဲ့အတူ ဝက်အသည်းကြော်စား၊ အရက်ဝါ သောက်ခဲ့တဲ့ ဝိုင်းပဲ။ သူလည်း အားဖန်းတို့၊ ကင်းလုန်းတို့လို စားပွဲကို မာန်ပါပါနဲ့ ပုတ်ပြီး စားပွဲထိုးကို အသံကျယ်ကျယ် မှာလိုက်တယ်။

"ရှောင်လုံးပေါင်း တစ်ပေါင်းဟေ့"

သူက ရှိုယွိလန်းကို ရှောင်လုံးပေါင်း တစ်ပေါင်း ကျွေးတယ်။ ရှောင်လုံးပေါင်း စားပြီးတော့ ရှိုယွိလန်းက ဖက်ထုပ်ပြုတ်တစ်ပွဲ စားနိုင်သေးတယ် ပြောလို့၊ ရှိစန်းကွမ်းလည်း စားပွဲကို ထပ်ပုတ်လိုက်တယ်။

"ဖက်ထုပ်ပြုတ် တစ်ပွဲဟေ့"

အဲဒီနေ့ နေ့ခင်းက ရှိုယွိလန်းဟာ ပြုံးစစနဲ့ ဆားငန်သီးလည်း စားသေးတယ်။ ဆားငန်သီး စားပြီးတော့ ပါးစပ်ထဲမှာ ငန်တယ်ဆိုပြီး သကြားလုံး ထပ်စားလိုက်သေးတယ်။ သကြားလုံး စားပြီးတော့ ရေငတ်တယ် ဆိုလို့ ရှိစန်းကွမ်းက သူ့ကို ဖရဲသီးတစ်ခြမ်း ဝယ်ကျွေးလိုက်ရသေးတယ်။ သူနဲ့ ရှိစန်းကွမ်း ဟိုသစ်သားတံတားပေါ်မှာ ရပ်မိနေကြပြီ။ သူက ဖရဲသီးတစ်ခြမ်းကို ပြုံးစစနဲ့ ကုန်အောင် စားလိုက်တယ်။ ပြီးတဲ့နောက်မှ ပြုံးစစနဲ့ လေချဉ်တက်တယ်။ သူ တအစ်အစ်နဲ့ လေချဉ်တက်နေချိန်မှာပဲ ရှိစန်းကွမ်းက ဒီနေ့ တစ်နေ့လုံး ဘယ်လောက် သုံးလိုက်သလဲ ဆိုတာကို လက်ချိုးတွက်နေတယ်။

"ရှောင်လုံးပေါင်းက ယွမ် နှစ်ဆယ့်လေးပြား၊ ဖက်ထုပ်ပြုတ်က ယွမ် ကိုးပြား၊ ဆားငန်သီးက ယွမ်ဆယ်ပြား၊ သကြားလုံးက နှစ်ခါ ဝယ်တာ ဆိုတော့ စုစုပေါင်း ယွမ် နှစ်ဆယ့်သုံးပြား၊ ဖရဲသီးတစ်ခြမ်းက တစ်ပိဿာလောက် ရှိတော့ ယွမ်ဆယ့်ခုနစ်ပြား၊ အားလုံးစုစုပေါင်း ယွမ်ရှစ်ဆယ့်သုံးပြား... နင် ဘယ်တော့ ငါနဲ့ လက်ထပ်မှာလဲ"

"အာယာ"

ရှိုယွိလန်း လန့်ဖျပ်ထအော်တယ်။

"နင်က ဘာမို့လို့ ငါက နင်နဲ့ လက်ထပ်ရမှာတုံး"

"နင် ငါ့ဆီက ယွမ် ရှစ်ဆယ့်သုံးပြားတောင် သုံးလိုက်တယ်လေ"

"အဲဒါ နင့်ဘာသာ ငါ့ကို ဝယ်ကျွေးတာလေ"

ရှိုယွိလန်း လေချဉ်တက်ရင်း ပြောတယ်။

"ငါက အလကား စားရမယ် ထင်နေတာ၊ နင်ကျွေးတာ စားရင် နင်နဲ့ လက်ထပ်ရမယ်လို့လည်း နင် ကြိုပြောမထားပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK
"ငါနဲ့ လက်ထပ်လို့ နင် ဘာနစ်နာသွားမှာမို့လို့လဲ"

ရှိစန်းကွမ်း ပြောတယ်။

"နင် ငါနဲ့ လက်ထပ်ပြီးရင် ငါက နင့်ကို ချစ်မှာ၊ ယုယမှာ၊ မကြာမကြာလည်း နင့်ကို ယွမ်ရှစ်ဆယ့်သုံးပြားဖိုး လိုက်ကျွေးမှာဇလ"

"အာယာ"

ရှီယွိလန်း ထအော်တယ်။

"ငါသာ နင်နဲ့ လက်ထပ်ပြီးရင် ဒီလို ဘယ်စားတော့မှာလဲ၊ နင်နဲ့ လက်ထပ်ပြီးလို့ရှိရင် ကိုယ့်ပိုက်ဆံနဲ့ ကိုယ်စားတာ ဖြစ်သွားပြီလေ၊ မစားရက်ပါဘူးတော်၊ အစ ကသာ ဒီလိုမှန်း သိရင် ငါ မစားပါဘူး"

"နောင်တ ရမနေပါနဲ့ဟာ"

ရှိစန်းကွမ်းက သူ့ကို နှစ်သိမ့်တယ်။

"နင် ငါနဲ့ လက်ထပ်လိုက်ရင် ဖြစ်ပါပြီ"

"ငါ နင်နဲ့ လက်ထပ်လို့ မဖြစ်ဘူး၊ ငါ့မှာ ရည်းစားရှိတယ်၊ ငါ့အဖေလည်း သဘောတူမှာ မဟုတ်ဘူး၊ ငါ့အဖေက ဟိုရှောင်ယုံကို သဘောကျတာ"

အဲဒါနဲ့ ရှိစန်းကွမ်းလည်း အရက်ဝါတစ်ပုလင်း၊ ရှေ့တံခါးတံဆိပ် စီးကရက် တစ်တောင့် ဆွဲပြီး ရှီယွိလန်းတို့ အိမ်ကို ရောက်လာခဲ့တယ်။ သူက ရှီယွိလန်း အဖေ ရှေ့မှာ ဝင်ထိုင်ပြီး အရက်ဝါနဲ့ စီးကရက်ကို ထိုးပေးလိုက်တယ်။ ပြီးတာနဲ့ ကရား ရေလွှတ် တတွတ်တွတ် ပြောပါတော့တယ်။

"ကျွန်တော့်အဖေကို ဦးလေး သိမှာပေါ့၊ နာမည်ကျော် လက်သမားဆရာကြီး ဆရာရှို ဆိုတာ ကျွန်တော့်အဖေပဲ၊ ဖခင်ကြီး သက်ရှိထင်ရှား ရှိစဉ်တုန်းက ဆိုရင် မြို့က ကြေးရတတ်တွေအားလုံး သူ့ဆီမှာပဲ အလုပ်အပ်ကြတာလေ၊ သူ့လက်ရာ စားပွဲခုံတွေဆိုတာ ဘယ်သူမှ မယှဉ်နိုင်ဘူး၊ စားပွဲမျက်နှာပြင်ကို ပွတ်ကြည့်လို့ရှိရင် ပိုးသားကို ပွတ်နေရသလို တကယ့်ကို ချောမွတ်နေတာဗျ၊ ကျွန်တော့်အမေကိုလည်း ဦးလေး သိမှာပေါ့၊ ကျွန်တော့်အမေက ကျင်းဟွားလေ၊ ကျင်းဟွားကို ဦးလေး သိမှာ ပေါ့၊ မြို့အနောက်ပိုင်းမှာ အချောဆုံးပဲလေ၊ ဟိုတုန်းကဝေဘ့ သူ့ကို အနောက်ပိုင်း ဘုရင်မလို့ အားလုံးက ခေါ်ကြတယ်၊ ကျွန်တော့်အဖေ ဆုံးတော့ သူလည်း ကူမင်တန် တပ်ခွဲမှူးတစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုပြီး အဲဒီတပ်ခွဲမှူးနောက်ကို ပါသွား တယ်၊ ကျွန်တော့်အဖေမှာက ကျွန်တော် ဒီသားတစ်ယောက်ပဲ ရှိတာ၊ ကျွန်တော့် အမေနဲ့ ဟိုတပ်ခွဲမှူး ကလေး ထပ်မွေး၊ မမွေးတော့ ကျွန်တော်လည်း မသိတော့ဘူး၊ ကျွန်တော့်နာမည်က ရှိစန်းကွမ်း၊ ကျွန်တော့် ဘကြီးနှစ်ယောက်ရဲ့ သားနှစ်ယောက် စလုံးက ကျွန်တော့်ထက် ကြီးလို့၊ ကျွန်တော်တို့ ရှိဆွေမျိုးစုထဲမှာ ကျွန်တော်က သုံးယောက်မြောက် မြေးလေ၊ ဒါကြောင့်မို့ ကျွန်တော့်နာမည်ကို 'သုံး'လို့ အစိပ္ပါယ်
mgyoe.com

mgyoe.com
SAMPLE BOOK
ရတဲ့ 'စန်း' ထည့်ပြီး စန်းကွမ်းလို့ ခေါ်တာပေ့ါ၊ ကျွန်တော်က ပိုးချည်စက်ရုံ အလုပ်သမား၊ ကျွန်တော်က ဟိုရှောင်ယုံထက် နှစ်နှစ်ကြီးတယ်၊ လုပ်ငန်းခွင်ဝင်တာ သူ့ထက် သုံးနှစ် စောတယ်၊ ပိုက်ဆံလည်း သူ့ထက် ပိုရှိတယ်၊ သူ ရှီယွိလန်းနဲ့ လက်ထပ်မယ်ဆိုရင် ပိုက်ဆံတွေ နှစ်နဲ့ချီ စုရဦးမှာ၊ ကျွန်တော်က အိမ်ထောင်ပြုဖို့ ပိုက်ဆံတောင် ပြင်ဆင်ထားပြီးနေပြီ၊ အခုဟာက ရေကန်အသင့် ကြာအသင့်၊ ဦးလေး ခွင့်ပြုဖို့ပဲ လိုတော့တယ်"

ရှီစန်းကွမ်း ဆက်ပြောတယ်။

"ဦးလေးမှာက ရှီယွိလန်း ဆိုတဲ့ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ၊ ရှီယွိလန်းသာ ဟိုရှောင်ယုံနဲ့ ညားလို့ရှိရင် ဦးလေးတို့အမျိုးလည်း မျိုးဆက်ပြတ်ပြီလေ၊ မွေးလာတဲ့ ကလေးက ယောကျ်ားလေးပဲ ဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် နာမည်ရှေ့မှာ ဟိုပဲ တပ်ရမှာ၊ ကျွန်တော်နဲ့သာ ညားလို့ရှိရင်၊ ကျွန်တော်က နဂိုကတည်းကိုက ရှီအမျိုး ဆိုတော့ မွေးလာတဲ့ ကလေးက ယောကျ်ားလေးပဲ ဖြစ်ဖြစ်၊ မိန်းကလေးပဲ ဖြစ်ဖြစ် နာမည် ရှေ့မှာ ရှီပဲ တပ်ရမှာလေ၊ ဦးလေးတို့ ရှီအမျိုးလည်း မျိုးဆက်မပြတ်တော့ဘူးပေ့ါ၊ တကယ်တော့ ကျွန်တော် ရှီယွိလန်းနဲ့ လက်ထပ်တယ် ဆိုတာဟာ အိမ်ပါသမက် လုပ်တာနဲ့ အတူတူပါပဲဗျ"

နောက်ဆုံး စကားတစ်ခွန်းကို ကြားရပြီးတာနဲ့ ရှီယွိလန်းအဖေ တဟဲဟဲ ထရယ်တယ်။ သူက ရှီစန်းကွမ်းကို ကြည့်ရင်း၊ စားပွဲကို လက်ချောင်းထိပ်နဲ့ တဒေါက်ဒေါက် ခေါက်ရင်း ပြောတယ်။

"ဒီအရက်တစ်ပုလင်းနဲ့ ဆေးလိပ်တစ်တောင့်ကို ငါ လက်ခံယူလိုက်ပြီ၊ မင်း ပြောတာ မှန်တယ်၊ ငါ့သမီးသာ ဟိုရှောင်ယုံနဲ့ ညားလို့ကတော့ ငါတို့ ရှီအမျိုး မျိုးဆက်ပြတ်မှာ၊ မင်းနဲ့ ညားလို့ရှိရင် ငါတို့ ရှီမိသားစု နှစ်ခုစလုံးရဲ့ မျိုးဆက်လည်း ပြတ်မှာ မဟုတ်တော့ဘူး"

ဖခင်ရဲ့ ရွေးချယ်မှုကို သိရပြီးတဲ့နောက် ရှီယွိလန်းလည်း ခုတင်ပေါ်မှာ ထိုင်ရင်း မျက်ရည်ကျလာတယ်။ လက်ဖမိုးနဲ့ မျက်ရည်တွေကို တဟင့်ဟင့် သုတ်နေတဲ့ သူ့ကို သူ့အဖေနဲ့ ရှီစန်းကွမ်းက ဘေးကနေ ရပ်ကြည့်နေခဲ့တယ်။ သူ့အဖေက ရှီစန်းကွမ်းကို ပြောတယ်။

"တွေ့လား၊ မိန်းမဆိုတာ အဲဒါပဲ၊ ဝမ်းသာတဲ့အခါ သူတို့က မရယ်ဘဲ ငိုပဲ ငိုတာ"

ရှီစန်းကွမ်း ပြောတယ်။

"သူ့ကြည့်ရတာ ဝမ်းသာတဲ့ပုံ မပေါ်ဘူးနော်"

အဲဒီအချိန်မှာ ရှီယွိလန်း စကားပြောပြီ။

"ဟိုရှောင်ယုံကို သမီး ဘယ်လို သွားပြောရမလဲ"
mgyoe.com

mgyoe.com SAMPLE BOOK

သူ့အဖေ ပြောတယ်။

"ညည်း သူ့ကို ဒီလို သွားပြောလိုက်၊ ညည်း လက်ထပ်တော့မယ်လို့၊ သတို့သား နာမည်က ရွှီစန်းကွမ်း ဖြစ်တယ်၊ သတို့သား နာမည်က ဟိုရှောင်ယုံ မဟုတ်ဘူးလို့"

"ဒီစကား သမီး ပြောမထွက်ဘူး၊ သူ စိတ်မထိန်းနိုင်ဘဲ နံရံကို ခေါင်းနဲ့ ဆောင့်ရင် ဘယ့်နှယ် လုပ်မလဲ"

"သူသာ ခေါင်းဆောင့်သေသွားရင်..."

သူ့အဖေ ပြောတယ်။

"ညည်းလည်း ပြောဖို့ မလိုတော့ဘူးပေါ့"

ရွှီယွိလန်းဟာ ဟိုရှောင်ယုံ ဆိုတဲ့ ယောကျ်ားကို နှလုံးသားထဲကနေ ထုတ်မပစ်နိုင်ဘဲ ဖြစ်နေရှာတယ်။ အဲဟို စကားပြောတဲ့အခါ မိမိ လက်ကောက်ဝတ်ကို လက်အစုံနဲ့ ဆုပ်ကိုင်ထားတတ်တဲ့ ယောကျ်ားကိုပေါ့။ အဲဒီယောကျ်ားက အိမ်ကို နေ့တိုင်းနီးပါး ပြုံးပြုံးလေး ရောက်လာတတ်တယ်လေ။ ရက်နည်းနည်း ခြားတိုင်း အရက်ဝါ တစ်ပုလင်း ဆွဲလာပြီး သူ့အဖေနဲ့ အတူထိုင်သောက်တတ်တယ်လေ။ အရက်သောက်ရင်း စကားပြောရင်း တစ်ခါတလေလည်း တဟဲဟဲနဲ့ ရယ်ကြတယ်။ ဒီလို ကြုံဖူးတာ နှစ်ခါ ရှိတယ်။ အဲဒါကတော့ သူ့အဖေ တခြားလမ်းမှာ အိမ်သာသွားတက်နေတုန်း ဟိုရှောင်ယုံက သူ့ကို ရုတ်တရက် တံခါးနောက်ကို တွန်းပို့ပြီး သူ့ကိုယ်လုံး နဲ့ သူ့ကို နံရံမှာ ဖိကပ်ထားလိုက်လို့၊ ခမျာ လန့်ဖျပ်ပြီး ရင်တွေ ခုန်လိုက်တာ ဆိုတာ။ ပထမအကြိမ်မှာ သူက ရင်တွေ တဒုတ်ဒုတ် ခုန်တာကလွဲလို့ တခြားဘာခံစားချက်မှ မရှိခဲ့ဘူး။ ဒုတိယအကြိမ်မှာတော့ သူက သူ့မုတ်ဆိတ်မွေးကို သတိထားမိလာခဲ့တယ်။ သူ့မုတ်ဆိတ်မွေးတွေက ဝက်မှင်ဘီး တစ်လက်လိုပဲ သူ့မျက်နှာကို ပွတ်သပ်နေခဲ့တယ်။

တတိယအကြိမ်ကော၊ လူခြေတိတ်တဲ့ ညဉ့်နက်ချိန်မှာ ရွှီယွိလန်းက အိပ်ရာထဲမှာ လှဲရင်း ဒီလို စဉ်းစားနေမိတယ်။ သူ့အဖေက မတ်တတ်ထပြီး အိမ်ပြင် ထွက်သွား၊ တခြားလမ်းမှာ အိမ်သာ သွားတက်၊ ဆက်ပြီးတော့ ဟိုရှောင်ယုံက ထလာ၊ ထိုင်ခဲ့တဲ့ ထိုင်ခုံကို လဲကျသွားအောင် တိုက်မိပြီး သူ့ကို နံရံမှာ တတိယမို့ ဖိကပ်လာတာကို သူက ရင်တဒုန်းဒုန်း ခုန်ရင်း စဉ်းစားနေမိတယ်။

ရွှီယွိလန်းက ဟိုရှောင်ယုံကို သစ်သားတံတားမှာ တွေ့ဖို့ ချိန်းလိုက်တယ်။ အဲဒီအချိန်မှာ မိုးချုပ်နေပြီ။ ရွှီယွိလန်းက ဟိုရှောင်ယုံကို တွေ့တာနဲ့ တဟင့်ဟင့် ငိုတယ်။ သူက ဟိုရှောင်ယုံကို ပြောပြတယ်။ ရွှီစန်းကွမ်းဆိုတဲ့ လူတစ်ယောက်က သူ့ကို ရှောက်လုံးပေါင်းတွေ၊ ဆားငန်သီးတွေ၊ သကြားလုံးတွေ၊ နောက်ပြီး ဖရဲသီး တစ်ခြမ်း ဝယ်ကျွေးလို့ သူလည်း စားပြီးတာနဲ့ ဟိုက သူ့ကို လက်ထပ်ရမယ်ဆိုပြီး ပြောလာတယ်လို့။ အနားကို လျှောက်လာတဲ့လူကို မြင်လို့ ဟိုရှောင်ယုံလည်း ရွှီယွိလန်းကို ထိတ်ထိတ်ပျာပျာ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့ ဟော့၊ မငိုနဲ့၊ မငိုနဲ့လေ၊ တော်ကြာ သူများမြင်သွားရင် ငါ ဘယ်လို လုပ်မလဲ"

ရှီယွီလန်း ပြောတယ်။

"နင် ငါ့အတွက် ရှီစန်းကွမ်းကို ယွမ်ရှစ်ဆယ့် သုံးပြား ပြန်ဆပ်ပေးပါလား၊ ဒါဆို ငါ သူ့ဆီမှာ အကြွေးမလိုတော့ဘူး"

ဟိုရှောင်ယုံ ပြောတယ်။

"ငါတို့က လက်တောင်မထပ်ရသေးဘူး၊ နင်က ငါ့ကို နင့်ကိုယ်စား အကြွေး သွားဆပ်ခိုင်းနေပြီလား"

ရှီယွီလန်း ပြောပြန်တယ်။

"ဟိုရှောင်ယုံ၊ နင် ငါတို့အိမ်မှာ အိမ်ပါသမက် လာလုပ်လိုက်ပါလားဟယ်၊ နို့မဟုတ်ရင် ငါ့အဖေက ငါ့ကို ရှီစန်းကွမ်းနဲ့ ပေးစားတော့မှာ"

ဟိုရှောင်ယုံ ပြောတယ်။

"မဟုတ်မဟုတ်တွေကွာ၊ ဟိုရှောင်ယုံဆိုတဲ့ ငါက ဘာဖြစ်လို့ နင်တို့အိမ်မှာ အိမ်ပါသမက် လုပ်ရမှာလဲ၊ နောင်ကျ ငါ့သားတွေလည်း ရှီမျိုးရိုးထဲ ဝင်ရမှာလား၊ မဖြစ်နိုင်တာ"

"ဒါဖြင့်ရင် ငါ ရှီစန်းကွမ်းနဲ့ပဲ လက်ထပ်လိုက်တော့မယ်"

တစ်လအကြာမှာ ရှီယွီလန်းက ရှီစန်းကွမ်းနဲ့ လက်ထပ်လိုက်တယ်။ သူက မင်္ဂလာဆောင်တဲ့နေ့မှာ ဝတ်ဖို့ အနီရောင်တောက်တောက် ချီဖောင်ဂါဝန် တစ်စုံ လိုချင်တယ် ဆိုလို့ ရှီစန်းကွမ်းက သူ လိုချင်တဲ့ ဂါဝန်ကို ဝယ်ပေးလိုက်တယ်။ သူက ဆောင်းတွင်းကျရင် ဝတ်ဖို့ ဂွမ်းကပ်အင်္ကျီ အနီတစ်ထည်၊ အစိမ်းတစ်ထည်၊ နှစ်ထည် လိုချင်တယ်ဆိုလို့ ရှီစန်းကွမ်းက သူ့ကို အားတဲ့အချိန်မှာ ကိုယ့်ဘာသာ ဂွမ်းကပ် အင်္ကျီ ချုပ်ဝတ်နိုင်ဖို့ အနီရောင် ဖဲသားတစ်စနဲ့ အစိမ်းရောင် ဖဲသားတစ်စ ဝယ်ပေး လိုက်တယ်။ သူက အိမ်မှာ ထားချင်တယ်ဆိုတဲ့ ပစ္စည်းတွေ ပူဆာသေးတယ်၊ တိုင်ကပ် နာရီတစ်လုံးရယ်၊ ကြည့်မှန်တစ်ချပ်ရယ်၊ ခုတင်တို့ စားပွဲတို့ ထိုင်ခုံတို့ရယ်၊ မျက်နှာသစ် ဇလုံရယ်၊ နောက်ပြီး နောက်ဖေးပုံး တစ်လုံးရယ်...ရှီစန်းကွမ်းက အားလုံး ရစေ့မယ်လို့ ပြောလိုက်တယ်။

ရှီယွီလန်းက ရှီစန်းကွမ်းဟာ ဟိုရှောင်ယုံထက် မညံ့ပါဘူးလို့ အောက်မေ့ မိတယ်။ ရုပ်ရည်အရ ကြည့်မယ်ဆိုရင် သူကတောင် ဟိုရှောင်ယုံထက် နည်းနည်းပိုပြီး ရုပ်ဖြောင့်သေးတယ်။ အိတ်ကပ်ထဲက ပိုက်ဆံကလည်း ဟိုရှောင်ယုံထက် များတယ်။ နောက်ပြီး ဟိုရှောင်ယုံထက်လည်း အားပိုရှိမယ့်ပုံပဲ။ အဲဒါနဲ့ သူက ရှီစန်းကွမ်းကို ကြည့်ရင်း ယဲ့ယဲ့ပြုံးလာတယ်။ သူက ရှီစန်းကွမ်းကို ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါက အလုပ်သိပ်လုပ်နိုင်တာ၊ အင်္ကျီချုပ်တတ်တယ်၊ ထမင်းဟင်း ချက်တတ်တယ်။ ငါလို မိန်းမမျိုးကို မယားတော်ရတာ နင် တကယ်ကံကောင်းတယ်"

ရှိစန်းကွမ်းက ထိုင်ခုံမှာ ထိုင်ပြီး ပြုံးပြုံးကလေး ခေါင်းညိတ်တယ်။ ရှီယွိလန်းက ဆက်ပြောတယ်။

"ငါက ရုပ်လည်း ချောတယ်၊ အလုပ်လည်း လုပ်နိုင်တယ်၊ နောင်ကျရင် နင့်ကိုယ်မှာ ဝတ်မယ့် အဝတ်အစားတွေ အကုန်လုံး ငါပဲ ချုပ်ပေးမယ်၊ အိမ်အလုပ်တွေလည်း ငါပဲ လုပ်မယ်၊ ဆန်ဝယ်တာတို့၊ ကျောက်မီးသွေး ဝယ်တာတို့လို အလေးအပင် အလုပ်တွေကိုတော့ နင် လုပ်ပေါ့၊ ကျန်တာတွေ နင် ဝင်လုပ်ဖို့ မလိုဘူး၊ ငါ နင့်ကို အိမ်ဦးခန်းမှာ ထားမှာပါ၊ နင် တကယ့်ကို ကံကောင်းတယ် သိလား၊ ဟင်၊ နင် ဘာ့လို့ ခေါင်းမညိတ်တော့တာလဲ"

"ငါ ခေါင်းညိတ်ပါတယ်၊ ငါ ခေါင်းညိတ်နေပါတယ်"

ရှိစန်းကွမ်း ပြောတယ်။

"သြော် နေဦး"

ရှီယွိလန်းက တစ်ခုခု သတိရလာဟန်နဲ့ ပြောတယ်။

"ငါ ပြောမယ် သိလား၊ ငါက ပွဲတော်ရောက်လို့ရှိရင် ဘာအလုပ်မှ မလုပ်ဘူးနော်၊ ဆန်ဆေးတာတို့ ဟင်းရွက် ဆေးတာတို့ကအစ ငါ တစ်ခုမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ ငါ အနားယူရမယ်၊ အဲဒီနေ့တွေကျရင် အိမ်အလုပ်တွေကို နင်ပဲ လုပ်ရလိမ့်မယ်၊ ကြားလား၊ နင် ဘာလို့ ခေါင်းမညိတ်တော့တာလဲ"

ရှိစန်းကွမ်းက ခေါင်းညိတ်ပြီး သူ့ကို မေးတယ်။

"နင့်ဟာက ဘာ ပွဲတော်လဲ၊ ဘယ်လောက်ကြာ တစ်ခါ ရောက်တာလဲ"

"အာယာ" ရှီယွိလန်း ထအော်တယ်။

"ငါတို့မိန်းမတွေရဲ့ ပွဲတော်ကို နင် မသိဘူးလား"

ရှိစန်းကွမ်း ခေါင်းခါတယ်။

"မသိဘူး"

"ရာသီလာတာလေဟယ်"

"ရာသီ"

"တို့မိန်းမတွေ ရာသီလာတဲ့ ကိစ္စကိုတော့ နင် သိလောက်မှာပါနော်"

"ငါ ကြားဖူးပါတယ်"

"ငါ ပြောတာက ရာသီလာတဲ့အခါကျရင် ငါ ဘာအလုပ်မှ မလုပ်နိုင်တော့ဘူးကို ပြောတာ၊ ငါ ပင်ပန်းလို့ မရဘူး၊ ရေအေးလည်း ထိလို့မရဘူး၊ ပင်ပန်းတာနဲ့၊ ရေအေးထိတာနဲ့ ငါ ဗိုက်နာလာလိမ့်မယ်၊ ကိုယ်ပူလာလိမ့်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - လေး

"ဗိုက်နာရမယ့် အချိန်တောင် မတန်သေးဘဲနဲ့ ညည်းက တအားအားနဲ့ လျှောက်အော်နေပြီ"

ကလေးမွေးပေးနေတဲ့ ဆရာဝန်က ပြောတယ်။

ရှိုယ့်ဗွိလန်းဟာ မွေးခုတင်ပေါ်မှာ ပေါင်နှစ်ဖက်ကို ကားလျားထောင်ထားတယ်။ လက်နှစ်ဖက်ကလည်း မွေးခုတင်ရဲ့ တစ်ဖက်တစ်ချက်စီမှာ ချုပ်နှောင်ခံထားရတယ်။ ဆရာဝန်က သူ့ကို ညှစ်ခိုင်းတယ်။ သူက နာကျင်ဒဏ်ကြောင့် ဒေါသအမျက်ခြောင်းခြောင်းထွက်နေတယ်။ တစ်ဖက်က ညှစ်ရင်း တစ်ဖက်က အာပြဲကြီးနဲ့ ဆဲနေတယ်။

"ရှီစန်းကွမ်း၊ ခွေးမသား... နင် ဘယ်ရောက်နေတာလဲ၊ ငါ့မှာဖြင့် နာလို့ သေတော့မယ်၊ နင် ဘယ်ရောက်နေတာလဲ... သေခြင်းဆိုး ကာလနာ မြွေပွေးကိုက်ကြီးရဲ့၊ ခုတော့ နင် ပျော်ပြီပေါ့၊ ငါ နာမှ နင် ပျော်တယ်ပေါ့၊ ရှီစန်းကွမ်း နင် ဘယ်ရောက်နေတာလဲ၊ ငါ့ကို လာကူညှစ်ပေးပါဦးဟာ၊ ငါ မရတော့ဘူး၊ ရှီစန်းကွမ်း... နင် မြန်မြန်လာ... ဒေါက်တာ၊ ကလေး ထွက်လာပြီလားဟင်"

"ညှစ်ဦး"

ဆရာဝန်က ပြောတယ်။

"အများကြီး လိုသေးတယ်"

"အမယ်လေးတော့်... ရှီစန်းကွမ်း၊ အဲဒါ နင့်ကြောင့်၊ နင်တို့ ယောကျ်ားတွေ တစ်ယောက်မှကို မကောင်းဘူး၊ နင်တို့က နင်တို့ပျော်ဖို့ပဲ နင်တို့ သိတယ်၊ စားပြီးနားမလည်ဟာတွေ၊ ငါတို့မိန်းမတွေ ဒုက္ခက ကြီးလှပါကလား၊ နာလိုက်တာ သေတော့

mgyoe.com

mgyoe.com SAMPLE BOOK
မယ်တော့်၊ ငါ့မှာ ကိုယ်ဝန် ဆယ်လ လွယ်ရတာ၊ နာလိုက်တာ သေတော့မယ်တော့်၊ ရှိစန်းကွမ်း နင် ဘယ်မှာလဲ... ဒေါက်တာ၊ ကလေး ထွက်လာပြီလားဟင်"

"အားစိုက်ညှစ်"

ဆရာဝန် ပြောတယ်။

"ခေါင်းထွက်လာပြီ"

"ခေါင်းထွက်လာပြီ၊ ထပ်ညှစ်မယ်၊ အားမရှိတော့ဘူး... ရှိစန်းကွမ်းရေ ငါ့ကို ကူပါဦးဟာ... ရှိစန်းကွမ်းရေ ငါ သေတော့မယ်... ငါ သေတော့မယ်"

"ဒုတိယကလေးတောင် မွေးတော့မယ့်ဟာ၊ အာပြဲကြီးနဲ့ အော်တုန်းပဲ"

ကလေးမွေးပေးတဲ့ ဆရာဝန်က ပြောတယ်။

ရှိယွိလန်းဟာ ချွေးတွေစိုရွှဲ ဟောဟဲလိုက်လျက် တစ်ဖက်က ညည်းညူရင်း တစ်ဖက်က အော်ပြောနေတယ်။

"အာယာယာ... နာလိုက်တာ၊ နာလိုက်တာ... ရှိစန်းကွမ်း၊ နင် ငါ့ကို ဒုက္ခပေးပြန်ပြီဟာ၊ အာယာယာ... ငါ နင့်ကို မုန်းတယ်၊ နာလိုက်တာဟာ... ဒီတောင်ကို ငါကျော်ပြီးလို့ကတော့... အာယာ... နောက်နောင် နင်နဲ့ သေတောင် အတူမအိပ်တော့ဘူး၊ နာလိုက်တာ... နင်က စပ်ဖြဲဖြဲနဲ့၊ နင် ဒူးထောက်ပြီး နင် ဘယ်လို တောင်းပန်တောင်းပန် ငါ လက်မခံတော့ဘူး၊ ငါ နင်နဲ့ အတူမအိပ်တော့ဘူး၊ အာယာ၊ အာယာ... နာလိုက်တာ... ငါ ညှစ်မယ်... ငါ ညှစ်ဦးမယ်"

"ညှစ်၊ အားစိုက်ပြီး ထပ်ညှစ်"

ကလေးမွေးပေးတဲ့ ဆရာဝန်က ပြောတယ်။

ရှိယွိလန်း အားကုန်ညှစ်တာ၊ ကျောတောင် ကော့တက်လာပြီ။ သူ အော်ဟစ်နေတယ်။

"ရှိစန်းကွမ်း၊ လူလိမ်၊ ခွေးမသား၊ သေခြင်းဆိုး... ရှိစန်းကွမ်း၊ စိတ်ပုပ်ကောင်ကြီး၊ ခေါင်းမှာ အနာစိမ်းပေါက်ပါစေတော်..."

"ဘာတွေ အော်နေတာလဲ"

သူနာပြုက ပြောတယ်။

"ကလေးကဖြင့် ထွက်လာပြီဟာကို၊ အော်နေသေးတယ်"

"မွေးပြီလား"

ရှိယွိလန်း ကိုယ်ကို နည်းနည်းကြွလိုက်တယ်။

"မြန်လိုက်တာနော်"
mgyoe.com

mgyoe.com SAMPLE BOOK

ရှုယွိလန်းဟာ ငါးနှစ်အတွင်း သားသုံးယောက် မွေးတယ်။ ရှုစန်းကွမ်းက သူ့သား သုံးယောက်ကို ရှုအိလော့၊ ရှုအော့လော့၊ ရှုစန်းလော့လို့ အသီးသီး နာမည်ပေးတယ်။

တစ်နေ့၊ ရှုစန်းလော့ တစ်နှစ်သုံးလ ပြည့်တဲ့အချိန်မှာ ရှုယွိလန်းက ရှုစန်းကွမ်း ရဲ့ နားရွက်ကို ဆွဲပြီး–

"ဟိုတုန်းက ငါ မွေးခန်းထဲမှာ ကလေးမွေးနေတုန်း နင် အပြင်မှာ တဟားဟား ရယ်နေခဲ့သလား"

လို့ မေးတယ်။

"ငါ တဟားဟား မရယ်ပါဘူးဟာ"

ရှုစန်းကွမ်း ပြောတယ်။

"ငါက တဟဲဟဲပဲ ကျိတ်ရယ်ခဲ့တာပါ၊ အသံမထွက်ပါဘူး"

"အာယာ"

ရှုယွိလန်း ထအော်တယ်။

"ဒါကြောင့်မို့ နင်က သား သုံးယောက်ကို အိလော့ (တစ်ပျော်)၊ အော့လော့ (နှစ်ပျော်)၊ စန်းလော့ (သုံးပျော်)လို့ နာမည်ပေးခဲ့တာကိုး။ ငါ့မှာတော့ မွေးခန်းထဲ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မြောက်အောင် နာနေခဲ့တဲ့ အချိန်မှာ နင်က အပြင်မှာ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မြောက်အောင် ပျော်နေခဲ့တယ်ပေါ့"

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ငါး

မြို့က ရှိစန်းကွမ်းနဲ့ သိကျွမ်းတဲ့သူ အတော်များများဟာ အော့လော့ မျက်နှာပေါ်ကနေ ရှိစန်းကွမ်းရဲ့နှာခေါင်းကို ရှာတွေ့ခဲ့ကြတယ်။ စန်းလော့ မျက်နှာပေါ်ကနေ ရှိစန်းကွမ်းရဲ့ မျက်လုံးကို ရှာတွေ့ခဲ့ကြတယ်။ ဒါပေမဲ့ အိလော့ မျက်နှာပေါ်ကနေတော့ ရှိစန်းကွမ်းရဲ့ အရိပ်လက္ခဏာကို ရှာမတွေ့ခဲ့ကြဘူး။ အဲဒါနဲ့ သူတို့က ကွယ်ရာမှာ ပြောလာကြတယ်။ အိလော့ ဆိုတဲ့ ကလေးက ရှိစန်းကွမ်းနဲ့ တစ်စက်မှကို မတူဘူး။ ပါးစပ်တစ်ခုပဲ ရှိယွိလန်းနဲ့ တူပြီး ကျန်တာ ဘာတစ်ခုမှ မတူဘူးလို့ ပြောလာကြတယ်။ ဒီကလေး အိလော့ရဲ့ အမေကတော့ ရှိယွိလန်း ဟုတ်တန်ပါရဲ့။ နို့ ကလေးအဖေက ရှိစန်းကွမ်း ဟုတ်ပါ့မလား။ အိလော့ဆိုတဲ့ မျိုးစေ့ကို ရှိယွိလန်းကိုယ်ပေါ် ကြဲခဲ့တာ ဘယ်သူ့လက်ချက် ဖြစ်နိုင်မလဲ။ ဟိုရှောင်ယုံ လက်ချက်များ ဖြစ်နေမလား။ အိလော့ရဲ့ မျက်လုံး၊ အိလော့ရဲ့ နှာခေါင်း၊ နောက်ပြီး အိလော့ရဲ့နားရွက်ဖားဖားကြီးတို့ဟာ ဟိုရှောင်ယုံနဲ့ တူပြီးရင်း တူလာနေပါရောလား။

ဒီစကား ရှိစန်းကွမ်းနားထဲ ရောက်တော့ ရှိစန်းကွမ်းက အိလော့ကို ခေါ်ပြီး တစ်အောင့်လောက် သေချာကြည့်တယ်။ အဒီတုန်းက အိလော့က ကိုးနှစ်သားပဲ ရှိသေးတယ်။ တစ်အောင့်လောက် သေချာကြည့်ပြီးလည်း ရှိစန်းကွမ်းက မသေချာသေးတာနဲ့ အိမ်ထဲက တစ်ချပ်တည်းသော ကြည့်မှန်ကို သွားယူလာခဲ့တယ်။

သူနဲ့ ရှိယွိလန်း လက်ထပ်တုန်းက ဝယ်ခဲ့တဲ့ အဲဒီမှန်ကို ရှိယွိလန်းက ပြတင်းပေါင်ပေါ်မှာ အမြဲတင်ထားခဲ့တာ။ ရှိယွိလန်းက မနက်တိုင်း အိပ်ရာထလို့ ရှိရင် ပြတင်းပေါက်ရှေ့မှာ ရပ်ပြီး အပြင်က သစ်ပင်တွေကို ကြည့်တယ်။ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ကြည့်တယ်၊ ခေါင်းဖြီးတယ်၊ မျက်နှာပေါ်ကို ရနံ့မွှေးထုံတဲ့ စနိုး တစ်ထပ် လိမ်းတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ပိုင်း အိလော့ အရပ်ထွက်လာတယ်။ အိလော့ ပြတင်းပေါင်ပေါ်က မှန်ကို လှမ်းဆွဲလာနိုင်တယ်။ ဆက်ပြီးတော့ အော့လော့လည်း အရပ်ထွက်လာတယ်။ သူလည်း ပြတင်းပေါင်ပေါ်က မှန်ကို လှမ်းဆွဲလာနိုင်တယ်။ စန်းလော့ အရပ်ထွက်လာတဲ့အထိ အဲဒီမှန်က ပြတင်းပေါင်ပေါ်မှာ တင်ထားတုန်းပဲ။ အဲဒီမှန်က ဒီကလေးတွေ လက်ချက်နဲ့ပဲ ကွဲခဲ့ရတာ။ မှန်ကွဲချပ်တွေထဲမှာ အကြီးဆုံး တစ်ချပ်က သုံးထောင့်ပုံသဏ္ဍာန်။ အရွယ်က ကြက်ဥအရွယ်။ ရှိယွီလန်းလည်း အဲဒီအကြီးဆုံး သုံးထောင့်ပုံ မှန်ကွဲချပ်ကို ကောက်ပြီး၊ ပြတင်းပေါင်ပေါ်မှာ ဆက်တင်ထားခဲ့တယ်။

အခု ရှိစန်းကွမ်းက အဲဒီသုံးထောင့်ပုံ မှန်ကွဲချပ်ကို လက်မှာကိုင်ပြီး အဲဒီမှန်ထဲမှာ ကိုယ့်မျက်လုံးကိုယ် တစ်အောင့်လောက် ကြည့်တယ်။ ပြီးတော့ အိလော့မျက်လုံးကို ကြည့်တယ်။ မျက်လုံးချင်း သိပ်မကွာပါဘူး။ သူက မှန်ထဲမှာ ကိုယ့်နှာခေါင်းကိုယ် တစ်အောင့်လောက် ကြည့်တယ်။ ပြီးတော့ အိလော့ နှာခေါင်းကို ကြည့်တယ်။ နှာခေါင်းချင်းလည်း သိပ်မကွာပါဘူး... ရှိစန်းကွမ်း စဉ်းစားတယ်၊ အိလော့ကို ငါ့နဲ့ မတူဘူးတဲ့၊ ငါ ကြည့်တာတော့ နည်းနည်းဆင်ပါတယ်လေ။

အိလော့က မိမိကို မျက်လုံးကြောင်တောင် ကြည့်နေတဲ့ ဖခင်ကို မြင်တော့ ပြောတယ်။

"အဖေ၊ အဖေက ကိုယ့်ကိုယ်ကိုယ် ကြည့်လိုက်၊ သားကို ကြည့်လိုက်နဲ့ ဘာကြည့်နေတာလဲ"

ရှိစန်းကွမ်း ပြောတယ်။

"မင်း ငါနဲ့ ရုပ်ချင်းတူ၊ မတူ ကြည့်နေတာ"

"သူများတွေက"

အိလော့ ပြောတယ်။

"သားကို စက်ပစ္စည်းစက်ရုံက ဟိုရှောင်ယုံနဲ့ တူတယ်လို့ ပြောတာ သားကြားရတယ်"

ရှိစန်းကွမ်း ပြောတယ်။

"အိလော့၊ မင်း အော့လော့နဲ့ စန်းလော့ကို သွားခေါ်လာခဲ့စမ်း"

ရှိစန်းကွမ်းရဲ့ သားသုံးယောက် ရှေ့ကို ရောက်လာတယ်။ သူတို့ကို သူက ခုတင်ပေါ်မှာ တန်းစီ ထိုင်ခိုင်းလိုက်တယ်။ သူကိုယ်တိုင်ကျတော့ ထိုင်ခုံတစ်လုံး ဆွဲပြီး သူတို့ရှေ့မှာ ထိုင်တယ်။ သူက အိလော့ရယ်၊ အော့လော့ရယ်၊ စန်းလော့ရယ်ကို ကြီးစဉ်ငယ်လိုက် ကြည့်သွားပြီး စန်းလော့ရယ်၊ အော့လော့ရယ်၊ အိလော့ရယ်ကို ငယ်စဉ်ကြီးလိုက် ပြန်ကြည့်တယ်။ သူ့သားသုံးယောက်က တဟီးဟီး ရယ်လို့။ ရယ်နေတဲ့ သားသုံးယောက် မြင်ရတော့ ရှိစန်းကွမ်းဟာ ဒီညီအစ်ကို သုံးယောက် ရုပ်ချင်းဆင်တာပဲ ဆိုပြီး-

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းတို့ ရယ်ကြစမ်းကွာ"

သူ့ခန္ဓာကိုယ် လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။

"ဟားဟား ဟားဟားနဲ့ ရယ်ကြစမ်းကွာ"

သူ့ရဲ့ ရယ်စရာကောင်းတဲ့ လှုပ်ရှားဟန်ကို မြင်ရလို့ သားတွေလည်း တဟားဟား ထရယ်လာကြတယ်။ ရွှီစန်းကွမ်းလည်း လိုက်ရယ်ပြီး–

"ဒီကောင်လေး သုံးယောက်က ရယ်လေ ရုပ်ဆင်လေပဲ"

လို့ ပြောတယ်။

ရွှီစန်းကွမ်းက သူ့ကိုယ်သူ ပြောတယ်။

"သင်းတို့ကများ အိလော့ကို ငါနဲ့ မတူဘူးတဲ့၊ အိလော့က အော့လော့၊ စန်းလော့ တို့နဲ့ တစ်ခွက်တည်းဟာကို၊ သားလုပ်တဲ့သူက အဖေနဲ့ ရုပ်ချင်းမတူလည်း သူ့ညီအစ်ကိုတွေနဲ့ ရုပ်ချင်းတူရင် ပြီးတာပဲဟာကို... အော့လော့နဲ့ စန်းလော့ကို ငါနဲ့ မတူဘူးလို့ ဘယ်သူမှ မပြောဘူး၊ အော့လော့နဲ့ စန်းလော့ကို ငါ့သားတွေ မဟုတ်ပါဘူးလို့ ဘယ်သူမှ မပြောဘူး... အိလော့ ငါနဲ့ ရုပ်မတူတာ အရေးမကြီးဘူး၊ သူ့ညီတွေနဲ့ ရုပ်တူရင် ပြီးတာပဲ"

ရွှီစန်းကွမ်းက သားတွေကို ပြောတယ်။

"အိလော့က စက်ပစ္စည်းစက်ရုံက ဟိုရှောင်ယုံကို သိတယ်၊ အော့လော့နဲ့ စန်းလော့ကော သိကြသလား၊ မင်းတို့ မသိဘူး၊ ကိစ္စမရှိဘူး... ဟုတ်တယ်၊ အိလော့ ပြောတဲ့ တစ်ယောက်ပဲ၊ မြို့ အနောက်ပိုင်းက စာတိုက်လမ်းကြားထဲမှာ နေတာ၊ လျှာထိုးဦးထုပ် အမြဲဆောင်းထားတဲ့ တစ်ယောက်ဟာလေ၊ ဒီမှာ သေချာနားထောင်၊ အဲဒီဟိုရှောင်ယုံ ဆိုတဲ့ ကောင်က လူကောင်း မဟုတ်ဘူး၊ မှတ်ထားနော်၊ ဘာလို့ လူကောင်း မဟုတ်ဘူးလဲ ဆိုတော့၊ သေချာနားထောင်၊ အရင်တုန်းက၊ အဲဒီတုန်းက မင်းတို့ မရှိသေးဘူး၊ မင်းတို့အမေ မင်းတို့ကို မမွေးရသေးဘူး၊ အဲဒီတုန်းက ဟိုရှောင်ယုံက မင်းတို့ ဘိုးဘိုးအိမ်ကို နေ့တိုင်းသွားတယ်၊ ဘာသွားလုပ်သလဲ သိလား၊ မင်းတို့ဘိုးဘိုးနဲ့ အရက်သွားသောက်တာ၊ အဲဒီတုန်းက မင်းတို့အမေ ငါနဲ့ မညားသေးဘူး၊ ဟိုရှောင်ယုံက နေ့တိုင်း သွားတယ်၊ နှစ်ရက်ခြားလောက် နေရင် အရက်တစ်ပုလင်း ဆွဲသွားတတ်တယ်၊ မင်းတို့အမေ ငါနဲ့ ညားပြီးနောက်ပိုင်းမှာလည်း ဟိုရှောင်ယုံက မင်းတို့ဘိုးဘိုး အိမ်မှာ မကြာမကြာ အရက်သွားသောက်တုန်းပဲ၊ ဒါပေမဲ့ မင်းတို့အမေ ငါနဲ့ ညားပြီးနောက်ပိုင်း ဟိုရှောင်ယုံက မင်းတို့ ဘိုးဘိုးကို အရက်လက်ဆောင် မပေးတော့ဘူး၊ မင်းတို့ဘိုးဘိုးဆီကနေတောင် အရက်ဆယ်ပုလင်းကျော်လောက် ကပ်သောက်သွားခဲ့တာ၊ တစ်နေ့တော့ ဟိုရှောင်ယုံ ရောက်လာတာလည်း မြင်ရော၊ မင်းတို့ဘိုးဘိုးက 'ဟိုရှောင်ယုံရေ၊ ငါ အရက်ဖြတ်လိုက်ပြီ'

mgyoe.com

mgyoe.com SAMPLE BOOK

လို့ ထပြောလိုက်တယ်၊ အဲဒီနောက်ပိုင်း ဟိုရှောင်ယုံလည်း မင်းတို့ ဘိုးဘိုးဆီမှာ အရက်လာမသောက်ရဲတော့ဘူး"

◆

မြို့က ရှိစန်းကွမ်းနဲ့ သိကျွမ်းတဲ့သူ အတော်များများဟာ အော့လော့ မျက်နှာပေါ်ကနေ ရှိစန်းကွမ်းရဲ့နှာခေါင်းကို ရှာတွေ့ခဲ့ကြတယ်။ စန်းလော့ မျက်နှာပေါ်ကနေ ရှိစန်းကွမ်းရဲ့ မျက်လုံးကို ရှာတွေ့ခဲ့ကြတယ်။ ဒါပေမဲ့ အိလော့ မျက်နှာပေါ်ကနေတော့ ရှိစန်းကွမ်းရဲ့ အရိပ်လက္ခဏာကို ရှာမတွေ့ခဲ့ကြဘူး။ အဲဒါနဲ့ သူတို့က ကွယ်ရာမှာ ပြောလာကြတယ်။ အိလော့ ဆိုတဲ့ ကလေးက ရှိစန်းကွမ်းနဲ့ တစ်စက်မှ မတူဘူး။ ပါးစပ်တစ်ခုပဲ ရှိယွိလန်းနဲ့ တူပြီး ကျန်တာ ဘာတစ်ခုမှ မတူဘူးလို့ ပြောလာကြတယ်။ ဒီကလေး အိလော့ရဲ့ အမေကတော့ ရှိယွိလန်း ဟုတ်တန်ပါရဲ့။

နို့ ကလေးအဖေက ရှိစန်းကွမ်း ဟုတ်ပါ့မလား။ အိလော့ဆိုတဲ့ မျိုးစေ့ကို ရှိယွိလန်းကိုယ်ပေါ် ကြဲခဲ့တာ ဘယ်သူ့လက်ချက် ဖြစ်နိုင်မလဲ။ ဟိုရှောင်ယုံ လက်ချက်များ ဖြစ်နေမလား။ အိလော့ရဲ့မျက်လုံး၊ အိလော့ရဲ့ နှာခေါင်း၊ နောက်ပြီး အိလော့ရဲ့ နားရွက်ဖားဖားကြီးတို့ဟာ ဟိုရှောင်ယုံနဲ့ တူပြီးရင်း တူလာနေပါကလား။

အိလော့ကို ဟိုရှောင်ယုံနဲ့ တူတယ်ဆိုတဲ့ စကားတွေ ရှိစန်းကွမ်းနားထဲ ခဏခဏ ရောက်လာတော့ ရှိစန်းကွမ်းလည်း ဒီလူတွေ ပြောလို့ကို မပြီးနိုင်ဘူး၊ ဒီလူတွေ ပြောတာ အမှန်များ ဖြစ်နေမလားလို့ သံသယဝင်လာတယ်။ အဲဒါနဲ့ ရှိစန်းကွမ်းက ရှိယွိလန်းရှေ့ကို သွားပြီး–

"သူတို့ ပြောနေတာတွေ နင် ကြားပြီးပြီလား"

လို့ မေးလိုက်တယ်။

ရှိယွိလန်းဟာ ရှိစန်းကွမ်း ဘာကို ဆိုလိုမှန်း သဘောပေါက်တာကြောင့် လျှော်လက်စ အဝတ်တွေကို ပစ်ချ၊ လက်က ဆပ်ပြာမြှုပ်တွေကို ခါးစည်းပိတ်စနဲ့ သုတ်ပြီး တံခါးခြေကျော်ပေါ်မှာ သွားထိုင်ချလိုက်တယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ငိုယို မေးတယ်။

"ငါ ရှေးဘဝက ဘာအကုသိုလ်များ လုပ်ခဲ့မိလို့လဲ"

ရှိယွိလန်းဟာ တံခါးဝမှာ ထိုင်ပြီး အကျယ်ကြီး အော်ငိုလိုက်လို့ အပြင်မှာ ရှိနေတဲ့ သားသုံးယောက်စလုံး ရောက်လာကြပြီး ကျယ်သည်ထက် ကျယ်အောင် အော်ငိုနေတဲ့ သူတို့အမေကို ရင်တထိတ်ထိတ်နဲ့ ဝိုင်းကြည့်နေကြတယ်။ ရှိယွိလန်းက မျက်ရည်တွေကို သုတ်ပြီး နှပ်ရည် ခါထုတ်ပစ်သလို ခါထုတ်ပစ်လိုက်တယ်။ သူက ခေါင်းတယမ်းယမ်းနဲ့–

mgyoe.com

mgyoe.com SAMPLE BOOK
"ငါ ရှေးဘဝက ဘာအကုသိုလ်များ လုပ်ခဲ့မိလို့လဲ၊ ငါ့မှာ မုဆိုးမလည်း မဟုတ်ဘူး၊ နောက်အိမ်ထောင်လည်း မပြုဘူး၊ လင်ငယ်လည်း မနေဘူး၊ အဲဒါကို သူတို့က ငါ့သားသုံးယောက်မှာ ဖအေနှစ်ယောက် ရှိတယ်တဲ့၊ ငါ ရှေးဘဝက ဘာ အကုသိုလ်များ လုပ်ခဲ့မိလို့လဲ၊ ငါ့သားသုံးယောက်မှာ ဖအေတစ်ယောက်ပဲ ရှိတဲ့ဟာကို၊ သူတို့က ဖအေနှစ်ယောက် ရှိတယ်တဲ့…"

ရှို့ယ္ဗိလန်း တံခါးခြေကျော်ပေါ်မှာ ထိုင်ငိုနေတာကို တွေ့ရတော့ ရှို့စန်းကွမ်းလည်း ခေါင်းတွေ ထူပူလာတယ်။ သူက ရှို့ယ္ဗိလန်းနောက်ကနေ အော်ပြောလိုက်တယ်။

"ပြန်ဝင်လာခဲ့စမ်း၊ တံခါးခြေကျော်ပေါ်မှာ ထိုင်မနေနဲ့၊ နင် ဘာငိုနေတာလဲ၊ ဘာလျှောက်အော်နေတာလဲ၊ အသည်းနှလုံးမရှိတဲ့ မိန်းမ၊ ဒီကိစ္စမျိုး နင် ငိုစရာလား၊ လျှောက်အော်စရာလား၊ ပြန်ဝင်လာခဲ့စမ်း"

အိမ်နီးချင်းတွေ တဖွဲဖွဲ ရောက်လာကြပြီ။ သူတို့က မေးတယ်။

"ရှို့ယ္ဗိလန်း၊ နင် ဘာငိုနေတာလဲ… ရိက္ခာလက်မှတ် မလောက်တော့လို့လား၊ ရှို့စန်းကွမ်း နင့်ကို အနိုင်ကျင့်လို့လား၊ ရှို့စန်းကွမ်း၊ ရှို့စန်းကွမ်းကော၊ ခုနကပဲ သူ့အသံ ကြားလိုက်ပါသေးတယ်၊ ရှို့ယ္ဗိလန်း၊ နင် ဘာငိုတာလဲ၊ ပစ္စည်းပျောက်သွားလို့လား၊ သူများဆီမှာ အကြွေးတင်ပြန်လို့လား၊ သားတွေ အပြင်မှာ ပြဿနာဖြစ်လို့လား"

အော့လော့ ပြောတယ်။

"မဟုတ်ဘူး၊ တစ်ခုမှ မဟုတ်ဘူး၊ သားအမေက အိလော့ ဟိုရှောင်ယုံနဲ့ ရုပ်တူတယ်ဆိုလို့ ငိုနေတာ"

သူတို့ ပြောတယ်။

"ဩော်… အဲဒါကြောင့်ကိုး"

အိလော့ ပြောတယ်။

"အော့လော့၊ မင်း အိမ်ထဲဝင်၊ ဒီမှာ ရပ်မနေနဲ့"

အော့လော့ ပြောတယ်။

"ငါ မဝင်ဘူး"

စန်းလော့ ပြောတယ်။

"ငါလည်း မဝင်ဘူး"

အိလော့ ပြောတယ်။

"အမေ၊ မငိုပါနဲ့တော့၊ အိမ်ထဲ ဝင်ပါ"

ရှို့စန်းကွမ်းက အိမ်ထဲမှာ အံတကြိတ်ကြိတ်။ ဒီမိန်းမ နံ့လွန်း မိုက်လွန်းလှ၏ါလားလို့ စိတ်ထဲ မကျေမနပ် ဖြစ်နေမိတယ်။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်း ဆို
mgyoe.com

mgyoe.com SAMPLE BOOK

သလို သင်းက တံခါးခြေကျော်ပေါ် ထိုင်ပြီး ကိုယ့်အိမ်တွင်းရေး အရှက်ရဖွယ်တွေကို တစ်ကမ္ဘာလုံး သိအောင် ကြေညာလိုက်တယ်လေ။ အပြင်မှာ ရှုံယွိုလန်း ငိုကြွေးမြည်တမ်းနေတာကို သူ အိမ်ထဲကနေ အံတကြိတ်ကြိတ်နဲ့ ကြားလိုက်ရတယ်။

ရှုံယွိုလန်း ပြောတယ်။

"ငါ ရှေးဘဝက ဘာအကုသိုလ်များ လုပ်ခဲ့မိလို့လဲ၊ ငါ မုဆိုးမလည်း မဟုတ်ဘူး၊ နောက်အိမ်ထောင်လည်း မပြုဘူး၊ လင်ငယ်လည်း မနေဘူး၊ ငါ သားသုံးယောက် မွေးထားတယ်၊ ငါ ရှေးဘဝက ဘာအကုသိုလ်များ လုပ်ခဲ့မိလို့ ဒီဘဝမှာ ဟိုရှောင်ယုံနဲ့ လာတွေ့ရတာလဲ၊ သင်းကတော့ အနေသာ၊ ဘာမှ မဖြစ်သလို၊ ငါ့မတော့ ဘယ်လိုလုပ်ရမလဲ၊ အိလော့ကလည်း တစ်နေ့တခြား သင်းနဲ့ တူတူလာနေတယ်၊ အဲဒီတစ်ခါတည်းပါ၊ အဲဒီနောက်ပိုင်း ငါ မလိုက်လျောတော့ပါဘူး၊ အဲဒီ တစ်ခါတည်းပါ၊ ဒါနဲ့ပဲ အိလော့က သင်းနဲ့ တစ်နေ့တခြား ပိုပိုတူလာပါရောလား"

"ဘာ အဲဒီတစ်ခါတည်းပါ"

ရှုံစန်းကွမ်းကိုယ်က သွေးတွေ နားထင်ကို ဆောင့်တက်လာတယ်။ သူက အိမ်ရဲ့ အတွင်းတံခါးကို ဆောင့်ကန်ဖွင့်ပြီး၊ အပြင် တံခါးခြေကျော်ပေါ်မှာ ထိုင်နေတဲ့ ရှုံယွိုလန်းကို အော်ငေါက်ခေါ်လိုက်တယ်။

"နင် ခုချက်ချင်း ပြန်ဝင်လာခဲ့စမ်း"

ရှုံစန်းကွမ်းရဲ့ အော်ငေါက်သံကြောင့် အပြင်ကလူတွေ အားလုံး လန့်ဖျပ်သွားကြတယ်။ ရှုံယွိုလန်းလည်း ချက်ချင်းဆိုသလို အငိုတိတ်သွားပြီ။ စကားလည်း မပြောတော့ဘူး။ သူက ရှုံစန်းကွမ်းကို လည်ပြန် လှည့်ကြည့်တယ်။ ရှုံစန်းကွမ်းက အပြင်တံခါးနားကို လျှောက်လာပြီး ရှုံယွိုလန်းကို ဆတ်ခနဲ ဆောင့်ဆွဲလိုက်တယ်။ အပြင်က လူတွေကိုလည်း အော်ပြောလိုက်တယ်။

"သွားကြစ[illegible]"

ပြီးတော့ တံခါးသွားပိတ်ဖို့ လုပ်တယ်။ သူ့သားသုံးယောက်က ဝင်မယ်လုပ်တာ သူက သားတွေကို အော်ငေါက်လိုက်တယ်။

"သွားကြစမ်းကွာ"

သူက တံခါးပိတ်လိုက်တယ်။ ရှုံယွိုလန်းကို အတွင်းခန်းထဲ ဆွဲခေါ်လာခဲ့ပြီး၊ အတွင်းတံခါးကို ပိတ်ပြီးတော့ ရှုံယွိုလန်းကို ခုတင်ပေါ် မှောက်သွားအောင် ဖြတ်ရိုက်လိုက်တယ်။ သူက အော်ပြောတယ်။

"နင်က ဟိုရှောင်ယုံကို အတူပေးအိပ်ဖူးတယ်လား"

ရှုံယွိုလန်း မျက်နှာအုပ်ပြီး တဟင့်ဟင့်ငိုတယ်။ ရှုံစန်းကွမ်း ထပ်အော်ပြောတယ်။

"ပြောလေကွာ"

mgyoe.com

mgyoe.com SAMPLE BOOK

ရွှီယွီလန်း တဟင့်ဟင့် ငိုပြီး ပြောတယ်။

"အိပ်ဖူးတယ်"

"ဘယ်နှခါလဲ"

"တစ်ခါတည်းပါ"

ရွှီစန်းကွမ်းက ရွှီယွီလန်းကို ဆွဲမပြီး နားရင်းကို နောက်တစ်ချက် ဖြတ်အုပ်လိုက်ပြီး ဆဲတယ်။

"ဗိုင်းတာမ၊ ဒါနဲ့များ နင်က လင်ငယ်မနေဘူးဆို..."

"ငါ လင်ငယ်မနေပါဘူး"

ရွှီယွီလန်း ပြောတယ်။

"အဲဒါ ဟိုရှောင်ယုံ လုပ်တာ၊ သူက ငါ့ကို နံရံမှာ အရင်ဦးဆုံး ဖိထားတယ်၊ ပြီးတော့ ခုတင်ပေါ် ဆွဲတင်တယ်..."

"တော်တော့"

ရွှီစန်းကွမ်း အော်လိုက်တယ်။ အော်ပြီးတော့ သူက ဖြစ်စဉ်ကို သိချင်ပြန်တာနဲ့-

"နင်က ဒီကောင့်ကို မတွန်းတတ်ဘူးလား၊ မကိုက်တတ်ဘူးလား၊ မကန်တတ်ဘူးလား"

လို့ ပြောလိုက်တယ်။

"ငါလည်း တွန်းတာပဲ၊ ကန်တောင် ကန်လိုက်သေးတယ်"

ရွှီယွီလန်း ပြောတယ်။

"သူက ငါ့ကို နံရံမှာ ဖိထားပြီးတာနဲ့ ငါ့နို့နှစ်လုံးကို ဖမ်းညှစ်လိုက်တာကိုး"

"တော်တော့"

ရွှီစန်းကွမ်းက အော်ပြီး ရွှီယွီလန်းကို ဘယ်ပြန် ညာပြန် နားရင်းအုပ်လိုက်ပြန်တယ်။ နားရင်းအုပ်ပြီးတဲ့အခါ သူက ဖြစ်စဉ်ကို သိချင်နေသေးတယ်။ အဲဒါနဲ့ သူက ပြောတယ်။

"ဒီကောင်က နင့်နို့ကို ညှစ်လိုက်တာနဲ့ နင်က သူ့ကို ပေးအိပ်လိုက်တာပဲလား"

ရွှီယွီလန်း လက်နှစ်ဖက်နဲ့ မျက်နှာကို အုပ်ထားတယ်။ မျက်လုံးလည်း လက်နဲ့ ကွယ်မိနေပြီ။

"ပြောလေ"

"ငါ မပြောရဲဘူး"

ရွှီယွီလန်း ခေါင်းခါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ ပြောတာနဲ့ နင်က ငါ့ကို နားရင်းအုပ်တယ်၊ နင်ရိုက်လို့ ငါ့မျက်လုံးတွေ မူးနောက်နောက် ဖြစ်နေပြီ၊ သွားတွေလည်း နာနေပြီ၊ မျက်နှာတစ်ခုလုံးလည်း မီးနဲ့ မြိုက်ခံထားရသလို ဖြစ်နေပြီ"

"ပြောစမ်း၊ ဒီကောင် နင့်နို့ကို ညှစ်လိုက်တာ"

"သူ ငါ့နို့ကို ညှစ်လိုက်တဲ့အခါ ငါ့မှာ အားတစ်စက်မှ မရှိတော့ဘူး"

"အဲဒါနဲ့ နင်က သူနဲ့ ခုတင်ပေါ် လိုက်တက်လိုက်တယ်ပေါ့"

"ငါ့မှာ အားတစ်စက်မှ မရှိတော့ဘူး၊ သူ ငါ့ကို ခုတင်ပေါ် ဆွဲတင်ခဲ့တာ..."

"တော်တော့"

ရှီစန်းကွမ်းက အော်ပြီး ရှီယွီလန်းပေါင်ကို တစ်ချက် ကန်ထည့်လိုက်တယ်။ ရှီယွီလန်းခမျာ နာလွန်းလို့ အသံတောင် မထွက်နိုင်တော့ဘူး။ ရှီစန်းကွမ်း ပြောတယ်။

"ငါတို့အိမ်မှာလား၊ ဒီခုတင်ပေါ်မှာ ဖြစ်ခဲ့တာလား"

တစ်အောင့်နေတော့မှ ရှီယွီလန်းက ပြောတယ်။

"ငါ့အဖေအိမ်မှာ ဖြစ်ခဲ့တာပါ"

ရှီစန်းကွမ်းလည်း သူ့ကိုယ်သူ မောနေပြီလို့ အောက်မေ့မိတာနဲ့ ထိုင်ခုံ တစ်လုံး ဆွဲပြီး ထိုင်လိုက်တယ်။ သူ ဝမ်းနည်းလာတယ်။

"ကိုးနှစ်ကွာ၊ ငါ့မှာတော့ ကိုးနှစ်လုံးလုံး ဝမ်းသာလာခဲ့လိုက်ရတာ၊ နောက်ဆုံး ကျတော့ အိလေ့က ငါ့သား မဟုတ်ဘူးတဲ့၊ ငါ ဝမ်းသာတာတွေ အလကား ဖြစ် သွားပြီပေါ့... ငါ အိလေ့ကို ကိုးနှစ်လုံးလုံး ကျွေးလာမွေးလာခဲ့တာ အလကား ဖြစ် သွားပြီပေါ့၊ နောက်ဆုံးကျတော့ အိလေ့က သူများသားတဲ့"

ပြောရင်း ရှီစန်းကွမ်း ရုတ်တရက် တစ်ခုခုကို သတိရလာလို့ ထိုင်ခုံကနေ ကောက်ထလာပြီး ရှီယွီလန်းကို ထပ်ပြီးအော်ငေါက်တယ်။

"နင့်ပထမဆုံးအကြိမ်ကို ဟိုရှောင်ယုံကို ပေးခဲ့တာ မဟုတ်လား"

"မဟုတ်ရပါဘူး"

ရှီယွီလန်း ငိုယိုပြောတယ်။

"နင်က ငါ ပထမဆုံး အတူအိပ်ဖူးတဲ့ ယောကျ်ားပါ"

"ငါ မှတ်မိပြီ"

ရှီစန်းကွမ်း ပြောတယ်။

"နင့်ပထမဆုံးအကြိမ်ကို ဟိုရှောင်ယုံကို ပေးခဲ့တာ သေချာတယ်၊ အဲဒီတုန်း က ငါက မီးခွက်တစ်လုံးလောက် ထွန်းပါလို့ ပြောတဲ့ဟာ၊ နင်က ပေးမထွန်းဘူး၊ ငါ အခုမှ သိတယ်၊ နင်က နင် ဟိုရှောင်ယုံနဲ့ အိပ်ခဲ့ဖူးတာ ပေါ်သွားမှာစိုးလို့ မီးပေး မထွန်းခဲ့တာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ နင့်ကို မီးပေးမထွန်းခဲ့တာက"

ရွှိယွိလန်း ဝိုယိုပြောတယ်။

"ငါ ရက်လို့ပါ..."

"နင့်ပထမဆုံးအကြိမ်ကို ဟိုရှောင်ယုံကို ပေးခဲ့တာ သေချာတယ်၊ မဟုတ်လို့ရှိရင် အော့လော့ ဘာလို့ ဒီကောင်နဲ့ ရုပ်ချင်း မတူရတာလဲ၊ စန်းလော့ ဘာလို့ ဒီကောင့်နဲ့ ရုပ်ချင်း မတူရတာလဲ၊ ဘာဖြစ်လို့ အိလော့ဆိုတဲ့ ခွေးသားလေးကျမှ ဒီကောင့်နဲ့ ရုပ်ချင်း လာတူနေရတာလဲ၊ ငါ့မိန်းမရဲ့ ပန်းဦးကို တခြားကောင် ခြွေသွားလို့၊ ငါ့ရဲ့သားဦးဟာလည်း တခြားကောင်ရဲ့သား ဖြစ်သွားတာပေါ့၊ နောက်နောင် ရွှိစန်းကွမ်းရဲ့ မျက်နှာကို လူတွေရှေ့မှာ ဘယ်လို ပြရတော့မလဲကွာ"

"ရွှိစန်းကွမ်း၊ နင် ပြန်စဉ်းစားကြည့်ပါဦး၊ ငါတို့မင်္ဂလာဦးညမှာ သွေးထွက်သလားလို့"

"သွေးထွက်တာ ဘာဆန်းလို့လဲ၊ အဲဒီတုန်းက ဗိုင်းတာမ နင့်ရဲ့ ပွဲတော်နေ့လေ"

"ဘုရားပေးပေး၊ ကျမ်းပေးပေးပါတော်..."

• • •

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ခြောက်

ရှီစန်းကွမ်းက ကြိမ်ကုလားထိုင်ပေါ်မှာ ပက်လက်လှဲ၊ ခြေနှစ်ဖက်ကို ခွေးခြေခုံပေါ်မှာ တင်ထားတယ်။ ရှီယွိလန်း ရောက်လာတယ်။

"ရှီစန်းကွမ်း၊ အိမ်မှာ ဆန်မရှိတော့ဘူး၊ ညတစ်နပ်စာပဲ ကျန်တော့တယ်၊ ဒီမှာ ရိက္ခာလက်မှတ်၊ ဒီမှာ ပိုက်ဆံ၊ ဒီမှာ ဆန်အိတ်၊ ဆန်ဆိုင်မှာ ဆန်သွားဝယ်ပေးပါ"

ရှီစန်းကွမ်း ပြောတယ်။

"ငါ သွားဝယ်မပေးနိုင်ဘူး၊ ငါ အခု ဘာမှ မလုပ်တော့ဘူး၊ ငါက အိမ်ပြန်ရောက်တာနဲ့ ဇိမ်ခံတော့မယ်၊ ဇိမ်ခံတယ် ဆိုတာ ဘာလဲ နင်သိလား၊ ဇိမ်ခံတယ်ဆိုတာ အဲဒီလိုပဲ၊ ကြိမ်ကုလားထိုင်ပေါ်မှာ ပက်လက်လှဲ၊ ခြေနှစ်ဖက်ကို ခွေးခြေခုံပေါ်မှာ တင်၊ ငါ ဘာလို့ ဇိမ်ခံနေရသလဲ နင် သိလား၊ အဲဒါ နင့်ကို အပြစ်ပေးချင်လို့၊ နင်က လူမှုရေးအမှား ကျူးလွန်ခဲ့တယ်၊ နင်က ငါ့ကွယ်ရာမှာ ဟိုခွေးမသား ဟိုရှောင်ယုံနဲ့ သွားအိပ်ခဲ့တာကိုး၊ အိလေ့ တစ်ကောင်တောင် ထွက်လာလိုက်သေးတယ်၊ ဒါကို စဉ်းစားမိတိုင်း ငါ ဒေါသထွက်ရတယ်၊ ဒါကို နင်က ငါ့ကို ဆန်သွားဝယ်ခိုင်းဦးမလို့လား၊ ဆုတောင်းပေ့ါဟာ"

ရှီယွိလန်း ပြောတယ်။

"ငါ ဆန်တစ်တင်းခွဲ ထမ်းလို့ မနိုင်လို့ပါ"

ရှီစန်းကွမ်း ပြောတယ်။

"တစ်တင်းခွဲ မနိုင်၊ ဆယ့်နှစ်ပြည်ထမ်း"

"ဆယ့်နှစ်ပြည်လည်း ငါ မနိုင်ဘူး"

"ဒါဖြင့် ခြောက်ပြည်ထမ်း"

◆

ရှီယွိလန်း ပြောတယ်။

"ရှီစန်းကွမ်း၊ ငါ အိပ်ရာခင်းလျှော်နေတယ်၊ အိပ်ရာခင်းက ကြီးလွန်းလို့ နင် ငါ့ကို ရေတစ်ချက်လောက် ဝိုင်းကူညှစ်ပေးပါလား"

mgyoe.com

mgyoe.com SAMPLE BOOK

ရှီစန်းကွမ်း ပြောတယ်။

"လုပ်မပေးနိုင်ဘူး၊ ငါ ကြိမ်ကုလားထိုင်မှာ လှဲနေတယ်၊ ငါ့ခန္ဓာကိုယ်က အခုမှ သက်သောင့်သက်သာ ရှိလာနေတာ၊ လှုပ်လိုက်တာနဲ့ ငါ ဇိမ်ပျက်သွားလိမ့်မယ်"

•

ရှီယွိလန်း ပြောတယ်။

"ရှီစန်းကွမ်း၊ နင် ငါ့ကို ဒီသေတ္တာ လာပြီး ဝိုင်းရွှေ့ပေးပါလား၊ ငါတစ်ယောက်တည်း မနိုင်လို့ပါ"

ရှီစန်းကွမ်း ပြောတယ်။

"လုပ်မပေးနိုင်ဘူး၊ ငါ ကြိမ်ကုလားထိုင်ပေါ် မှာ ဇိမ်ယူနေတယ်"

•

ရှီယွိလန်း ပြောတယ်။

"ရှီစန်းကွမ်းရေ၊ ထမင်းစားတော့မယ်"

ရှီစန်းကွမ်း ပြောတယ်။

"ထမင်းဟင်းတွေ ငါ့ဆီ ယူလာခဲ့၊ ငါ ကြိမ်ကုလားထိုင်ပေါ်မှာပဲ ထိုင်စားမယ်"

•

ရှီယွိလန်း မေးတယ်။

"ရှီစန်းကွမ်း၊ နင် ဇိမ်ခံနေတာ ဘယ်တော့မှ ပြီးမှာလဲဟင်"

ရှီစန်းကွမ်း ပြောတယ်။

"ငါလည်း မသိဘူး"

•

ရှီယွိလန်း ပြောတယ်။

"အိလော့ရော၊ အော့လော့ရော၊ စန်းလော့ရော အိပ်ပျော်သွားကြပြီ၊ ငါ့မျက်လုံးတွေလည်း မဖွင့်နိုင်တော့ဘူး၊ နင် အဲဒီ ကြိမ်ကုလားထိုင်ပေါ်မှာ ဇိမ်ခံလို့ပြီးလို့ရှိရင် ခုတင်ပေါ် တက်လာအိပ်တော့"

ရှီစန်းကွမ်း ပြောတယ်။

"ငါ အခုပဲ ခုတင်ပေါ် တက်လာအိပ်မယ်"

• • •

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ခုနစ်

ရှီစန်းကွမ်း ပိုးချည်စက်ရုံမှာ ပိုးအိမ်ပို့ငှာပ်သားအဖြစ် အလုပ်လုပ်ရတဲ့ အကျိုးခံစားမှု တစ်ခုကတော့ လတိုင်း ချည်ထိုးလက်အိတ်ဖြူတစ်စုံ ရတာပဲ။ ရုံထဲက အလုပ်သမတွေ သူ့ကို သိပ်ပြီး အားကျကြတယ်။ သူတို့က ဒီလို အရင်မေးတယ်။

"ရှီစန်းကွမ်း၊ နင် ဘယ်နှနှစ်ကြာမှ လက်အိတ် အသစ်တစ်စုံ လဲသလဲ"

ရှီစန်းကွမ်းက လက်မှာ ဝတ်ထားတဲ့ လက်အိတ်အစုတ်ကို ထောင်ပြတယ်။ သူ့လက်က လှုပ်လိုက်တာနဲ့ လက်အိတ်ရဲ့ အပိုင်းပိုင်း ပြတ်နေတဲ့ ချည်စတွေဟာ ပလုတ်တုတ်လို တလှုပ်လှုပ် ဖြစ်လာတယ်။ ရှီစန်းကွမ်း ပြောတယ်။

"ဒီလက်အိတ်က သုံးနှစ်ကျော်ပြီ"

သူတို့ ပြောတယ်။

"ဒါကြီးကို လက်အိတ်လို့ ခေါ်နိုင်သေးလို့လားဟယ်၊ ငါတို့ အဝေးကြီးက ရပ်နေတာတောင် နင့်ရဲ့ လက်ဆယ်ချောင်းစလုံးကို သဲသဲကွဲကွဲ မြင်နေရတယ်ဟဲ့"

ရှီစန်းကွမ်း ပြောတယ်။

"အစ တစ်နှစ်မှာ အသစ်၊ နောက်တစ်နှစ်ဆို အဟောင်းဖြစ်၊ ဟိုဖာဒီဖာ နောက်သုံးနှစ်၊ ဒီလက်အိတ်ကို ငါ နောက်ထပ် သုံးနှစ်လောက် သုံးလို့ရသေးတယ်"

သူတို့ ပြောတယ်။

"ရှီစန်းကွမ်း၊ နင် လက်အိတ်တစ်စုံကို ခြောက်နှစ် သုံးတယ်၊ စက်ရုံက နင့်ကို တစ်လ လက်အိတ်တစ်စုံ ထုတ်ပေးတာ၊ ခြောက်နှစ် ဆိုရင် နင့်မှာ လက်အိတ် ခုနစ်ဆယ့်နှစ်စုံ ရှိမယ်၊ နင်က တစ်စုံပဲ သုံးတော့ ခုနစ်ဆယ့်တစ်စုံ ကျန်ဦးမယ်၊ နင်က လက်အိတ်တွေ ဒီလောက်အများကြီး စုထားပြီးတော့ ဘာလုပ်မှာလဲဟယ်၊

mgyoe.com SAMPLE BOOK
ဒီလက်အိတ်တွေ ငါတို့ကို ခွဲပေးလိုက်ပါလား၊ ငါတို့မှာတော့ ခြောက်လမှ လက်အိတ် တစ်စုံပဲ ရကြတာပါ"

ရှိစန်းကွမ်းက အသစ်ထုတ်လာတဲ့ လက်အိတ်ကို အိတ်ကပ်ထဲ သပ်သပ် ရပ်ရပ် ခေါက်သိမ်းပြီးတော့ ပြုံးစိစိနဲ့ အိမ်ပြန်သွားတယ်။ အိမ်ပြန်ရောက်တော့ ရှိစန်းကွမ်းက လက်အိတ်ကို ရှိယွိလန်းလက်ထဲ အပ်လိုက်တယ်။ လက်အိတ်ကို ယူပြီးတဲ့အခါ ရှိယွိလန်း ပထမဆုံး လုပ်တာက အိမ်ပြင်ထွက်ပြီး လက်အိတ်ကို မိုးပေါ် ထောင်ကြည့်တာပဲ။ နေ့အလင်းရောင် အားကိုးနဲ့ အဲဒီအသစ်ကျပ်ချွတ် လက်အိတ် ဟာ အညံ့စားလား၊ အကောင်းစားလား ဆိုတာကို ကြည့်တာ။ အကောင်းစားဆိုရင် ရှိယွိလန်းက–

"အာယား"

ဆိုပြီး ရုတ်တရက် ထအော်တတ်တာကြောင့် ရှိစန်းကွမ်းတောင်မှ ဒီလ ထုတ်လာတဲ့ လက်အိတ်မှာ ပိုးကိုက်ရာတွေများ ပါနေလို့လား ဆိုပြီး မကြာမကြာ လန့်ဖျပ်ခဲ့ရသေးတယ်။

"အကောင်းစားတော့"

လစဉ် လတိုင်းမှာ ရှိစန်းကွမ်း စက်ရုံက ပြန်လာတာနဲ့ ရှိယွိလန်းက လက် ဖြန့်ပြီး–

"ပေး"

လို့ ပြောတတ်တဲ့ ရက်နှစ်ရက် ရှိတယ်။

အဲဒီရက်နှစ်ရက်က တစ်ရက်က လခထုတ်တဲ့ ရက်၊ နောက်တစ်ရက်က လက်အိတ်ထုတ်တဲ့ရက်။ ရှိယွိလန်းက လက်အိတ်ကို သေတ္တာရဲ့ အောက်ဆုံးအဆင့် မှာ သိမ်းထားတယ်။ လက်အိတ် လေးစုံ ပြည့်လို့ရှိရင် စန်းလော့အတွက် ချည်ထိုး ဆွယ်တာတစ်ထည် ထိုးပေးလို့ရပြီ။ ခြောက်စုံ ပြည့်လို့ရှိရင် အော့လော့အတွက် ချည်ထိုးဆွယ်တာတစ်ထည် ထိုးပေးလို့ရပြီ။ ရှစ်စုံ၊ ကိုးစုံလောက်ဆိုရင် အိလော့မှာ လည်း ချည်ထိုးဆွယ်တာအသစ် တစ်ထည် ရပြီ။ ရှိစန်းကွမ်းရဲ့ချည်ထိုး ဆွယ်တာက လက်အိတ်အစုံ နှစ်ဆယ်ထက် မပိုပါဘူး။ ဒါပေမဲ့ ရှိယွိလန်း ထိုးမပေးရဲသေးဘူး။ သူက ရှိစန်းကွမ်းကို မကြာမကြာ ပြောတတ်တယ်။

"နင့်ချိုင်းကြားက အသားတွေ တိုးလာပြီ၊ ဗိုက်ခေါက်လည်း တစ်နေ့တခြား ထူလာပြီ၊ နင့်ဗိုက်သာ ဒီလိုဆက်ပြီး ပူလာရင်တော့ ဒီလက်အိတ်အစုံ နှစ်ဆယ်နဲ့ လောက်မှာ မဟုတ်တော့ဘူး"

ရှိစန်းကွမ်းလည်း–

"ဒါဖြင့် နင် ဝတ်ဖို့ပဲ ထိုးလိုက်တော့လေ"

လို့ ပြောလိုက်တယ်။
mgyoe.com

mgyobe.com SAMPLE BOOK

ရှီယွီလန်းက–

"ငါ အခု မထိုးသေးဘူး"

လို့ ပြောတယ်။

ရှီယွီလန်းက အကောင်းစား လက်အိတ် ဆယ့်ခုနစ်စုံ၊ ဆယ့်ရှစ်စုံလောက် ရှိလာအောင် စောင့်ပြီးမှ သူ ဝတ်ဖို့ ထိုးမှာ။ အကောင်းစားလက်အိတ် ဆိုတာက ရှီစန်းကွမ်း တစ်နှစ်မှ သုံးစုံလောက်ပဲ ရတာ။ သူတို့ အိမ်ထောင်သက် ကိုးနှစ်ထဲက ရှေ့က ခုနစ်နှစ်အတွင်းမှာ ရှီယွီလန်း သူ့ကိုယ်သူအတွက် အကောင်းဆုံး ချည်ထိုး ဆွယ်တာတစ်ထည် ထိုးနိုင်ခဲ့ပြီးပြီ။

အဲဒီချည်ထိုးဆွယ်တာ ထိုးပြီးတုန်းက ခါနွေဦး ပန်းတွေ ဖူးပွင့်နေတဲ့အချိန်။ ရှီယွီလန်းက ရေတွင်းနားမှာ ခေါင်းလျှော်ပြီးတော့ အိမ်တံခါးဝမှာ ထိုင်ပြီး အဲဒီတုန်းက မကွဲသေးတဲ့ ကြည့်မှန်ကို လက်မှာ ကိုင်လို့ သူ့ကို ဆံပင်ညှပ်ပေးနေတဲ့ ရှီစန်းကွမ်း ကို ညွှန်ကြားနေတယ်။ ဆံပင်ညှပ်ပြီးတော့ သူက နေရောင်အောက်မှာ ဆံပင်ကို အခြောက်လှန်းတယ်။ ပြီးတဲ့အခါ မျက်နှာမှာ စနိုးထူထူကြီး တစ်ထပ် လိမ်းပြီး ခုလေးပဲ ထိုးလို့ပြီးတဲ့ အကောင်းစား ချည်ထိုးဆွယ်တာကို မွေးကြိုင်စွာ ဝတ်လိုက်တယ်။ သေတ္တာအောက်ထဲကနေလည်း အပျိုဘဝတုန်းက စည်းနေကျ ပိုးပဝါကို ထုတ်ပြီး လည်ပင်းမှာ စည်းလိုက်သေးတယ်။ ခြေတစ်ဖက်က တံခါး ခြေကျော်အပြင်ကို လှမ်း၊ ကျန်တဲ့ ခြေတစ်ဖက်ကလည်း လှမ်းမယ် လုပ်ပြီးတော့မှ နေရာမှာ ပြန်တန့်လိုက်ပြီး လည်ပြန်လှည့်ကာ ရှီစန်းကွမ်းကို ပြောလိုက်တယ်။

"ဒီနေ့ ဆန်ဆေးတာတို့၊ ထမင်း ဟင်းချက်တာတို့ကို နင်ပဲ လုပ်လိုက်နော်၊ ဒီနေ့က ငါ့ပွဲတော်နေ့၊ ဘာအလုပ်မှ မလုပ်တော့ဘူး၊ သွားတော့မယ်နော်၊ ငါ လမ်း တစ်ပတ်လောက် ထွက်လျှောက်လိုက်ဦးမယ်"

ရှီစန်းကွမ်းက–

"ပြီးခဲ့တဲ့ အပတ်ကပဲ နင့်ပွဲတော်နေ့ ကျခဲ့တာလေ၊ ဘယ့်နှယ် အခု ပွဲတော် နေ့ ကျပြန်ပြီလား"

လို့ ပြောတယ်။

"ငါ ရာသီလာတာ မဟုတ်ဘူး၊ ငါ့ကိုယ်မှာ ဝတ်ထားတဲ့ အကောင်းစား ချည်ထိုးဆွယ်တာကို နင် မမြင်ဘူးလား"

အဲဒီချည်ထိုးဆွယ်တာကို ရှီယွီလန်း တစ်ခါ ဝတ်လိုက်တာ နှစ်နှစ် ကြာသွား တယ်။ ဒီကြားထဲ ငါးကြိမ် လျှော်တယ်။ တစ်ကြိမ် ဖာလိုက်ရသေးတယ်။ ရှီယွီလန်း က အကောင်းစား လက်အိတ်တစ်ဖက်ကို ဖျက်လို့ရလာတဲ့ ချည်တွေနဲ့ပဲ ဆွယ်တာ ကို ဖာခဲ့တာ။ ရှီစန်းကွမ်း စက်ရုံကနေ အကောင်းစား လက်အိတ်တွေ ပါလာဖို့ကို ရှီယွီလန်းက မျှော်နေခဲ့တာ။

mgyobe.com

mgyoe.com SAMPLE BOOK

"အဲဒါမှ ငါ ချည်ထိုးဆွယ်တာ အသစ်တစ်ထည် ထပ်ရမှာပေါ့".

လို့ သူက ရှို့စန်းကွမ်းကို ပြောပြတယ်။

ရှို့ယွိလန်း လက်အိတ် ဖျက်ဖို့ ဆုံးဖြတ်တိုင်း ရှေ့တစ်ည အိပ်ရာမဝင်ခင်မှာ ပြတင်းပေါက်ဖွင့်ပြီး ညကောင်းကင်မှာ ကြယ်တွေ ထွက်၊ မထွက် ခေါင်းပြူကြည့်တတ်တယ်။ လမင်း ထိန်ထိန်သာပြီး ကြယ်တွေလည်း မှိတ်တုတ်မှိတ်တုတ် လင်းလက်နေတာ မြင်ရလို့ရှိရင် နောက်တစ်နေ့ နေသာပြီလို့ သူက မှတ်ယူလိုက်ပြီး နောက်တစ်နေ့ ရောက်တာနဲ့ သူက လက်အိတ်ကို ဖျက်တော့တယ်။

လက်အိတ် ဖျက်ရာမှာ လူနှစ်ယောက် လိုတယ်။ ရှို့ယွိလန်းက လက်အိတ်ပေါ်က ချည်စကို တွေ့အောင်ရှာပြီး ဆွဲမိလို့ရှိရင် တောက်လျှောက် ဆွဲထုတ်လို့ ရပြီ။ သူက ဆွဲထုဘ်လို့ ရလာတဲ့ ချည်ကို ဆန့်တန်းထားတဲ့ လက်နှစ်ဖက်မှာ ပတ်ပြီး ဆွဲဆန့်ရမယ်။ လက်အိတ်ကနေ ဆွဲထုတ်လို့ ရလာတဲ့ ချည်တွေက ကွေးကွေးကောက်ကောက်တွေမို့ ဆွယ်တာထိုးလို့ မရသေးဘူး။ ရေထဲမှာ အရင်စိမ်ရသေးတယ်။ ရေထဲမှာ နှစ်နာရီ သုံးနာရီလောက် စိမ်ပြီးတော့မှ ဝါးလုံးမှာ ချိတ်ပြီး နေထပ်လှန်းရတယ်။ ရေရဲ့ အလေးချိန်က ကွေးကောက်နေတဲ့ ချည်ကို ဆွဲဆန့်ပေးတယ်။

ရှို့ယွိလန်း လက်အိတ် ဖျက်တော့မယ်။ ဆန့်တန်းထားတဲ့ လက်နှစ်ဖက်လိုအပ်တာမို့ သူက–

"အိလော့ရေ အိလော့..."

လို့ လှမ်းခေါ်လိုက်တယ်။

အိလော့ အပြင်ကနေ ဝင်လာပြီး သူ့အမေကို မေးတယ်။

"အမေ၊ သားကို ခေါ်သလား"

ရှို့ယွိလန်း ပြောတယ်။

"အိလော့ရေ၊ အမေ့ကို လက်အိတ် ကူဖျက်ပေးပါကွယ်"

အိလော့ ခေါင်းခါတယ်။

"မလုပ်ချင်ဘူး"

အိလော့ ထွက်သွားတော့ ရှို့ယွိလန်းက အော့လော့ကို ခေါ်တယ်။

"အော့လော့ရေ၊ အော့လော့..."

အပြင်ကနေ ပြေးဝင်လာတဲ့ အော့လော့ဟာ သူ့ကို လက်အိတ် ကူဖျက်ခိုင်းဖို့ ခေါ်လိုက်မှန်း သိတာနဲ့ ခွေးခြေခုံလေးပေါ်မှာ ပျော်ပျော်ကြီး ထိုင်ချပြီး သူ့အမေ ဆွဲထုတ်လို့ရလာတဲ့ ချည်တွေ ရစ်ပတ်ဖို့အတွက် လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်တယ်။ အဲဒီအချိန်မှာ စန်းလော့လည်း ရောက်လာတယ်။ စန်းလော့ကလည်း အော့လော့ဘေးမှာ လာရပ်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းလိုက်တယ်။ သူ့ကိုယ်လုံးနဲ့လည်း အော့လော့ကို အတင်းတွန်းဖယ်ပစ်ဖို့ လုပ်သေးတယ်။ စန်းလော့ လက်နှစ်ဖက် ဆန့်တန်းထားတာကို မြင်တော့ ရှို့ယွိလန်းက ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"စန်းလော့၊ ဖယ်စမ်း၊ မင်းလက်က နှာရည်တွေ ပေကျံနေတာပဲ"

ရှိယွိလန်းဟာ အော့လော့နဲ့အတူ ထိုင်မိလိုက်တာနဲ့ နှစ်ယောက်သား ပြောလို့ မကုန်တဲ့ စကားတွေ ရှိလာတယ်။ အသက် သုံးဆယ် မိန်းမတစ်ယောက်နဲ့ ရှစ်နှစ်သား ချာတိတ်လေးတစ်ယောက်တို့ စကားပြောနေတာဟာ အသက် သုံးဆယ် မိန်းမနှစ်ယောက်၊ သို့မဟုတ် ရှစ်နှစ်သား ချာတိတ်လေး နှစ်ယောက် စကားပြော နေတာနဲ့ တူနေတော့တယ်။ နှစ်ယောက်သား ထမင်းစားပြီးတဲ့အချိန်၊ အိပ်ရာဝင်ခါ နီးအချိန်၊ လမ်းမှာ အတူလမ်းလျှောက်နေချိန်တို့မှာ သူတို့နှစ်ယောက်ဟာ အမြဲလိုလို စကားဖောင်ဖွဲ့လို့ မကုန်နိုင်အောင် ဖြစ်နေတတ်ကြတယ်။

ရှိယွိလန်း ပြောတယ်။

"မြို့တောင်ပိုင်း ကျုန်းမိသားစုက ကောင်မလေးက တစ်နေ့တခြား ပိုပို လှလာတယ် သိလား"

အော့လော့ မေးတယ်။

"ဟို ကျစ်ဆံမြီး ဖင်အထိလောက် ရှိတဲ့ မကျုန်း ဆိုတဲ့ တစ်ယောက်လား"

ရှိယွိလန်း ပြောတယ်။

"ဟုတ်တယ်၊ တစ်ခါတုန်းက မင်းကို ဖရဲသီး ကျွေးဖူးတဲ့ ကောင်မလေးလေ၊ တစ်နေ့တခြား ပိုပိုလှလာတယ်နော်"

အော့လော့ ပြောတယ်။

"သူ့ကို သူများတွေ နို့ကြီးမ ကျုန်းလို့ ခေါ်တာ သား ကြားဖူးတယ်"

ရှိယွိလန်း ပြောတယ်။

"ပိုးချည်စက်ရုံက လင်းဖဲန်းဖန်းတစ်ယောက် အဖြူရောင် အားကစားဖိနပ် တစ်ရန် စီးထားတာ ငါ တွေ့လိုက်တယ်၊ အထဲမှာ အနီရောင် နိုင်လွန်ခြေအိတ်နဲ့၊ အနီရောင် နိုင်လွန်ခြေအိတ်ကိုတော့ ငါ အရင်က မြင်ဖူးတယ်၊ တို့အိမ်နဲ့ စားလွယ် ခုတ်မှာ နေတဲ့ လင်းဖဲန်းဖန်း ရှေ့ရက်ကပဲ ဝတ်ထားတာလေ၊ မိန်းမစီး အဖြူရောင် အားကစားဖိနပ်ကိုတော့ ငါ အခုမှ ပထမဆုံး မြင်ဖူးတာ"

အော့လော့ ပြောတယ်။

"သား မြင်ဖူးတယ်၊ ကုန်ပဒေသာဆိုင်က ကောင်တာမှာ တစ်ရန် တင်ထား တယ်လေ"

ရှိယွိလန်း ပြောတယ်။

"ယောကျာ်းစီး အဖြူရောင် အားကစားဖိနပ်ကိုတော့ ငါ မြင်ဖူးတာ မနည်း ဘူး၊ လင်းဖဲန်းဖိန်း အစ်ကိုဆီမှာ တစ်ရန် ရှိတယ်လေ၊ နောက်ပြီး တို့လမ်းထဲမှာ နေတဲ့ ဝမ်တယ်ဖူဆီမှာလည်း ရှိတယ်"

အော့လော့ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီ ဝမ်တယ်ဖူအိမ်ကို မကြာမကြာ သွားတတ်တဲ့ ပိန်ပိန်နဲ့ တစ်ယောက် လည်း အဖြူရောင် အားကစားဖိနပ် စီးထားတယ်"

ရွှီယွိလန်း ပြောတယ်။

"..."

အော့လော့ ပြောတယ်။

"..."

ရွှီယွိလန်းနဲ့ အိလော့ကျတော့ ပြောစရာ စကား သိပ်မရှိဘူး။ အိလော့ဟာ ရွှီယွိလန်းနောက်ကို မလိုက်ချင်ဘူး။ ရွှီယွိလန်းနဲ့ အလုပ်အတူတူ မလုပ်ချင်ဘူး။ ရွှီယွိလန်းက ဈေးသွားဝယ်တော့မယ့်အခါ အိလော့ကို ခေါ်တယ်။

"အိလော့ရေ၊ အမေ့ကို ဈေးခြင်းတောင်း ကူဆွဲပေးပါကွယ်"

အိလော့က–

"မလုပ်ချင်ဘူး"

လို့ ပြောတယ်။

"အိလော့ရေ၊ အမေ့ကို အပ်နဖားလေး ကူထိုးပေးပါကွယ်"

"မလုပ်ချင်ဘူး"

"အိလော့ရေ၊ အဝတ်တွေ ခေါက်သိမ်းလိုက်ပါကွယ်"

"မလုပ်ချင်ဘူး"

"အိလော့ရေ..."

"မလုပ်ချင်ဘူး"

ရွှီယွိလန်း ဒေါသထွက်ပြီ။ သူက အိလော့ကို ငေါက်လိုက်တယ်။

"ဘာကိုကျမှ မင်းက လုပ်ချင်မှာလဲ"

ရွှီစန်းကွမ်းက အိမ်ထဲမှာ လူးလာခေါက်တုံ့ လျှောက်ရင်း ခေါင်မိုးကို မော့ ကြည့်တယ်။ အိမ်ခေါင်မိုး အပေါက်တချို့ကနေ နေရောင်ခြည်တွေ ဝင်လာတာကို တွေ့ရလို့ သူက ပြောတယ်။

"ငါ ခေါင်မိုးပေါ်တက်ပြီး တစ်ချက် လုပ်လိုက်ဦးမယ်၊ နို့မဟုတ်ရင် မိုးတွင်း ကျ အပြင်မှာ မိုးသည်းနေတဲ့အခါ တို့အိမ်ထဲမှာ မိုးဖွဲနေလိမ့်မယ်"

စကားဆုံးတာနဲ့ အိလော့က ရွှီစန်းကွမ်းကို ပြောတယ်။

"အဖေ၊ သား လှေကား သွားငှားလိုက်မယ်"

"မင်း ငယ်သေးတယ်၊ လှေကား သယ်နိုင်မှာ မဟုတ်ဘူး"

"သား အရင်သွားငှားထားလိုက်မယ်လေ၊ ပြီးမှ အဖေ သွားသယ်ပေါ့"

လှေကားသယ်လာပြီ။ ရွှီစန်းကွမ်း လှေကားနဲ့ ခေါင်မိုးပေါ် တက်ခါနီးမှာ အိလော့က ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဖေ၊ သား အဖေ့ကို လှေကား ထိန်းထားပေးမယ်"

ရှိစန်းကွမ်း ခေါင်မိုးပေါ် ရောက်သွားပြီ။ ခေါင်မိုးပေါ်မှာ တကျွိကျွိနဲ့ မြည်လာတယ်။ အိလော့လည်း အောက်မှာ အလုပ်များလာပြီ။ သူက ရှိစန်းကွမ်းရဲ့ အကြမ်းအိုးကို လှေကားနား ယူလာတယ်။ မျက်နှာသစ်ဇလုံ တစ်လုံးလည်း သွားယူလာပြီး ဇလုံထဲကို ရေထည့်၊ ရှိစန်းကွမ်းရဲ့ မျက်နှာသုတ်ပဝါကို ထည့်စိမ်တယ်။ ပြီးတဲ့နောက်မှာ လက်ဖက်ရည်အိုးကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး အပေါ်ကို လှမ်းအော်ပြောလိုက်တယ်။

"အဖေ၊ အောက်ဆင်းလာပြီး ရေနွေးကြမ်း သောက်ပါဦး"

ရှိစန်းကွမ်းက ခေါင်မိုးပေါ်ကနေ ပြောတယ်။

"မသောက်သေးဘူး၊ ငါ အခုမှ တက်လာတာလေ"

အိလော့က ရှိစန်းကွမ်းရဲ့ မျက်နှာသုတ်ပဝါကို ရေညှစ်ပြီးတော့ လက်မှာ ကိုင်ထားတယ်။ တစ်အောင့်လောက် ကြာတဲ့အခါ သူက ထပ်အော်ခေါ်တယ်။

"အဖေ၊ အောက်ဆင်းလာပြီး ခဏနားပါဦး၊ ချွေးလေးဘာလေး သုတ်ပေါ့"

ရှိစန်းကွမ်းက ခေါင်မိုးပေါ်မှာ ဆောင့်ကြောင့်ထိုင် ပြောတယ်။

"ငါ ချွေးမထွက်သေးဘူး"

အဲဒီအချိန်မှာ စန်းလော့ ဒယိမ်းဒယိုင် လျှောက်လာတယ်။ စန်းလော့ အနားကပ်လာတာကို မြင်တာနဲ့ အိလော့က လက်ကာပြပြီး မောင်းထုတ်တယ်။

"စန်းလော့၊ သွားစမ်း၊ ဒီမှာ မင်းအလုပ် မရှိဘူး"

စန်းလော့က မသွားဘူး။ သူက လှေကားနား လာပြီး လှေကားထိန်းပေးတယ်။ အိလော့က ပြောတယ်။

"အခု လှေကားထိန်းဖို့ မလိုတော့ဘူး"

အဲဒါနဲ့ စန်းလော့က လှေကားရဲ့ အောက်ဆုံးအထစ်မှာ ဝင်ထိုင်လိုက်တယ်။ အိလော့လည်း ဘာလုပ်ရမှန်း မသိတော့တာနဲ့ အပေါ်မော့ပြီး ရှိစန်းကွမ်းနဲ့ တိုင်ပြောလိုက်တယ်။

"အဖေ၊ ဒီမှာ စန်းလော့ မသွားဘဲ ပေကတ်ကတ် လုပ်နေတယ်"

ရှိစန်းကွမ်းက ခေါင်မိုးပေါ်ကနေ စန်းလော့ကို ဝေါက်လိုက်တယ်။

"စန်းလော့၊ သွားစမ်း၊ တော်ကြာ အုတ်ကြွပ် ခေါင်းမှန်လို့ သေနေဦးမယ်"

အိလော့က ရှိစန်းကွမ်းကို ပြောလေ့ရှိတယ်။

"အဖေ၊ သား အမေတို့နဲ့ အတူနေရတာ သဘောမကျဘူး၊ သူတို့က တစ်ချိန်လုံး ဘယ်သူက ဘယ်လို လှတယ်၊ ဘယ်သူက ဘယ်လို ဝတ်ထားတာတွေချည်း ပြောနေတာ၊ သားက အဖေတို့လို ယောကျ်ားကြီးနဲ့ပဲ အတူရှိနေချင်တာ၊ အဖေတို့ ပြောတာတွေ အားလုံးကို သား သဘောကျတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ရှိစန်းကွမ်းက သစ်သားပုံး ဆွဲပြီး ရေတွင်းမှာ ရေသွားခပ်တယ်။ သစ်သားပုံး လက်ကိုင်မှာ ချိတ်ထားတဲ့ ဂုန်နီကြိုးက ရေထဲမှာ အကြိမ်တစ်ရာမက အစိမ်ခံထားရပြီး ဖြစ်သလို နေပူအောက်မှာလည်း အကြိမ်တစ်ရာမက လှန်းခံထားရပြီးပြီ။ ဒီတစ်ကြိမ် ရှိစန်းကွမ်း သစ်သားပုံးကို ရေတွင်းထဲ ပစ်ချပြီးတဲ့နောက် ပြန်ဆွဲလိုက်တာ သစ်သားပုံး ပါမလာတော့ဘဲ ဂုန်နီကြိုးပြတ်စ တစ်ပိုင်းသာ ပါလာခဲ့တယ်။ သစ်သားပုံး ရေတွင်းအောက်ကျပြီး တွင်းရေထဲ နစ်သွားပြီ။

ရှိစန်းကွမ်း အိမ်ပြန်လာပြီး တံစက်မြိတ်ကနေ အဝတ်လှန်းတဲ့ ဝါးလုံး တစ်ချောင်း ယူတယ်။ ပြီးတဲ့အခါ ခွေးခြေခုံတစ်လုံး ဆွဲပြီး တံခါးဝမှာ ထိုင်ပြီးတော့ နန်းကြိုးထူထူတစ်စကို ညှပ်နဲ့ ချိတ်ပုံစံဖြစ်အောင် ကွေးပြီး နန်းကြိုးပါးပါးတွေနဲ့ အဲဒီချိတ်ကို ဝါးလုံးထိပ်မှာ ချည်လိုက်တယ်။ အိလော့ မြင်တော့ အနားကပ်လာပြီး မေးတယ်။

"အဖေ၊ ရေတွင်းထဲ သစ်သားပုံး ကျသွားပြန်ပြီလား"

ရှိစန်းကွမ်း ခေါင်းညိတ်ပြီး အိလော့ကို ပြောတယ်။

"အိလော့၊ ဝါးလုံးကို ထမ်းပေးထား"

အိလော့လည်း မြေကြီးပေါ် ထိုင်ချပြီး ဝါးလုံးကို ပခုံးပေါ် ထမ်းထားလိုက်တယ်။ ရှိစန်းကွမ်း သံချိတ်ကို ခိုင်အောင်ချည်ပြီးတာကို မြင်ရပြီးတော့မှ ဝါးလုံးရဲ့ ဒီဘက်ထိပ်ကို သူက ပခုံးနဲ့ထမ်း၊ ဟိုဘက်ထိပ်ကို ရှိစန်းကွမ်းက လက်နဲ့ ကိုင်ပြီးတော့ သားအဖနှစ်ယောက် ရေတွင်းဆီကို ရောက်လာကြတယ်။

ခါတိုင်းဆိုရင် အချိန်တစ်နာရီလောက်ပဲ ကြာတယ်။ ရှိစန်းကွမ်းက ဝါးလုံးကို ရေတွင်းထဲ ထိုးစိုက်ပြီး မိနစ်နှစ်ဆယ် နာရီဝက်လောက်၊ သို့မဟုတ် တစ်နာရီလောက် စမ်းပြီးတာနဲ့ သစ်သားပုံးရဲ့ လက်ကိုင်ကို ချိတ်မိသွားပြီး သစ်သားပုံးကို ပြန်ဆွဲတင်လိုက်ရုံပဲ။ ဒါပေမဲ့ ဒီတစ်ခေါက်မှာ သူတို့ တစ်နာရီခွဲလောက် စမ်းပြီးတာတောင် သစ်သားပုံးလက်ကိုင်ကို ချိတ်မမိနိုင်သေးဘူး။ ရှိစန်းကွမ်းလည်း နဖူးက ချွေးတွေကို သုတ်ရင်း–

"အပေါ်မှာလည်း မရှိဘူး၊ ဘယ်ဘက်မှာလည်း မရှိဘူး၊ ညာဘက်မှာလည်း မရှိဘူး၊ လေးဖက်လေးလံ ဘယ်နေရာမှာမှ မရှိဘူး၊ ဒီလက်ကိုင်ကတော့ သစ်သားပုံးအောက်မှာ ဖောက်ထိုးစိုက်နေပြီ ထင်တယ်၊ ဒီတစ်ခါဖြင့် သွားပါပြီ၊ ဒုက္ခပါပဲ"

လို့ ပြောတယ်။

ရှိစန်းကွမ်းက ဝါးလုံးကို ရေတွင်းထဲက ပြန်ထုတ်ပြီး ရေတွင်းပေါင်မှာ မှီထားလိုက်တယ်။ လက်နှစ်ဖက်နဲ့ ခေါင်းကို ပွတ်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေရှာတယ်။ အိလော့က ရေတွင်းနှုတ်ခမ်းဝကနေ ရေတွင်းထဲကို တစ်အောင့်လောက် ငုံ့ကြည့်ပြီး သူ့အဖေကို ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဖေ၊ ကြည့်ပါဦး၊ သားတစ်ကိုယ်လုံး ချွေးတွေချည်းပဲ..."

ရှိစန်းကွမ်းက အင်းတစ်ချက်ပဲ ထူးတယ်။ အိလော့က ပြောပြန်တယ်။

"အဖေ မှတ်မိသေးလား၊ တစ်ခါတုန်းက သား မျက်နှာသစ်ဇလုံထဲက ရေထဲမှာ မျက်နှာကို နှစ်ပြီး ရေငုပ်ခဲ့တာ တစ်မိနစ်နဲ့ နှစ်ဆယ့်သုံးစက္ကန့် ကြာခဲ့တယ်လေ၊ ကြားမှာ အသက်တစ်ချက်မှ မရှူဘဲ အသက်အောင့်ထားနိုင်ခဲ့တယ်လေ"

ရှိစန်းကွမ်း ပြောတယ်။

"ဒီလက်ကိုင်က အောက်မှာ ဖောက်ထိုးစိုက်နေတာ၊ ဘယ်လို လုပ်မလဲကွာ"

အိလော့ ပြောတယ်။

"အဖေ... ဒီရေတွင်းက နက်လွန်းအားကြီးလို့ သား ခုန်မချရဲဘူး အဖေ၊ ဒီရေတွင်းက နက်လွန်းအားကြီးလို့ သား ခုန်ချပြီးရင် ပြန်တက်မလာနိုင်ဘူး၊ အဖေ ကြိုးတစ်ချောင်း သွားရှာပြီး သားကို ခါးမှာ ချည်ပေးပါလား၊ ပြီးတော့ သားကို ဖြည်းဖြည်းချင်း အောက်ချပေး၊ သား ရေတစ်ခါငုပ်ရင် တစ်မိနစ်နဲ့ နှစ်ဆယ့်သုံးစက္ကန့် ငုပ်နိုင်တယ်၊ သား သစ်သားပုံးကို ရေငုပ်ပြီး ဆင်းဆယ်ပေးမယ်၊ ပြီးမှ အဖေ သားကို အပေါ်ပြန်ဆွဲတင်ပေးပေါ့"

ရှိစန်းကွမ်းလည်း နားထောင်ပြီးတဲ့အခါ ဒီကလေး အိလော့အကြံ မဆိုးဘူးပဲလို့ အောက်မေ့မိတာနဲ့ အိမ်ကို အပြေးပြန်ပြီး အသစ်စက်စက် ဂုန်နီကြိုးတစ်ချောင်း သွားယူလာခဲ့တယ်။ သူက ဂုန်နီကြိုးဟောင်း မသုံးရဲဘူး။ မပြောကောင်း မဆိုကောင်း အိလော့ပါ သစ်သားပုံးလို တွင်းရေထဲ နစ်သွားမှဖြင့် အဲဒီအခါကျမှ တကယ့်ကို ကိုယ်ကျိုးတွေ နည်းကုန်မှာ။

ရှိစန်းကွမ်းက ဂုန်နီကြိုးရဲ့ ထိပ်နှစ်ဖက်ကို အိလော့ရဲ့ ပေါင်နှစ်ဖက်မှာ ပတ်ပြီး အိလော့ရဲ့ ဘောင်းဘီခါးပတ်ကြိုးမှာ ချည်ပေးထားလိုက်တယ်။ ပြီးတဲ့နောက်မှာ အိလော့ကို ရေတွင်းထဲ ဖြည်းဖြည်းချင်း ချပေးလိုက်တယ်။ အဲဒီအချိန်မှာ စန်းလော့က ဒယိမ်းဒယိုင် ရောက်လာပြန်တယ်။ စန်းလော့ အနားကပ်လာတာကို မြင်တော့ ရှိစန်းကွမ်းက ပြောလိုက်တယ်။

"စန်းလော့၊ သွားစမ်း၊ မင်း ရေတွင်းထဲ ကျသွားလိမ့်မယ်"

ရှိစန်းကွမ်းက ရှိစန်းလော့ကို–

"စန်းလော့၊ သွားစမ်း..."

လို့ မောင်းထုတ်လေ့ ရှိတယ်။

ရှိယွိလန်းကလည်း ရှိစန်းလော့ကို–

"စန်းလော့၊ သွားစမ်း..."

လို့ မောင်းထုတ်လေ့ ရှိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါ့အပြင် အိလော့နဲ့ အော့လော့တို့ကလည်း စန်းလော့ကို တစ်ခါတလေ "စန်းလော့၊ သွားစမ်း..." လို့ မောင်းထုတ်တတ်ကြသေးတယ်။

သူတို့က စန်းလော့ကို သွားစမ်းလို့ မောင်းထုတ်တော့ စန်းလော့လည်း သွားရရှာတာပေါ့။ ခမျာ အမြဲလိုလို လမ်းပေါ်မှာ တစ်ယောက်တည်း လျှောက်သွားနေရရှာတယ်။ သကြားလုံးဆိုင်ရှေ့မှာ သွားရည်တွေကို မျိုချရင်း အကြာကြီး ရပ်ကြည့်နေတတ်ရှာတယ်။ မြစ်စပ်မှာ ဆောင့်ကြောင့်ထိုင်ပြီး ငါးကလေးတွေ၊ ပုစွန်ကလေးတွေကို ကြည့်နေတတ်ရှာတယ်။ သစ်သားခတ်တိုင်နားမှာ ကပ်ပြီး ခတ်တိုင်ထဲက တအုန်းအုန်း လျှပ်စီးသံကို နားထောင်နေတတ်ရှာတယ်။ သူများအိမ်ရှေ့မှာ ပုစွန်တုပ်ကွေးရင်း အိပ်ပျော်သွားတတ်ရှာတယ်။ ခမျာ အမြဲလိုလို လျှောက်ရင်း လျှောက်ရင်း ဘယ်ရောက်လာမှန်း မသိတော့ဘဲ ဖြစ်လာလို့ လမ်းမေးပြီး အိမ်ပြန်လာခဲ့ရရှာတယ်။

ရွှီစန်းကွမ်းက ရွှီယွိလန်းကို အမြဲပြောလေ့ရှိတယ်။

"အိလော့က ငါနဲ့ တူတယ်၊ အော့လော့က နင်နဲ့ တူတယ်၊ ဒီကောင်လေး စန်းလော့ကျတော့ ဘယ်သူနဲ့ သွားတူပါလိမ့်"

ရွှီစန်းကွမ်း ဒီစကားမျိုး ပြောတာဟာ တကယ်တော့ သားသုံးယောက်ထဲမှာ အိလော့ကို အချစ်ဆုံးလို့ ပြောတာပါပဲ။ ဒါပေမဲ့ နောက်ဆုံးကျတော့ အဲဒီ အိလော့ကပဲ သူများသား ဖြစ်လာခဲ့လေတယ်။ တစ်ခါတလေ ကြိမ်ကုလားထိုင်မှာ လှဲရင်း ဒီအကြောင်းကို တွေးမိတိုင်း ရွှီစန်းကွမ်း ဝမ်းနည်းလွန်းလို့ မျက်ရည်ကျလာတတ်တယ်။

ရွှီစန်းကွမ်း မျက်ရည်ကျတဲ့အခါ စန်းလော့ ရောက်လာတယ်။ သူ့အဖေ ငိုနေတာကို မြင်တော့ သူလည်း အဖေနဲ့အတူ ဘေးကနေ လိုက်ငိုတယ်။ အဖေ ဘာလို့ ငိုမှန်း သူ မသိသလို၊ သူ ဘာလို့ ငိုမှန်းလည်း သူ့ကိုယ်သူ မသိရှာဘူး။ သူများ နှာချေတဲ့အခါ သူ လိုက်ချေမိတတ်သလို၊ အဖေရဲ့ဝမ်းနည်းမှုဟာ သူ့ဆီကို ကူးစက်လာခဲ့တာလေ။

ရွှီစန်းကွမ်းဟာ ငိုနေတုန်း ဘေးမှာ ကိုယ့်ထက်ပိုပြီး ဝမ်းနည်းစွာ ငိုနေတဲ့ လူတစ်ယောက် ရှိနေသလိုပဲ ဆိုပြီး လှည့်ကြည့်လိုက်တာ စန်းလော့ ဆိုတဲ့ ကလေးမှန်း သိလိုက်ရတဲ့အခါ သူလည်း လက်ကာပြပြီး-

"စန်းလော့၊ သွားစမ်း"

လို့ ပြောလိုက်တယ်။

စန်းလော့လည်း ထွက်သွားရရှာတယ်။ အဲဒီအချိန်မှာ စန်းလော့က ခုနစ်နှစ်သား ရှိနေပြီ။ လက်ထဲမှာ လောက်လေးခွ တစ်လက်နဲ့၊ အိတ်ကပ်ထဲမှာ ခဲလုံးတွေ အပြည့်ထည့်ပြီး လူးလာခေါက်တုံ့ လျှောက်သွားရင်း အိမ်ခေါင်မိုးပေါ် လျှောက်သွားနေတဲ့၊ သို့မဟုတ် သစ်ကိုင်းပေါ်မှာ ခုန်ပေါက်နေတဲ့ စာကလေးတွေကို မြင်လို့

mgyoe.com

mgyoe.com SAMPLE BOOK

ရှိရင် လောက်လေးခွနဲ့ ချိန်ပြီး ခဲလုံးကို ပစ်လွှတ်လိုက်တယ်။ သူ ပစ်လိုက်တဲ့ ခဲလုံးက စာကလေးတွေကို သွားမမှန်ဘဲ၊ သူတို့ကိုသာ ကျည်ကျည်ကျာကျာနဲ့ လန့်ဖျပ်ပျံပြေးသွားကြစေတယ်။ ပျံပြေးသွားကြတဲ့ စာကလေးတွေကို သူက အောက်ကနေ ဒေါနဲ့ မောနဲ့ အော်ခေါ်တတ်တယ်။

"ပြန်လာကြစမ်း၊ နင်တို့ ပြန်လာကြစမ်း"

စန်းလော့ရဲ့ လောက်လေးခွက အမြဲလိုလို လမ်းမီးကို ချိန်တယ်။ ကြောင်တို့၊ ကြက်တို့၊ ဘဲတို့ကို ချိန်တယ်။ ဝါးလုံးတန်းမှာ လှန်းထားတဲ့ အဝတ်တွေ၊ ပြတင်းပေါက်မှာ ချိတ်ထားတဲ့ ငါးခြောက်တွေ၊ နောက်ပြီး ဖန်ပုလင်းတို့၊ ခြင်းတောင်းတို့၊ မြစ်ထဲ ပေါလောမျောနေတဲ့ ဟင်းရွက်တို့ကို ချိန်တယ်။ တစ်ကြိမ်မှာ သူ ပစ်လိုက်တဲ့ ခဲလုံးက ကောင်လေးတစ်ယောက်ရဲ့ ခေါင်းကို သွားမှန်တယ်။

အဲဒီကောင်လေးဟာ စန်းလော့နဲ့ အသက်ရွယ်တူပဲ။ လမ်းမှာ အကောင်းပကတိကြီး လမ်းလျှောက်နေတုန်း ရုတ်တရက် ခေါင်းကို ခဲလုံးတစ်လုံး လာမှန်လို့ နှစ်ချက်လောက် ယိုင်သွားပြီးမှ ခဲမှန်တဲ့ နေရာကို လက်နဲ့ စမ်းကြည့်တယ်။ ပြီးတော့မှ တဟီးဟီး ထငိုတာ။ သူက ငိုရင်း ဒီဘက် လှည့်ကြည့်လိုက်တာ၊ လက်ထဲမှာ လောက်လေးခွတစ်လက် ကိုင်ပြီး သူ့ကို တဟဲဟဲရယ်နေတဲ့ စန်းလော့ကို တွေ့သွားတယ်။ သူလည်း ငိုရင်းနဲ့ စန်းလော့ရှေ့ကို ရောက်လာပြီး စန်းလော့ကို ပါးတစ်ချက် လှမ်းရိုက်တယ်။ ဒါပေမဲ့ ရိုက်ချက်က စန်းလော့ပါးကို မထိဘဲ စန်းလော့ နောက်စေ့ကို လာထိတယ်။ ပါးတစ်ချက် အရိုက်ခံရတဲ့ စန်းလော့လည်း ဟိုကောင်လေးကို ပါးတစ်ချက် ပြန်ရိုက်လိုက်တယ်။ ဒီလိုနဲ့ ကလေးနှစ်ယောက် တစ်ယောက်ပါးကို တစ်ယောက် ရိုက်ကြတယ်။ ပါးရိုက်သံ တဖြန်းဖြန်း မြည်လာတယ်။ ဒါပေမဲ့ သူတို့ငိုသံက ပါးရိုက်သံထက် ပိုကျယ်နေတယ်။ စန်းလော့လည်း တဟီးဟီး ငိုနေပြီလေ။

ဟိုကောင်လေးက ပြောတယ်။

"ငါ့အစ်ကိုကို သွားခေါ်လာမယ်၊ ငါ့မှာ အစ်ကိုနှစ်ယောက် ရှိတယ်၊ ငါ့အစ်ကိုက မင်းကို ဖြင်းမှာ"

စန်းလော့ ပြောတယ်။

"မင်းမှာ အစ်ကိုနှစ်ယောက် ရှိသလို ငါ့မှာလည်း အစ်ကိုနှစ်ယောက် ရှိတယ်၊ ငါ့အစ်ကိုနှစ်ယောက်က မင်းအစ်ကိုနှစ်ယောက်ကို ဗျင်းမှာ"

ဒီလိုနဲ့ ကလေးနှစ်ယောက် တိုင်ပင်ကြတယ်။ တစ်ယောက်ပါး တစ်ယောက် ရိုက်တာ ခဏရပ်လိုက်ကြတယ်။ သူတို့က အိမ်ပြန်ပြီး ကိုယ့်အစ်ကို ကိုယ် ပြန်သွားခေါ်လာမယ်၊ နောက်တစ်နာရီကြာရင် ဒီနေရာမှာ ပြန်တွေ့ကြမယ်လို့ သဘောတူလိုက်ကြတယ်။ စန်းလော့က အိမ်ကို အပြေးပြန်လာတယ်။ အိမ်ကို ရောက်တော့ အိမ်ထဲမှာ သမ်းဝေနေတဲ့ အော့လော့ကို တွေ့တာနဲ့ အော့လော့ကို ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK
"အော့လော့၊ ငါ သူများနဲ့ ရန်ဖြစ်လာလို့၊ ငါ့ကို ကူညီပါဦး"
အော့လော့ မေးတယ်။
"မင်း ဘယ်သူနဲ့ ရန်ဖြစ်တာလဲ"
စန်းလော့ ပြောတယ်။
"ငါလည်း သူ့နာမည် မခေါ်တတ်ဘူး"
အော့လော့ ထပ်မေးတယ်။
"အဲဒီကောင် ဘယ်အရွယ်လောက်ရှိလဲ"
စန်းလော့ ပြောတယ်။
"ငါ့အရွယ်ပဲ"
ဟိုကောင်လေးဟာ စန်းလော့နဲ့ ရွယ်တူပဲ ဆိုတာကိုလည်း ကြားရော အော့လော့လည်း စားပွဲကို ပုတ်ပြီး ဆဲတော့တယ်။
"မအေ....၊ ငါ့ညီကို အနိုင်ကျင့်ရဲတဲ့ကောင်၊ သင်း ငါနဲ့ တွေ့မယ်"
စန်းလော့က အော့လော့ကို သူတို့ ရန်ဖြစ်ခဲ့တဲ့ လမ်းဆီကို ခေါ်လာချိန်မှာ ဟိုကောင်လေးကလည်း သူ့အစ်ကိုကို ခေါ်လာပြီး ရောက်နှင့်နေပြီ။ ဟိုကောင်လေး အစ်ကိုက အော့လော့ထက် ခေါင်းတစ်လုံးတိတိ ပိုထွားတယ်။ ဒါကို မြင်တော့ အော့လော့လည်း ခေါင်းနည်းနည်း ကျိန်းလာပြီး နောက်မှာ ကပ်ပါလာတဲ့ စန်းလော့ကို ပြောလိုက်တယ်။
"မင်း ငါ့နောက်မှာပဲ နေ၊ ဘာမှ ဝင်မပြောနဲ့"
ဟိုကောင်လေး အစ်ကိုက အော့လော့တို့ ရောက်လာတာကို တွေ့တာနဲ့ လက်ညှိုးထိုးပြီး ဘယ်ခွေးမှ လူမထင်တဲ့ပုံစံနဲ့ သူ့ညီကို မေးလိုက်တယ်။
"ဒီကောင်တွေလား"
ပြီးတာနဲ့ အော့လော့တို့ဆီကို လက်သီးလက်မောင်းတန်းပြီး လျှောက်သွားပြီးတော့ အော့လော့တို့ကို စိုက်ကြည့်ပြီး မေးလိုက်တယ်။
"ငါ့ညီနဲ့ ရန်ဖြစ်တာ ဘယ်ကောင်လဲ"
အော့လော့က လက်နှစ်ဖက်ကို ဆန့်တန်းပြီး ပြုံးလျက် ပြောတယ်။
"ငါ မင်းညီနဲ့ ရန်မဖြစ်ပါဘူး"
ပြောရင်း အော့လော့က ပခုံးပေါ် ကျော်ပြီး နောက်မှာရှိနေတဲ့ စန်းလော့ကို လက်မနဲ့ ညွှန်ပြပြီး-
"ငါ့ညီနဲ့ မင်းညီ ရန်ဖြစ်တာပါ"
လို့ ပြောလိုက်တယ်။
"ဒါဖြင့် ငါ မင်းညီကို ထိုးမယ်"
"ငါတို့ ပါးစပ်နဲ့ အရင်ရှင်းကြရအောင်ကွာ"
mgyoe.com

mgyoe.com SAMPLE BOOK

အော့လော့က ဟိုကောင်လေး အစ်ကိုကို ပြောတယ်။

“ပါးစပ်နဲ့ရှင်းလို့ အဆင်မပြေတော့မှ မင်း ငါ့ညီကို လက်နဲ့ ရှင်းပေါ့၊ အဲဒီ အခါကျရင် ငါ ဝင်မပါပါဘူး...”

“မင်း ဝင်ပါလည်း ငါ သောက်ဂရုမစိုက်ပါဘူး”

ဟိုတစ်ယောက်က ဆောင့်တွန်းလိုက်လို့ အော့လော့ နောက်ကို သုံး လေး လှမ်းလောက် လွင့်သွားတယ်။

“မင်း ဝင်ပါရင် ငါက ပိုကြိုက်သေး၊ မင်းတို့နှစ်ကောင်စလုံးကို ငါ ထိုးချင် နေတာ”

“လက်နဲ့ ရှင်းရင် ငါကတော့ ဝင်မပါပါဘူး”

အော့လော့ လက်ကာပြရင်း ပြောတယ်။

“ငါက ပါးစပ်နဲ့ပဲ ဖြေရှင်းချင်...”

“ပါးစပ်နဲ့ ရှင်းဦးဟာ”

ပြောရင်း ဟိုတစ်ယောက်က အော့လော့ကို လက်သီးစာ တစ်ချက် ကျွေး လိုက်တယ်။

“မင်းကို အရင်ထိုးပြီးမှ မင်းညီကို ထိုးမယ်”

အော့လော့ နောက်ကို တစ်လှမ်းပြီး တစ်လှမ်း ဆုတ်သွားတယ်။ နောက် ဆုတ်ရင်း သူက ဟိုကောင်လေးကို မေးတယ်။

“သူက မင်းနဲ့ ဘာတော်သလဲ၊ ဘယ့်နှယ် အကျိုးသင့် အကြောင်းသင့် ပြောလို့တောင် မရပါလား”

“သူက ငါ့အစ်ကိုကြီးပဲ”

ဟိုကောင်လေးက မာန်တက်စွာ ပြောလိုက်တယ်။

“ငါ့မှာ အစ်ကိုလတ်တစ်ယောက် ရှိသေးတယ်”

ဟိုကောင်လေးမှာ အစ်ကိုလတ် တစ်ယောက် ရှိသေးတာကို ကြားရတာနဲ့ အော့လော့က ချက်ချင်း ပြောလိုက်တယ်။

“မင်း လက်မပါနဲ့ဦး”

အော့လော့က စန်းလော့နဲ့ ဟိုကောင်လေးကို လက်ညှိုးထိုးပြီး၊ ဟို ကောင်လေး အစ်ကိုကို ပြောလိုက်တယ်။

“ဒါ မတရားဘူးကွ၊ ငါ့ညီကျတော့ အစ်ကိုလတ်ပဲ ခေါ်လာပြီး မင်းညီကျ တော့ အစ်ကိုကြီး ခေါ်လာတယ်၊ ဒါ မတရားဘူး၊ မင်း သတ္တိရှိလို့ရှိရင် ငါ့ညီကို သူ့ အစ်ကိုကြီး သွားပြန်ခေါ်လာခိုင်းလိုက်၊ မင်း ငါ့အစ်ကိုကြီးနဲ့ တစ်ယောက်ချင်း ယှဉ်ရဲ သလား”

ဟိုတစ်ယောက်က လက်ကာပြပြီး ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"လောကမှာ ငါ မလုပ်ရဲတာ မရှိဘူးကွ၊ မင်းတို့ အစ်ကိုကြီးကိုပါ သွားခေါ်လာခဲ့စမ်းကွာ၊ မင်းတို့ အစ်ကိုကြီးကိုရော၊ မင်းကိုရော၊ နောက်ပြီး ဟိုချာတိတ် မင်းကိုရော အကုန်ထိုးပစ်မယ်"

အော့လေ့နဲ့ စန်းလေ့လည်း အိလေ့ကို သွားခေါ်လာခဲ့တယ်။ အိလေ့ရောက်လာပြီ။ အနားမရောက်မီ ဟိုတစ်ယောက်က သူ့ထက် ခေါင်းတစ်ဝက်လောက်ပိုထွားတာ မြင်လိုက်ရတော့ အိလေ့က အော့လေ့နဲ့ စန်းလေ့ကို ပြောတယ်။

"ငါ သေးသွားပေါက်လိုက်ဦးမယ်"

ပြောရင်း အိလေ့ လမ်းကြားတစ်ခုထဲ ချိုးဝင်သွားတယ်။ အိလေ့ သေးပေါက်ပြီး ပြန်ထွက်လာတဲ့အခါ လက်နှစ်ဖက်ကို နောက်ပစ်ထားတယ်။ လက်ထဲမှာ သုံးမြှောင့်ပုံ ကျောက်တုံးတစ်တုံး ပါလာခဲ့တယ်လေ။ ဟိုတစ်ယောက် ရှေ့ကို အိလေ့ ခေါင်းငုံ့ပြီး ရောက်သွားချိန်မှာ ဟိုတစ်ယောက်က–

"မင်းတို့အစ်ကိုကြီး ဆိုတာ ဒီကောင်လား၊ ခေါင်းတောင် မဖော်ရဲတဲ့ ကောင်ပဲ"

လို့ ပြောတယ်။

အိလေ့က ခေါင်းထောင်လာပြီး ဟိုတစ်ယောက်ခေါင်း ဘယ်နေရာမှာ ရှိတယ် ဆိုတာ သေချာချိန်ပြီး လက်ထဲ ပါလာတဲ့ ကျောက်တုံးနဲ့ ဟိုတစ်ယောက်ရဲ့ ခေါင်းတည့်တည့်ကို ထုထည့်လိုက်တယ်။ ဟိုတစ်ယောက်လည်း အားခနဲ ထအော်တယ်။ အိလေ့က သူ့ကို မြေကြီးပေါ် လဲကျပြီး သွေးတွေ အိုင်ထွန်းသွားတဲ့အထိ ခေါင်းကိုချည်း သုံးချက်ဆင့်ပြီး ထပ်ထုလိုက်တယ်။ ဟိုတစ်ယောက် ပြန်ထမလာနိုင်တော့မှန်း သေချာတော့မှ အိလေ့လည်း ကျောက်တုံးကို လွှင့်ပစ်၊ လက်က ဖုန်မှုန့်တွေကို ခါပြီး ကြက်သေ သေနေကြတဲ့ အော့လေ့နဲ့ စန်းလေ့တို့ကို လက်ယပ်ခေါ်လိုက်တယ်။

"အိမ်ပြန်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ရှစ်

သူတို့ ပြောတယ်။

"ပိုးချည်စက်ရုံက ရှိစန်းကွမ်းရဲ့သား လက်ချက်နဲ့ ပန်းပဲဆရာဖန်းရဲ့သား ခေါင်းပေါက်သွားတယ်၊ သံတူကြီးနဲ့ ထုလိုက်တာလို့ ပြောတာပဲ၊ ဦးခေါင်းခွံတောင် အက်ကြောင်း ထင်သွားတယ်တဲ့၊ ဟိုကောင်လေး ခေါင်းကတော့ မြေကြီးပေါ် လွတ်ကျတဲ့ ဖရဲသီးလိုပဲ အက်ကွဲကုန်ပြီ၊ ဓားမနဲ့ ခုတ်လိုက်တာဆို၊ ဓားခုတ်ရာက တစ်လက်မလောက် နက်တယ်ဆိုပဲ၊ အထဲက ဦးနှောက်အရည် ဖြူဖြူဖွေးဖွေး ကိုတောင် မြင်နေရပြီတဲ့၊ ဆေးရုံက ဆရာမက ပြောတယ်၊ အဲဒီဦးနှောက်အရည်က ကျက်အောင် ချက်လိုက်လို့ရှိရင် တို့ဟူးလိုပဲတဲ့၊ အငွေ့တွေလည်း တထောင်းထောင်း ထနေတာတဲ့၊ ဒေါက်တာချန်က ပန်းပဲဆရာဖန်းရဲ့သား ခေါင်းကို အချက်ပေါင်း များစွာ ချုပ်လိုက်တယ်တဲ့... ဒီလောက် မာတဲ့ ခေါင်းခွံကို အပ်နဲ့ ချုပ်လို့ ရပ့ါမလား၊ ဘယ်လို ချုပ်သလဲ မသိဘူးနော်၊ သံမဏိအပ်နဲ့ ချုပ်တာလေ၊ အပ်ကြီးက ဟောဒီလောက် ရှိတာ၊ ဖိနပ်ချုပ်တဲ့ အပ်ထက်တောင် ပိုတုတ်သေးတယ်၊ ဒီလောက်တုတ်တဲ့ အပ်ကြီး ကို ဝင်အောင် ဘယ်လို ထိုးမှာတုံး၊ ပြောသံကြားတာကတော့ သံတူကလေးနဲ့ အပ်ကို ရိုက်သွင်းရတာတဲ့၊ ဆံပင်တွေကို အရင်ပြောင်အောင် နုတ်ပစ်ရတယ်တဲ့၊ ဘယ့်နှယ် ပြောင်အောင် နုတ်ပစ်ရမှာတုံး၊ ပြောင်အောင် ရိတ်ပစ်တာပါဟာ၊ မြေကြီး ပေါ်က မြက်မှ မဟုတ်တဲ့ဟာ၊ ဟိုက ဦးခေါင်းခွံက နဂိုကတည်းကမှ ကွဲနေတဲ့ဟာ၊ အားနဲ့ ထပ်ဆွဲနုတ်လိုက်ရင် ဦးခေါင်းခွံတွေ တစ်စစီ ဖြစ်ကုန်မှာပေ့ါ၊ အဲဒါ အရေပြား သန့်စင်တယ်လို့ ခေါ်တယ်၊ ခွဲစိတ်ကုသမှု မခံယူခင်မှာ ဘေးပတ်လည်က အမွေး တွေကို ပြောင်အောင် အရင်ရိတ်ရတယ်၊ မနှစ်က ငါ အူအတက်ခွဲတုန်းကလည်း အဲဒီလိုပဲ မခွဲခင်မှာ အမွေးတွေ ပြောင်အောင် အရင်ရိတ်ခဲ့ရတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ရွှီစန်းကွမ်းက ရွှီယွိလန်းကို မေးတယ်။

"သူတို့ဆီက ဘာပြောသံ ကြားသလဲ"

သူတို့ ပြောတယ်။

"ပန်းပဲဆရာဖန်းသားရဲ့ အသက်ကိုတော့ ဒေါက်တာချန် ကယ်လိုက်နိုင်ပြီ၊ ဒေါက်တာချန် ခွဲစိတ်ခန်းထဲမှာ ခွဲစိတ်ကုသပေးခဲ့တာ ဆယ်နာရီကျော်လောက်ကြာတယ်၊ ပန်းပဲဆရာဖန်းသားရဲ့ ခေါင်းမှာ ပတ်တီးတွေ စည်းထားတာ အပြည့်ပဲ၊ မျက်လုံးနှစ်ပေါက်ရယ် နှာတံရယ် ပါးစပ်တစ်ဝက်လောက်ရယ်ပဲ အပေါက်ချန်ထားတာ၊ ပန်းပဲဆရာဖန်း သားက ခွဲစိတ်ခန်းထဲကနေ ထွက်လာပြီးတော့ လူနာဆောင်ထဲမှာ နာရီနှစ်ဆယ်ကျော်လောက် အသံတစ်ချက် မထွက်ဘဲ လဲနေခဲ့တာ၊ မနေ့မနက်ကမှ မျက်လုံးဖွင့်လာတယ်၊ ပန်းပဲဆရာဖန်းသား ဆန်ပြုတ်နည်းနည်းဝင်ပြီ၊ ဆန်ပြုတ်က ဝင်ပြီးတာနဲ့ ပြန်အန်ထွက်လာတာ၊ ချေးတွေရောပဲ၊ ပန်းပဲဆရာဖန်း သားရဲ့ ပါးစပ်ကနေ ချေးတွေတောင် အန်ထွက်လာနေပြီတဲ့"

ရွှီစန်းကွမ်းက ရွှီယွိလန်းကို မေးတယ်။

"သူတို့ဆီက ဘာပြောသံ ကြားသလဲ"

သူတို့ ပြောတယ်။

"ပန်းပဲဆရာဖန်းသားက ဆေးရုံမှာ၊ ဆေးလည်း သောက်ရ၊ ဆေးလည်း ထိုးရ၊ နေ့တိုင်းလည်း ပုလင်းချိတ်ရ၊ တစ်နေ့ တစ်နေ့ ပိုက်ဆံတွေ မနည်းကုန်မှာ၊ ဒီဆေးဖိုးကို ဘယ်သူ ပေးမှာလဲ၊ ရွှီစန်းကွမ်း ပေးမှာလား၊ ဟိုရှောင်ယုံ ပေးမှာလား၊ ဘာပဲပြောပြော ရွှီယွိလန်းကတော့ ပြေးမလွတ်ဘူး၊ ကလေးအဖေ ဘယ်သူပဲဖြစ်ဖြစ်၊ ကလေးအမေကတော့ ရွှီယွိလန်းပဲလေ၊ ရွှီစန်းကွမ်းက ဒီဆေးဖိုးကို ပေးမတဲ့လား၊ ရွှီစန်းကွမ်းက အရပ်တကာလှည့်ပြီး အိလော့ကို ဟိုရှောင်ယုံ ပြန်လာခေါ်သွားအောင် လုပ်မယ်လို့ ကြေညာနေတဲ့ဟာ၊ ဒီဆေးဖိုးကို ဟိုရှောင်ယုံ ပေးသင့်တယ်၊ ရွှီစန်းကွမ်းက သူ့သားကို ကိုးနှစ် အလကား ကျွေးထား မွေးထားရတာလေ၊ ရွှီစန်းကွမ်းက အိလော့ အမေကိုလည်း ကိုးနှစ် အလကား အိပ်ခဲ့တာပဲလေ၊ နှစ်နဲ့ချီမွေးထားတဲ့တပ်၊ တစ်ချိန်မှာ စစ်တိုက်ခိုင်းဖို့တဲ့၊ ငါ့ကိုသာ မိန်းမတစ်ယောက်က ကိုးနှစ် အလကား ပေးအိပ်ခဲ့လို့ရှိရင် အခု သူ့သား ဒုက္ခရောက်တဲ့အခါ ငါကတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ ဒါလည်း ဟုတ်တာပဲ၊ ဘာဆိုင်လို့လဲ၊ မိန်းမတစ်ယောက်က မင်းကို ကိုးနှစ် အလကား ပေးအိပ်တယ်၊ သူ့ရုပ်ရည်ကလည်း ရွှီယွိလန်းလို အချောအလှ ဖြစ်တယ်ဆိုတော့ ကောင်းတာပေါ့၊ အခု သူ့သား ဒုက္ခရောက်တဲ့အခါ ကူညီသင့်တာပေါ့၊ ဒါပေမဲ့ ရွှီယွိလန်းက ရွှီစန်းကွမ်း ပိုက်ဆံ အကုန်

mgyoe.com

mgyoe.com SAMPLE BOOK

ခံပြီး ယူထားတဲ့ မိန်းမလေ၊ သူတို့က လင်မယားလေ၊ လင်နဲ့မယားအကြားမှာ အလကား အိပ်တယ်ဆိုတာ ရှိလို့လား၊ ဒါဖြင့် မင်းတို့က ဒီဆေးဖိုးကို ရွှီစန်းကွမ်း ထုတ်ပေးလိမ့်မယ်လို့ ဆိုချင်တာပေါ့၊ မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး၊ ရွှီစန်းကွမ်းက ကိုးနှစ်လုံးလုံး နွားဖြစ်ခဲ့ပြီးပြီ၊ အရင်က မသိသေးလို့ ဆိုရင်လည်း ထားလိုက်တော့၊ အခု သူ သိသွားပြီလေ၊ သိပြီးခါမှ ဆေးဖိုးထပ်ထုတ်ပေးဦးမယ် ဆိုရင်တော့ ဒါ ပိုက်ဆံ အကုန်ခံပြီး နွားဖြစ်ခံတာ ဖြစ်မသွားပေဘူးလား"

ရွှီစန်းကွမ်းက ရွှီယွီလန်းကို ပြောတယ်။

"သူတို့ဆီက ဘာပြောသံ ကြားသလဲ၊ နင် အကုန်မကြားရင်တောင် တချို့ တစ်ဝက်တော့ ကြားမှာပါ၊ ပန်းပဲဆရာဖန်း အိမ်လာတာ သုံး လေးခေါက် ရှိပြီ၊ နင်တို့ကို ပိုက်ဆံစုပြီး ဆေးရုံကို ဆေးဖိုးလာပို့ပါတဲ့၊ နင်နဲ့ ဟိုရှောင်ယုံ ဘယ်လောက် စုမိပြီလဲ၊ နင် ဘာငိုနေတာလဲ၊ နင် ငိုနေလို့ ဘာထူးမှာလဲ၊ နင် ငါ့ကို လာငိုမပြနဲ့နော်၊ ဒီနေရာမှာ အော့လော့နဲ့ စန်းလော့ဆိုရင် ငါက ကျေကျေနပ်နပ်ကြီး လိုက်ရှင်းပေးမှာ၊ ဒါပေမဲ့ ခုဟာက အိလော့က ငါ့သား မဟုတ်ဘူးလေ၊ ငါ သူ့ကို ကိုးနှစ်လုံးလုံး ကျွေးခဲ့မွေးခဲ့တာ၊ သူ ငါ့ပိုက်ဆံတွေ ဘယ်လောက်တောင် သုံးခဲ့ပြီးပြီလဲ၊ ဒီကိစ္စ ဟိုရှောင်ယုံနဲ့ ငါ စာရင်းသွားမရှင်းတာပဲ လွန်လှပြီ၊ သူတို့ပြောတာ နင် မကြား ဘူးလား၊ သူတို့က ငါ့ကို စိတ်ကောင်းရှိတယ်တဲ့၊ ဒီနေရာမှာ တခြားလူသာဆိုရင် ဟိုရှောင်ယုံ နှစ်ယောက် ဆိုလည်း အသေသတ်ခံရမှာပဲတဲ့၊ နင် ငါ့ကိုအပူလာမကပ်နဲ့၊ ဒီကိစ္စ ငါနဲ့ မဆိုင်ဘူး၊ အဲဒါ သင်းတို့ ဟိုမိသားစုကိစ္စ၊ သူတို့ပြောတာ နင် မကြား ဘူးလား၊ ငါသာ ဒီပိုက်ဆံကို ထုတ်ပေးလိုက်လို့ရှိရင် အဲဒါ ငါ ပိုက်ဆံ အကုန်ခံပြီး နွားဖြစ်ခံတာပဲ၊ တန်တော့၊ တန်တော့၊ နင် ငိုမနေနဲ့တော့၊ နင် ဒီလို နေ့စဉ်ရက်ဆက် ငိုနေတာ ငါတောင် စိတ်ရှုပ်လာပြီ၊ ဒီလိုလုပ်၊ နင် ဟိုရှောင်ယုံကို သွားပြောလိုက်၊ နင်နဲ့ငါ ဆယ်နှစ်ဆယ်မိုး လင်မယားအဖြစ် ပေါင်းလာခဲ့တာကို ထောက်ထားလို့၊ အိလော့ ငါ့ကို ကိုးနှစ်လုံးလုံး အဖေ ခေါ်ခဲ့တာကို ထောက်ထားလို့၊ ငါ အိလော့ကို သင်းလက်ထဲ ပြန်ထိုးမပေးတော့ဘူး၊ အိလော့ကို ငါပဲ ဆက်ပြီး ကျွေးမွေးထား ပေးမယ်၊ ဒါပေမဲ့ အခု ဒီတစ်ကြိမ်ကိစ္စကိုတော့၊ ဒီကိစ္စအတွက် ပိုက်ဆံကိုတော့ သင်း ကပဲ ထုတ်ရမယ်၊ နို့မဟုတ်ရင် ငါ့မျက်နှာ ဘယ်သွားထားရမလဲ... လွှားမှပဲ၊ ဟိုကောင် ဟိုရှောင်ယုံ သက်သာသွားတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ကိုး

ရွှီယွိလန်းက ရွှီစန်းကွမ်းရှေ့ကို ရောက်လာပြီး ဟိုရှောင်ယုံဆီ သွားတွေ့မယ်လို့ ပြောတယ်။ အဲဒီတုန်းက ရွှီစန်းကွမ်းက အိမ်ထဲမှာ ကြမ်းတိုက်တံ ထိုင်ကျစ်နေတယ်။ ရွှီယွိလန်း ပြောတာကို ကြားတော့ သူက နှာခေါင်းပွတ်လိုက်၊ ပါးစပ်သုတ်လိုက် လုပ်နေပြီး ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကြမ်းတိုက်တံကိုပဲ ဆက်ကျစ်နေခဲ့တယ်။ ရွှီယွိလန်း ထပ်ပြောတယ်။

"ငါ ဟိုရှောင်ယုံဆီ သွားတွေ့မယ်၊ အဲဒါ နင် ငါ့ကို သွားတွေ့ခိုင်းလို့ တွေ့ရတာ၊ ငါက သူ့ကို ဒီတစ်သက် ထပ်မတွေ့တော့ဘူးလို့ သစ္စာဆိုထားတာ"

ပြီးတဲ့နောက်မှာ သူက ရွှီစန်းကွမ်းကို မေးတယ်။

"ငါ အလှပြင်ပြီးမှ သွားရမလား၊ ဒါမှမဟုတ် ဒီလို ခေါင်းစုတ်ဖွားနဲ့ပဲ သွားရမလား"

သင်းက ဟိုရှောင်ယုံနဲ့ သွားတွေ့ဖို့ကိုတောင် အလှပြင်ချင်သေးတယ်လား၊ ရွှီစန်းကွမ်း စိတ်ထဲက ပြောမိတယ်။ သင်းက မှန်ထဲမှာ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီး၊ ခေါင်းလိမ်းဆီတွေ စနိုးတွေ လိမ်း၊ အကောင်းစား ချည်ထိုးဆွယ်တာ အင်္ကျီဝတ်၊ ဖိနပ်ပေါ်က ဖုန်တွေကို ခါ၊ နောက်ပြီး ဟိုပိုးပဝါ ရှိသေးတယ်၊ အဲဒါကိုလည်း သင်းက သွားရှာပြီး လည်ပင်းမှာ စည်းလိုက်ဦးမယ်၊ ပြီးတဲ့အခါမှာ ငါ့ကို ကိုးနှစ်လုံးလုံး နွားဖြစ်အောင် လုပ်ခဲ့တဲ့ ဟိုကောင် ဟိုရှောင်ယုံနဲ့ ပျော်ပျော်ကြီး သွားတွေ့ဦးမယ်။ ရွှီစန်းကွမ်းက လက်ထဲက ကြမ်းတိုက်တံကို လွှင့်ပစ်ပြီး ထပြောလိုက်တယ်။

"ဗိုင်းတာမ၊ နင်က ဟိုရှောင်ယုံဆီ သွားပြီး နှီးညှစ်ခံချင်သေးလို့လား၊ နင်က ဟိုရှောင်ယုံနဲ့ စိလော့(လေးပျော်)တစ်ကောင် ပေါက်ချင်သေးလို့လား၊ နင်က အလှပြင်ပြီးမှ သွားမတဲ့လား၊ နင် ဒီအတိုင်း ခေါင်းစုတ်ဖွားနဲ့ပဲ သွား၊ မျက်နှာမှာ

mgyoe.com

mgyoe.com SAMPLE BOOK

မီးဖိုက ပြာနည်းနည်း သုတ်သွားလိုက်ဦး"

ရှိုယွိလန်း ပြောတယ်။

"ငါသာ မျက်နှာမှာ ပြာသုတ်ပြီး ခေါင်းစုတ်ဖွားနဲ့ သွားတွေ့လို့ရှိရင် ဟိုရှောင်ယုံ က 'လာကြည့်ကြဟေ့၊ ရှိုစန်းကွမ်း မိန်းမ ဆိုတာ ဒီတစ်ယောက်ပဲ'လို့ ပြောလေ မလား"

ရှိုစန်းကွမ်း တစ်ချက် စဉ်းစားကြည့်တယ်။ ဒါလည်း ဟုတ်တာပဲ၊ ဟို ခွေးမသား ဟိုရှောင်ယုံကို ပေးပျော်လို့ မဖြစ်ဘူး။ အဲဒါနဲ့ သူက–

"ဒါဖြင့် နင် အလှပြင်ပြီးမှပဲ သွားတော့"

လို့ ပြောလိုက်တယ်။

ရှိုယွိလန်းလည်း အကောင်းစား ချည်ထိုးဆွယ်တာအင်္ကျီကို ဝတ်၊ အပေါ် မှာ နက်ပြာရောင် ကာကီကုတ်အင်္ကျီကို ထပ်ဝတ်တယ်။ အထဲက အကောင်းစား ချည်ထိုးဆွယ်တာအင်္ကျီပိုပေါ်အောင်လို့လည်ပင်းပေါက်ကိုသူကနည်းနည်းပိုကျယ် အောင် ဟထားတယ်။ ပြီးတဲ့နောက်မှာ ပိုးပဝါကို ပြန်ရှာပြီး လည်ပင်းမှာ စည်းထား လိုက်တယ်။ စစချင်း ရင်ဘတ်ရှေ့မှာ ပဝါထုံးကို စည်းထားတာ ဖြစ်ပေမယ့် မှန်ထဲ ကြည့်လိုက်တဲ့အခါ အထဲက အကောင်းစား ချည်ထိုးဆွယ်တာ အင်္ကျီကို ကွယ်နေ တာ တွေ့ရလို့ သူက အထုံးကို လည်ပင်း ဘယ်ဘက်ခြမ်းကို ရွှေ့ပြီး ကုတ်အင်္ကျီ ကော်လာအောက်ထဲ ထိုးသွင်းလိုက်တယ်။ တစ်အောင့်လောက် ကြည့်နေပြီးတော့ သူက အထုံးအောက်က ပိုးပဝါစ နှစ်စကို ပြန်ဆွဲထုတ်ပြီး ကုတ်အင်္ကျီ ကော်လာပေါ် မှာ တထောင်ထောင် ဖြစ်အောင် ထားလိုက်တယ်။

သူက မိမိမျက်နှာပေါ်မှာ လိမ်းထားတဲ့ စနိုးရဲ့ မွှေးရနံ့ကို နမ်းရှုရင်း ဟိုရှောင်ယုံ အိမ်ကို ထွက်လာခဲ့တယ်။ ကုတ်အင်္ကျီကော်လာပေါ်က ပိုးပဝါစ နှစ်စ ဟာ လေထဲမှာ တလှပ်လှပ် လွင့်နေလို့၊ တဖျပ်ဖျပ် ခတ်နေတဲ့ ငှက်ကလေးရဲ့ တောင်ပံတစ်စုံနဲ့ တူနေတယ်။ ရှိုယွိလန်းဟာ လမ်းနှစ်ဘလောက်ကို လျှောက်လာ ခဲ့ပြီး လမ်းကြားတစ်ခုထဲကို ချိုးဝင်ပြီးတော့ ဟိုရှောင်ယုံ အိမ်ရှေ့ကို ရောက်လာ ခဲ့တယ်။ ဟိုရှောင်ယုံ အိမ်ရှေ့မှာ အသက်သုံးဆယ် အရွယ်လောက် ရှိမယ်လို့ ထင် ရတဲ့ မိန်းမတစ်ယောက် ထိုင်နေပြီး အဝတ်တွေကို အဝတ်ဖွပ် ပျဉ်ပြားတစ်ချပ် ပေါ်မှာ လျှော်ဖွပ်နေတာကို တွေ့ရတယ်။ အဲဒါ ဟိုရှောင်ယုံ မိန်းမမှန်း သူ မြင်တာ နဲ့ သိတယ်။ ပိန်လိုက်သမှ ဝါးခြမ်းပြားကျနေတာပဲလေ။ ဒီမိန်းမဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ဒီလို ပိန်ပိန်လေးပဲ။ ဟိုရှောင်ယုံနဲ့ လမ်းမှာ အတူတွဲ လျှောက်သွားတုန်း ရှိုယွိလန်းကို မြင်တော့ နှာခေါင်းက ဟင့်ခနဲ တစ်ချက် ရှုံ့ခဲ့သေး တယ်။ သူတို့နှစ်ယောက် နောက်မှာ ကျန်ခဲ့တဲ့ ရှိုယွိလန်းလည်း မအောင့်နိုင်တော့ တခိခိ ရယ်လိုက်မိပြီး ဟိုရှောင်ယုံတစ်ယောက် ဒီ ရင်မရှိ တင်မရှိ မိန်းမကိုမှ ယူမိ

mgyoe.com

mgyoe.com SAMPLE BOOK
လေခြင်းလို့လည်း စိတ်ထဲက တွေးမိသေးတယ်။ အခုလည်း ဒီမိန်းမက ရင်မရှိ တင်မရှိနဲ့ ခွေးခြေခုံမှာ ထိုင်နေတယ်။

ရွှီယွိလန်းက ဖွင့်ထားတဲ့ ဟိုရှောင်ယုံ အိမ်တံခါးထဲကို လှမ်းအော်ခေါ် လိုက်တယ်။

"ဟိုရှောင်ယုံ... ဟိုရှောင်ယုံ"

"ဘယ်သူလဲဟ"

ပြန်ထူးသံနဲ့အတူ ဟိုရှောင်ယုံက အပေါ်ထပ် ပြတင်းပေါက်ကနေ ခေါင်းပြူ ထွက်လာတယ်။ အောက်မှာ ရပ်နေတဲ့ ရွှီယွိလန်းကို မြင်တော့ လန့်ဖျပ်ပြီး ပြူနေတဲ့ ခေါင်းတောင် အထဲပြန်ဝင်သွားတယ်။ တစ်အောင့်နေတော့မှ သူက မှုန်ကုပ်ကုပ် မျက်နှာနဲ့ ပြတင်းပေါက်ကနေ တစ်ဖန် ပြန်ပေါ်လာတယ်။ သူ့မယားထက် ပိုလှတဲ့၊ အိမ်အောက်မှာ ရပ်နေတဲ့ အဲဒီမိန်းမ၊ သူနဲ့ ကာယကံမြောက် ချစ်ခဲ့ ဖူးတဲ့ အဲဒီမိန်းမ၊ သူနဲ့ လမ်းမှာ မကြာခဏ ဆုံဖြစ်ပေမယ့် သူ့ကို စကား လုံးဝ ပြန် မပြောတော့တဲ့ အဲဒီမိန်းမကို သူ ကြည့်နေမိတယ်။ အဲဒီမိန်းမကလည်း သူ့ကို ပြုံးစိစိနဲ့ ကြည့်နေတယ်။ ဟိုရှောင်ယုံ ခြောက်ကပ်ကပ် ပြောလိုက်တယ်။

"နင် ဘာလာလုပ်တာလဲ"

ရွှီယွိလန်းက–

"ဟိုရှောင်ယုံ၊ မတွေ့ရတာ ကြာပြီနော်၊ နင် ဝလာတယ် သိလား၊ မေး နှစ်ထပ်တောင် ဖြစ်နေပြီ"

လို့ ပြောတယ်။

ဟိုရှောင်ယုံက မယားဖြစ်သူ ထွီခနဲ တံတွေးထွေးလိုက်တဲ့ အသံကို ကြား လိုက်ရလို့–

"နင် ဘာလာလုပ်တာလဲ"

လို့ပဲ ထပ်မေးလိုက်တယ်။

ရွှီယွိလန်းက–

"နင် အောက်ဆင်းလာခဲ့၊ အောက်ရောက်မှ ငါ နင့်ကို ပြောပြမယ်"

လို့ ပြောတယ်။

ဟိုရှောင်ယုံက သူ့မိန်းမကို တစ်ချက်ကြည့်တယ်။

"ဆင်းမလာနိုင်ပါဘူး၊ အပေါ်မှာ အနေသာကြီးဟာကို၊ ငါ ဘာလို့ ဆင်းလာ ရမှာလဲ"

"နင် အောက်ဆင်းလာခဲ့၊ အောက်မှာမှ ပြောလို့ အဆင်ပြေမယ်"

"အပေါ်ကနေပဲ ပြောပါ"

mgyoe.com

mgyoe.com SAMPLE BOOK

ရှိယွိလန်းက ဟိုရှောင်ယုံ မိန်းမကို တစ်ချက်ကြည့်ပြီး ဟိုရှောင်ယုံကို ပြုံးပြီး ပြောလိုက်တယ်။

"ဟိုရှောင်ယုံ၊ နင် အောက်ဆင်းလာဖို့ ကြောက်နေတာ မဟုတ်လား"

ဟိုရှောင်ယုံက သူ့မိန်းမကို တစ်ချက် ထပ်ကြည့်ပြန်တယ်။ ပြီးတဲ့နောက်မှာ လေသံဖွဖွနဲ့ ပြောလိုက်တယ်။

"ငါက ဘာကို ကြောက်ရမှာလဲ"

အဲဒီအချိန်မှာ ဟိုရှောင်ယုံ မိန်းမ စကားပြောပြီ။ သူက ဟိုရှောင်ယုံကို ထ ပြောလိုက်တယ်။

"ဟိုရှောင်ယုံ၊ နင် ဆင်းလာခဲ့၊ သင်းက နင့်ကို ဘာလုပ်နိုင်မှာမို့လို့လဲ၊ ကိုက်စားနိုင်မှာမို့လို့လား"

ဟိုရှောင်ယုံလည်း အိမ်အောက် ဆင်းလာပြီး ရှိယွိလန်းရှေ့ကို ရောက်လာတယ်။

"ပြောစရာရှိ မြန်မြန်ပြောဟာ"

ရှိယွိလန်းက ပြုံးစိစိ ပြောတယ်။

"ငါက နင့်ကို သတင်းကောင်းတစ်ခု လာပြောတာဟဲ့၊ ရှိစန်းကွမ်းက ပြောတယ်၊ သူ နင်နဲ့ စာရင်း လာမရှင်းတော့ဘူးတဲ့၊ ဒီနေ့က စလို့ နင် စိတ်အေးလက်အေး နေလို့ရပြီ သိလား၊ အစက ရှိစန်းကွမ်းက နင့်ကို ဓားနဲ့ လာခုတ်တော့မလို့နော်၊ နင်က သူ့မိန်းမကို ဗိုက်ကြီးအောင် လုပ်ခဲ့တယ်၊ ဒါကို သူက နင့်အတွက် သားကျွေးမှု ကိုးနှစ် ပြုခဲ့ရသေးတယ်၊ သူသာ နင့်ကို ဓားနဲ့လာခုတ်ရင် ဘယ်သူမှ သူ့ကို အပြစ် ပြောမှာ မဟုတ်ဘူး၊ ရှိစန်းကွမ်းက ပြောတယ်၊ အရင်က အိလော့အတွက် ကုန်ခဲ့တဲ့ ပိုက်ဆံတွေကို သူ နင့်ဆီက ပြန်မတောင်းပါဘူးတဲ့၊ နောက်နောင်လည်း သူကပဲ အိလော့ကို အရွယ်ရောက်တဲ့အထိ ဆက်ပြီး ကျွေးမွေးမှာပါတဲ့၊ နင်ကတော့ ငွေလည်း မကုန် လူလည်းမပန်းဘဲ အဖေရာထူးကို အခွံသား ရလိုက်တာပဲ၊ ရှိစန်းကွမ်းကတော့ အကြီးအကျယ် နစ်နာတာပဲ၊ အိလော့ မွေးတဲ့နေ့ကစလို့ ခမျာ ညတိုင်း အိပ်ရတယ်ကို မရှိဘူး၊ အိလော့လေးကို ပွေ့ချီပြီး အိမ်ထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေခဲ့ရတာ၊ အိလော့ ဆိုတဲ့ ကလေးက သူ့ကို အောက်ချလိုက်တာနဲ့ ငိုတော့ တာပဲလေ၊ ပွေ့ချီထားမှ အိပ်တဲ့ ကလေး၊ အိလော့ရဲ့ အနှီးတွေ ဆိုတာလည်း ရှိစန်းကွမ်းကပဲ ဒိုင်ခံလျှော်ပေးခဲ့ရတာ၊ နှစ်တိုင်း သူ့ကို အဝတ်သစ်တစ်စုံ ချုပ်ပေးသေးတယ်၊ နေ့တိုင်းလည်း သူ့ကို ကျွေးမွေးရသေးတယ်၊ ဒီကလေးက ငါ့ထက်တောင် အစားကြီး တယ်၊ ဟိုရှောင်ယုံရေ၊ ရှိစန်းကွမ်းကတော့ ပြောလိုက်ပြီ၊ သူ နင်နဲ့ စာရင်းလာမရှင်း တော့ဘူးတဲ့၊ နင့်ဘက်ကသာ ပန်းပဲဆရာဖန်းသား ဆေးရုံတက်တဲ့ စရိတ်ကို ထုတ်မပေး မယ် ဆိုရင်ပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK
ဟိုရှောင်ယုံ ပြောတယ်။
"ပန်းပဲဆရာဖန်းသား ဆေးရုံတက်တာ ငါနဲ့ ဘာဆိုင်လို့လဲ"
"နင့်သားက သူများခေါင်းကို ရိုက်ခွဲခဲ့တာလေ"
"ငါ့မှာ သားမရှိဘူး"
ဟိုရှောင်ယုံ ပြောတယ်။
"ငါက ဘယ်တုန်းက ဘယ်လို သား ရှိလာရတာလဲ၊ ငါ့မှာ သမီးနှစ်ယောက်ပဲ ရှိတယ်၊ တစ်ယောက်က ဟိုရှောင်ယိန်း၊ တစ်ယောက်က ဟိုရှောင်ဟုန်"
"နင်လို လူစိတ်မရှိတဲ့ အကောင်"
ရှိုယွိလန်းက ဟိုရှောင်ယုံကို လက်ချောင်းထိပ်နဲ့ ထိုးလိုက်တယ်။
"နင် ဟိုနှစ် နွေရာသီတုန်းက အဖြစ်အပျက်ကို မေ့သွားပြီလား၊ ငါ့အဖေ အိမ်သာ သွားတက်နေတာကို အခွင့်ကောင်းယူပြီး နင် ငါ့ကို ခုတင်ပေါ် ဆွဲတင်ခဲ့တာလေ၊ နင့်လို အသည်းပုပ် စိတ်ယုတ်ကောင်၊ ငါ ရှေးဘဝက ဘာအကုသိုလ်များ လုပ်ခဲ့မိလို့၊ ဒီဘဝမှာ နင့်အကုသိုလ်မျိုးစေ့ကို ငါ့ဗိုက်ထဲ ပေးကြဲမိခဲ့ရတာလဲဟာ"
ဟိုရှောင်ယုံက ရှိုယွိလန်းရဲ့ လက်ချောင်းကို ပုတ်ချလိုက်တယ်။
"ဟိုရှောင်ယုံ ဆိုတဲ့ ငါက နင်လိုဟာမမျိုးရဲ့ ဗိုက်ထဲ မျိုးစေ့ကြဲစရာလား၊ အဲဒါ ရှိစန်းကွမ်းရဲ့ မျိုးစေ့ကွ၊ ကြဲတာမှ သုံးစေ့ကြီးများတောင် ကြဲပစ်ခဲ့တာ"
"ဘုရားပေးပေး၊ ကျမ်းပေးပေးပါတော်..."
ရှိုယွိလန်း မျက်ရည်ကျလာပြီ။
"အိလော့ကို တွေ့တဲ့လူတိုင်း ပြောတယ်၊ အိလော့က ဟိုရှောင်ယုံနဲ့ ချွတ်စွပ်ကို တူတာတဲ့၊ နင် စားပြီးနားမလည် လုပ်ပြီး ငြင်းမယ်မကြံနဲ့၊ နင့်မျက်နှာ မီးလောင်သွားမှ၊ ကျောက်မီးသွေးအပူနဲ့ ကျွမ်းသွားမှပဲ ငြင်းလို့ရနိုင်မယ်၊ အိလော့က တစ်နေ့တခြား နင့်နဲ့ ပိုပိုပြီး တူလာနေပြီ"
လူတွေအများကြီး ဝိုင်းအုံလာတာ မြင်တော့ ဟိုရှောင်ယုံ မိန်းမလည်း အဲဒီ လူတွေကို ပြောလိုက်တယ်။
"ကြည့်ကြပါဦးတော်၊ ကြည့်ကြပါဦး၊ မိုးတောင် မချုပ်သေးဘူး၊ ဒီ အရှက်မရှိတဲ့ ကောင်မက သူများအိမ် လာပြီး သူများလင်ကို ခိုးဖို့ ကြံနေပြီ"
ရှိုယွိလန်းက သူ့ဘက်လှည့်ပြီး ပြောတယ်။
"ငါ လင်ခိုးရင်တောင် အဲဒီ ဟိုရှောင်ယုံဆိုတဲ့ ကောင်ကို လာမခိုးဘူး၊ ရှိုယွိလန်း ဆိုတဲ့ ငါက ပန်းလိုလှတဲ့ မိန်းမကွ၊ အားလုံးက ငါ့ကို အီကြာဒေဝီလို့ ခေါ်ကြရတာ၊ ဟိုရှောင်ယုံ ဆိုတာက ငါ မလိုချင်လို့ လွှင့်ပစ်ခဲ့တဲ့ အမှိုက်ဟဲ့၊ အဲဒါကိုမှ နင်က ရွှေအမှတ်နဲ့ ကောက်သွားခဲ့တာ"
mgyoe.com

mgyoe.com SAMPLE BOOK

ဟိုရှောင်ယုံ မိန်းမက ရှိယွိလန်းကို ပါးတက်ရိုက်လိုက်တယ်။ ရှိယွိလန်းကလည်း သူ့ကို ပါးပြန်ရိုက်တယ်။ မိန်းမနှစ်ယောက် ချက်ချင်းပဲ ထသတ်ကြတော့တယ်။ တစ်ယောက်ဆံပင် တစ်ယောက် ဆွဲထားမိကြပြီ။ တအားဆွဲထားကြတာ။ ဟိုရှောင်ယုံ မယားက ရှိယွိလန်း ဆံပင်ကို ဆွဲထားရင်း ဟိုရှောင်ယုံကို အော်ခေါ်တယ်။

"ဟိုရှောင်ယုံ၊ ဟိုရှောင်ယုံ..."

ဟိုရှောင်ယုံလည်း ရှိယွိလန်း လက်ကောက်ဝတ်နှစ်ဖက်ကို သွားဖမ်းဆုပ်လိုက်တယ်။ တအားညှစ်လိုက်လို့ ရှိယွိလန်းလည်း "အာယာ"တစ်ချက် အော်ပြီး လက်ဆုပ်ပြေသွားတယ်။ ဟိုရှောင်ယုံက ရှိယွိလန်းကို ပါးချလိုက်တယ်။ ရှိယွိလန်း မြေကြီးပေါ် ဖင်ထိုင်ကျတယ်။ ရှိယွိလန်းလည်း မိမိမျက်နှာလေးကို ပွတ်ရင်း တဟီးဟီး ငိုတော့တယ်။

"ဟိုရှောင်ယုံ၊ သေခြင်းဆိုးကြီး၊ ခွေးမသားကြီး၊ နင့်လူစိတ်ကို ခွေးစားသွားပြီ"

ပြီးတဲ့နောက်မှာ ရှိယွိလန်း ထလာပြီး ဟိုရှောင်ယုံကို လက်ညှိုးငေါက်ငေါက်ထိုးရင်း ပြောတယ်။

"ဟိုရှောင်ယုံ၊ နေနှင့်ဦး၊ နင် မနက်ဖြန်အထိ အသက်မရှင်တော့ဘူး၊ နေနှင့်ဦး၊ ငါ ရှိစန်းကွမ်းကို နင့်လာပြီး ဓားနဲ့ ခုတ်သတ်ခိုင်းမယ်၊ နင် မနက်ဖြန်အထိ အသက်မရှင်တော့ဘူး"

ရှိယွိလန်း အရိုက်အနှက် ခံရပြီးတဲ့နောက် ဟိုရှောင်ယုံကို ချမှတ်လိုက်တဲ့ သေဒဏ်စီရင်ချက်ဟာ ရှိစန်းကွမ်းရဲ့ ထောက်ခံမှုကို မရရှိခဲ့ဘူး။ ရှိယွိလန်း အိမ်ပြန်ရောက်တဲ့အခါ ရှိစန်းကွမ်းက နဂိုနေရာမှာပဲ ကြမ်းတိုက်တံ ကျစ်နေဆဲ။ မျက်နှာမှာ မျက်ရည်ကွက်တွေနဲ့ ရှိယွိလန်းဟာ ရှိစန်းကွမ်းရှေ့မှာ နှမ်းလျှစွာ လာထိုင်ချလိုက်တယ်။ မျက်လုံးက ရှိစန်းကွမ်းကို ကြည့်နေရင်း တစ်အောင့်နေတော့ မျက်ရည်တွေ ကျလာတယ်။ သူ မျက်ရည်ကျတာကို မြင်တာနဲ့ ရှိစန်းကွမ်းလည်း ပိုက်ဆံရမလာခဲ့ဘူး ဆိုတာ သိလိုက်ပြီလေ။

"ထင်သားပဲ၊ နင် လက်ဗလာနဲ့ ပြန်လာမယ် ဆိုတာ"

ရှိယွိလန်းက–

"ရှိစန်းကွမ်း၊ နင် ဟိုရှောင်ယုံကို ဓားနဲ့ သွားခုတ်သတ်လိုက်ပါ"

လို့ ပြောတယ်။

ရှိစန်းကွမ်းက–

"ဗိုင်းတာမ၊ နင်က ဟိုအကောင့်ကို မြင်တာနဲ့ အသည်းပျော့ပြီး သင်းဆီကနေ ပိုက်ဆံ တောင်းမလာခဲ့တာ မဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK
လို့ ပြောတယ်။

"ရှီစန်းကွမ်း၊ ရှီစန်းကွမ်း၊ နင် ဟိုရှောင်ယုံကို ဓားနဲ့ သွားခုတ်သတ်လိုက်ပါ"

"ပြောထားမယ်နော်၊ နင် အဲဒီငွေကို ရအောင် သွားတောင်းမလာခဲ့နဲ့၊ မနက်ဖြန်ကျရင် ပန်းပဲဆရာဖန်းက လူခေါ်ပြီး တို့အိမ်က ပစ္စည်းတွေ လာသိမ်းတော့မှာ၊ နင့်ရဲ့ ခုတင်၊ နင့်ရဲ့ စားပွဲ၊ နင့်ရဲ့ အဝတ်အစား၊ နင့်ရဲ့ စနိုး၊ နင့်ရဲ့ ပိုးပဝါ၊ အားလုံး သိမ်းသွားမှာဟေ့"

ရှီယွိလန်း အသံထွက် ငိုလာတယ်။

"ငါ သူတို့ဆီက တောင်းပါတယ်၊ သူတို့က ငါ့ကို မပေးတဲ့အပြင် ငါ့ဆံပင်ကို ဆောင့်ဆွဲပြီး ပါးရိုက်တယ်၊ ရှီစန်းကွမ်း၊ နင့်မိန်းမကို သူများ အနိုင်ကျင့် စော်ကားတာ နင် ခံမလို့လား၊ ရှီစန်းကွမ်း၊ ငါ တောင်းပန်ပါတယ်၊ နင် ဟိုရှောင်ယုံကို ဓားနဲ့ သွားခုတ်သတ်လိုက်ပါ၊ မီးဖိုချောင်က ဓားကို ငါ မနေ့ကပဲ သွေးထားတာ၊ နင် အဲဒီ ဓားနဲ့ ဟိုရှောင်ယုံကို သွားခုတ်သတ်လိုက်ပါ"

ရှီစန်းကွမ်း ပြောတယ်။

"ငါက ဟိုရှောင်ယုံကို သွားခုတ်သတ်လိုက်လို့ သင်း သေသွားရင် ငါ ဘယ်လို လုပ်မလဲ၊ ငါ ထောင်ကျမှာ၊ သေဒဏ်ပေးခံရမှာ၊ မိုင်းတာမ၊ နင်လည်း မုဆိုးမ ဖြစ်သွားမှာ"

ဒီစကားကို ကြားရတော့ ရှီယွိလန်းက တံခါးဝဆီကို ထသွားပြီး တံခါးခြေကျော်ပေါ်မှာ ထိုင်ချလိုက်တယ်။ တံခါးခြေကျော်ပေါ် ထိုင်ချလိုက်တာကို မြင်တာနဲ့ ရှီစန်းကွမ်းလည်း သင်း ဟိုအကွက် သုံးတော့မယ်ဆိုတာ သိလိုက်ရပြီ။ ရှီယွိလန်းက မျက်ရည်သုတ်တဲ့ လက်ကိုင်ပဝါကို ဝှေ့ယမ်းရင်း အသံအကျယ်ကြီး ငိုချင်းချပါတော့တယ်။

"ငါ ရှေးဘဝက ဘာအကုသိုလ်များ လုပ်ခဲ့မိလို့ ဒီဘဝမှာ ဟိုရှောင်ယုံ အချောင်နိုက်တာကို ခံရတာလဲ၊ အချောင်နိုက်ခံရရုံတင် မကဘူး၊ သင်းကိုယ်ဝန်ကို ပါ လွယ်လိုက်ရသေးတယ်၊ သင်းကိုယ်ဝန်ကို လွယ်ရရုံတင် မကဘူး၊ အိလေ့ကိုပါ မွေးလိုက်ရသေးတယ်၊ အိလေ့ကို မွေးရရုံတင်မကဘူး၊ အိလေ့က အပြင်မှာ ပြဿနာဖြစ်လိုက်ပြန်သေးတယ်."

ရှီစန်းကွမ်းက အထဲကနေ ခပ်တိုးတိုး ဝေါက်လိုက်တယ်။

"မိုင်းတာမ၊ ပြန်ဝင်လာခဲ့စမ်း၊ နင်က ငါ နွားဖြစ်တဲ့ကိစ္စကိုပါ လူတကာ သိအောင် ကြေညာတော့မလို့လား"

ရှီယွိလန်း ဆက်ပြီး ငိုချင်းချနေတယ်။
mgyoe.com

mgyoe.com SAMPLE BOOK

"အိလော့က အပြင်မှာ ပြဿနာ ဖြစ်လိုက်ရုံတင် မကဘူး၊ ရှိစန်းကွမ်းက သူ့ တာဝန်မယူနိုင်ဘူးတဲ့၊ ရှိစန်းကွမ်းကလည်း တာဝန်မယူဘူး၊ ဟိုရှောင်ယုံကလည်း တာဝန်မယူဘူး၊ ဟိုရှောင်ယုံက တာဝန်မယူရုံတင် မကဘူး၊ ငါ့ဆံပင်ကိုပါ ဆွဲပြီး ပါးရိုက်လိုက်သေးတယ်၊ ဘုရားမကြိုက် နတ်မကြိုက်တာ လုပ်တဲ့ ဟိုရှောင်ယုံ၊ သေခြင်းဆိုးနဲ့ သေပါစေ၊ ဒါတွေ မပြောတော့ဘူး၊ မနက်ဖြန် ပန်းပဲဆရာဖန်း လူခေါ် လာရင် ဘယ်လို လုပ်မလဲ၊ ငါ ဘယ်လိုလုပ်ရမလဲ"

မအေ့ငိုသံ ကြားတော့ အိလော့ရယ်၊ အော့လော့ရယ်၊ စန်းလော့ရယ် မအေ ရှေ့ကို အပြေးရောက်လာကြတယ်။

အိလော့က–

"အမေ၊ မငိုပါနဲ့တော့၊ အိမ်ထဲ ဝင်ပါ"

လို့ ပြောတယ်။

အော့လော့က–

"အမေ၊ မငိုပါနဲ့တော့၊ အမေ ဘာလို့ငိုနေရတာလဲ"

လို့ ပြောတယ်။

စန်းလော့က–

"အမေ၊ မငိုပါနဲ့တော့၊ ဟိုရှောင်ယုံက ဘယ်သူလဲ"

လို့ ပြောတယ်။

အိမ်နီးချင်းတွေလည်း ရောက်လာကြပြီ။ အိမ်နီးချင်းတွေက ပြောတယ်။

"ရှုယွိလန်း၊ မငိုပါနဲ့တော့၊ ကျန်းမာရေး ထိခိုက်လိမ့်မယ်၊ ရှုယွိလန်း၊ နင် ဘာလို့ ငိုနေတာလဲ၊ နင် ဘာငိုနေတာလဲ"

အော့လော့က အိမ်နီးချင်းတွေကို ပြောပြတယ်။

"ဒီလိုပါ၊ သားအမေက အိလော့ကြောင့် ငို..."

"အော့လော့၊ မင်းပါးစပ်ပိတ်စမ်း"

အိလော့ ပြောလိုက်တယ်။

"မပိတ်နိုင်ပါဘူး၊ ဒီလိုပါ၊ အိလော့ကို သားအမေက သားအဖေနဲ့ ရခဲ့တာ မဟုတ်ဘူး..."

"အော့လော့၊ မင်း ထပ်ပြောရင် ငါ ထိုးမှာနော်"

"အိလော့က သားအမေ ဟိုရှောင်ယုံနဲ့ ရခဲ့တာ"

အိလော့က အော့လော့ကို ပါးရိုက်လိုက်တယ်။ အော့လော့ တဟီးဟီး ထငိုတယ်။ ဒါကို အိမ်ထဲမှာရှိနေတဲ့ ရှိစန်းကွမ်းက ကြားသွားတော့ စိတ်ထဲကနေ ဒီခွေးသားလေး အိလော့က ငါ့သားကို ရိုက်ဝံ့တယ်လား ဆိုပြီး ပြေးထွက်လာပြီး

mgyoe.com

mgyoe.com SAMPLE BOOK
အိလော့ကို ပါးရိုက်လိုက်တာ၊ အိလော့တစ်ယောက် နံရံနားကို လွင့်သွားတယ်။ အိလော့ကိုလည်း လက်ညှိုးငေါက်ငေါက် ထိုးရင်း–

"ခွေးသားလေး၊ နင့်အဖေ ငါ့ကို နှိပ်စက်တာ အားမရလို့၊ နင်ကပါ ငါ့သားကို နှိပ်စက်တယ်ပေါ့လေ၊ ဟုတ်လား"

လို့ ပြောလိုက်တယ်။

အိလော့လည်း ရှိစန်းကွမ်း ရတ်တရက် ပါးရိုက်လိုက်တာကို ခံလိုက်ရတာကြောင့် လက်နှစ်ဖက်က နံရံကို ပွတ်ရင်း နေရာမှာတင် ငူငူကြီး ရပ်နေမိတယ်။ အဲဒီအချိန်မှာ ရှိယွိလန်းက သူ့ဘက်ကို လက်ညှိုးထိုးပြီး ငိုချင်းချပါတော့တယ်။

"ငါ ကံဆိုးတယ်ဆိုပေမယ့် အိလော့လေးက ပိုလို့တောင် ကံဆိုးရှာပါတယ်၊ ရှိစန်းကွမ်းက ဒီကလေးကို လက်မခံဘူး၊ ဟိုရှောင်ယုံကလည်း လက်မခံဘူး၊ အိလော့လေးခမျာ နေရင်းထိုင်ရင်း အဖေ မရှိတော့ဘူး၊ အဖေတစ်ယောက်မှ မရှိတော့ဘူး"

အိမ်နီးချင်း တစ်ယောက်က ပြောတယ်။

"ရှိယွိလန်း၊ နင် အိလော့ကို ဟိုရှောင်ယုံဆီ သွားတွေ့ခိုင်းလိုက်ပါလား၊ ဘယ်သူမှ ကိုယ့်သားအရင်းကို တွေ့လို့ စိတ်မလှုပ်ရှားတာ မရှိပါဘူး၊ နောက်ပြီး ဟိုရှောင်ယုံမှာ သားယောကျ်ားလေး မရှိသေးဘူး၊ သမီးနှစ်ယောက်ပဲ ရှိသေးတယ်၊ အိလော့ကို မြင်ရင် မျက်ရည်များတောင် ကျလာလေမလား မဆိုနိုင်ဘူး"

ဒီစကားကို ကြားရတာနဲ့ ရှိယွိလန်း ချက်ချင်းပဲ အငိုတိတ်သွားတယ်။ သူက နံရံနားမှာ ရပ်ပြီး နှုတ်ခမ်းကိုက်နေတဲ့ အိလော့ကို ပြောလိုက်တယ်။

"အိလော့၊ ကြားတယ်နော်၊ မင်း မြန်မြန်သွား၊ ဟိုရှောင်ယုံဆီ မြန်မြန် သွား၊ သူ့ကို တွေ့တာနဲ့ ခေါ်လိုက်၊ အဖေလို့ ခေါ်လိုက်"

အိလော့က နံရံနား ကပ်ပြီး ခေါင်းခါတယ်။

"သား မသွားဘူး"

ရှိယွိလန်း ပြောတယ်။

"အိလော့၊ အမေ့စကား နားထောင်၊ မြန်မြန်သွားလိုက်၊ ဟိုရှောင်ယုံကို အဖေလို့ မြန်မြန်သွားခေါ်လိုက်၊ တစ်ခွန်း ခေါ်လို့ သူက မထူးရင်၊ နောက်တစ်ခွန်း ထပ်ခေါ်လိုက်"

အိလော့က ခေါင်းခါမြဲ ခါဆဲ။

"သား မသွားဘူး"

ရှိစန်းကွမ်းက အိလော့ကို လက်ညှိုးထိုးပြီး ပြောတယ်။

"မင်း မသွားရဲ မသွားကြည့်၊ ငါ မင်းကို ရိုက်သတ်လိုက်မယ်"

ပြောရင်း ရှိစန်းကွမ်းက အိလော့ရှေ့ကို ရောက်လာပြီး အိလော့ကို နံရံနားကနေ ဆွဲထုတ်ပြီး ရှေ့ကို သုံး လေးလှမ်းလောက် ဆောင့်တွန်းလိုက်တယ်။
mgyoe.com

mgyoe.com SAMPLE BOOK

ရှီစန်းကွမ်း လက်လွှတ်လိုက်တာနဲ့ အိလော့က နံရံနားကိုပြန်ကပ်လာတယ်။ ရှီစန်းကွမ်း လည်ပြန်လှည့်ကြည့်ချိန်မှာ အိလော့က နံရံကို မှီပြီး ပြန်ရပ်နေပြီ။ ရှီစန်းကွမ်းလည်း အိလော့ကို သွားရိုက်ဖို့ လက်ကိုရွယ်ပြီး ရိုက်ခါနီးကျမှ ရုတ်တရက် အတွေးတစ်ခု ဝင်လာပြီး လက်ကို အောက်ပြန်ချလိုက်တယ်။

"ခွီးတဲ့မှပဲ၊ အိလော့က ငါ့သားမှ မဟုတ်တော့တာ၊ ငါ ရိုက်ချင်တိုင်း ရိုက်လို့ မရတော့ဘူး"

ပြောရင်း ရှီစန်းကွမ်း လှည့်ပြန်သွားတယ်။ အဲဒီအချိန်မှာ အိလော့က အကျယ်ကြီး အော်ပြောလိုက်တယ်။

"မသွားဘူးဆို မသွားဘူးပဲ၊ ဟိုရှောင်ယုံက ကျွန်တော့်အဖေ မဟုတ်ဘူး၊ ကျွန်တော့်အဖေက ရှီစန်းကွမ်း"

"ပေါက်ကရပဲ"

ရှီစန်းကွမ်းက အိမ်နီးချင်းတွေဘက် လှည့်ပြီး ပြောလိုက်တယ်၊

"ကြည့်ကြစမ်းပါဦး၊ ဒီခွေးသားလေးက ငါ့ကို အမှုပတ်အောင် လုပ်ချင်နေသေးတာ"

တံခါးခြေကျော်ပေါ်မှာ ထိုင်နေတဲ့ ရှီယွီလန်းက အဲဒီအချိန်မှာ တစ်ဖန်ပြန်ပြီး ထငိုလာတယ်။

"ငါ ရှေးဘဝက ဘာအကုသိုလ်များ လုပ်ခဲ့မိလို့လဲတော်"

ရှီယွီလန်းရဲ့ အခုချိန်မှာ ငိုသံက ဆွဲဆောင်အား မရှိတော့ဘူး။ သူက အလားတူ စကားကို အကြိမ်ကြိမ် ပြောခဲ့ပြီးပြီ။ သူ့အသံကလည်း အားထုတ်ရတာ ကြာလို့ တဖြည်းဖြည်းနဲ့ အားပျော့သွားနေပြီ၊ ကြည်လင်ပြတ်သားမှု မရှိတော့ဘဲ ပြာတာတာ ခြောက်ကပ်ကပ် ဖြစ်သွားပြီ။ သူလက်က လက်ကိုင်ပဝါ ဝှေ့ယမ်းနေတာလည်း တဖြည်းဖြည်း နှေးစပြုလာပြီ။ အသက်ရှူသံကသာ တဖြည်းဖြည်း ပြင်းလာတယ်။ အိမ်နီးချင်းတွေလည်း ဇာတ်ပွဲပြီးလို့ အိမ်ပြန်ကြတဲ့အလား အလျှို အလျှို ပြန်သွားကြပြီ။ သူ့ယောကျ်ားလည်း အနားက ထွက်သွားပြီ။ ရှီယွီလန်းရဲ့ ငိုချင်းက ရှီစန်းကွမ်းအဖို့တော့ ရိုးနေပါပြီ။ ဒါကြောင့်မို့ သူက ထွက်သွားချိန်မှာ ရှီယွီလန်းဟာ ငိုနေတာ မဟုတ်ဘဲ တံခါးဝမှာ ဆွယ်တာထိုင်ထိုးနေတာလို့ပဲ သဘောထားခဲ့တာပါ။ ပြီးတဲ့နောက်မှာ အော့လော့နဲ့ စန်းလော့လည်း ထွက်သွားကြတယ်။ ဒီကလေး နှစ်ယောက်ကတော့ မအေဖြစ်သူရဲ့ ခြေကုန်လက်ပန်းကျလာနေတဲ့ ငိုသံအပေါ် စိတ်မဝင်စားတော့လို့ မဟုတ်ဘဲ၊ တခြားလူတွေ ထွက်သွားတာ၊ သူတို့အဖေလည်း ထွက်သွားတာကို မြင်လို့ သူတို့လည်း လိုက်ထွက်သွားကြတာ ဖြစ်တယ်။

အိလော့ တစ်ယောက်ပဲ နေရာမှာ ရပ်မြဲ ရပ်နေခဲ့တယ်။ သူက နံရံကိုမှီပြီး ရပ်နေတာ။ လက်နှစ်ဖက်က နံရံပေါ်က ထုံးကို ကုတ်ခြစ်နေတယ်။ လူတွေအားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

ထွက်သွားပြီးတဲ့နောက်မှာ အိလော့က ရှို့ယွိလန်းအနား ရောက်လာတယ်။ အဲဒီအချိန်မှာ ရှို့ယွိလန်းက တံခါးပေါင်မှာ မှီထိုင်နေပြီ။ လက်ကိုင်ပဝါ မဝှေ့ယမ်းတော့ဘူး။ မေးထောက်ထိုင်နေတဲ့ သူ့ရှေ့ကို အိလော့ ရောက်လာတော့ တိတ်ပြီးသားမျက်ရည်တွေ တစ်ဖန် ပြန်ကျလာတယ်။ အဲဒီအချိန်မှာ အိလော့က သူ့ကို ပြောတယ်။

"အမေ၊ မငိုပါနဲ့တော့၊ သား ဟိုရှောင်ယုံဆီ သွားပါ့မယ်၊ သူ့ကို အဖေလို့ ခေါ်ပါ့မယ်"

ဟိုရှောင်ယုံ အိမ်ရှေ့ကို အိလော့ တစ်ယောက်တည်း ရောက်လာတယ်။ သူ့ထက်ငယ်တဲ့ ကောင်မလေးနှစ်ယောက် သားရေကြိုးခုန်နေတာ တွေ့ရတယ်။ သူတို့က လက်နှစ်ဖက်ကို ဆန့်တန်းပြီး ခုန်နေတယ်။ ခေါင်းပေါ်က ကျစ်ဆံမြီးတွေလည်း ခုန်နေတယ်။ အိလော့က သူတို့ကို ပြောလိုက်တယ်။

"နင်တို့က ဟိုရှောင်ယုံ သမီးတွေလား၊ ဒါဆို နင်တို့က ငါ့ညီမလေးတွေပေါ့"

ကောင်မလေး နှစ်ယောက် မခုန်ကြတော့ဘူး။ တစ်ယောက်က တံခါးခြေကျော်ပေါ်မှာ ထိုင်တယ်။ ကျန်တစ်ယောက်က အစ်မရဲ့ပေါင်ပေါ်မှာ ထိုင်တယ်။ ဒီလိုပုံစံနဲ့ ကောင်မလေး နှစ်ယောက်က အိလော့ကို ကြည့်နေကြတယ်။ ဟိုရှောင်ယုံနဲ့ သူ့ရဲ့ အလွန်ပိန်တဲ့မယား အိမ်ထဲကနေ ထွက်လာတာကို မြင်လိုက်ရလို့ အိလော့က–

"အဖေ"

လို့ ခေါ်လိုက်တယ်။

ဟိုရှောင်ယုံ မယားက ဟိုရှောင်ယုံကို ပြောတယ်။

"ဟိုမှာနင့်ရဲ့တိတ်တိတ်ပုန်းသားရောက်လာပြီ၊ကြည့်ကြက်လုပ်ပေတော့"

အိလော့က "အဖေ"လို့ တစ်ခွန်း ခေါ်ပြန်တယ်။

ဟိုရှောင်ယုံက–

"ငါ မင်းအဖေ မဟုတ်ဘူး၊ မြန်မြန်ပြန်စမ်းပါကွာ၊ နောက် မလာနဲ့တော့"

လို့ ပြောတယ်။

အိလော့က "အဖေ" လို့ တစ်ခွန်း ထပ်ခေါ်တယ်။

ဟိုရှောင်ယုံ မယားက ဟိုရှောင်ယုံကို–

"နင် သူ့ကို နှင်မထုတ်သေးဘူးလား"

လို့ ပြောတယ်။

အိလော့က "အဖေ" လို့ နောက်ဆုံးတစ်ခွန်း ခေါ်လိုက်တယ်။

ဟိုရှောင်ယုံက–

"ဘယ်သူက မင်းအဖေလဲ၊ သွားစမ်းကွာ"

mgyoe.com

mgyoe.com SAMPLE BOOK

လို့ ပြောလိုက်တယ်။

အိလော့က တွဲလောင်းကျလာတဲ့ နှပ်ချေးတွေကို သုတ်လိုက်ပြီး ဟိုရှောင်ယုံကို ပြောလိုက်တယ်။

"ကျွန်တော့်အမေက မှာလိုက်တယ်၊ ဦးလေးကို အဖေ တစ်ခွန်းခေါ်လို့မှ မထူးလို့ရှိရင် နည်းနည်းထပ်ပိုခေါ်လိုက်ပါတဲ့၊ ကျွန်တော် ဦးလေးကို အဖေ လေးခွန်း ခေါ်ပြီးပြီ၊ ဦးလေးက တစ်ခွန်းမှ ပြန်မထူးတဲ့အပြင် ကျွန်တော့်ကိုပါ နှင်ထုတ်တယ်။ အဲဒီတော့ ကျွန်တော် ပြန်ပြီ"

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - တစ်ဆယ်

ပန်းပဲဆရာဖန်းက ရှီစန်းကွမ်းကို လာရှာပြီး ဆေးရုံကို ပိုက်ဆံ အမြန်ပို့ပေးဖို့ ပြောတယ်။

"ပိုက်ဆံ ပို့မပေးလို့ရှိရင် ဆေးရုံက ငါ့သားကို ဆေးမပေးဘူးတဲ့"

ရှီစန်းကွမ်းက ပန်းပဲဆရာဖန်းကို ပြောတယ်။

"ကျွန်တော်က အိလော့ အဖေ မဟုတ်ဘူးဗျ၊ ခင်ဗျား လူမှားနေပြီ၊ ခင်ဗျား ဟိုရှောင်ယုံကို သွားရှာရမှာ"

ပန်းပဲဆရာဖန်း မေးတယ်။

"မင်းက ဘယ်အချိန်ကစပြီး အိလော့အဖေ မဟုတ်တော့တာလဲ၊ အိလော့ ငါ့သား ခေါင်းကို မခွဲခင် ရှေ့ပိုင်းလား၊ ခွဲပြီး နောက်ပိုင်းလား"

"မခွဲခင် ရှေ့ပိုင်းပေါ့ဗျ"

ရှီစန်းကွမ်း ပြောတယ်။

"ခင်ဗျား စဉ်းစားကြည့်ဗျာ၊ ကျွန်တော်က ကိုးနှစ်လုံးလုံးကို နွားဖြစ်ခဲ့ရတာ၊ ဟိုရှောင်ယုံကိုယ်စား သားကျွေးမှု ကိုးနှစ် ပြုခဲ့ရပြယ်၊ အခု ခင်ဗျားသားရဲ့ ဆေးဖိုး ကိုပါ ကျွန်တော်က သူ့ကိုယ်စား စိုက်ထုတ်လျော်ပေးရဦးမယ် ဆိုရင် ကျွန်တော် နွားဘုရင် ဖြစ်သွားမှာပေါ့ဗျ"

ရှီစန်းကွမ်း ပြောတာကို နားထောင်ပြီးတော့ ပန်းပဲဆရာဖန်းက ဒါလည်း ဟုတ်တာပဲဆိုပြီး ဟိုရှောင်ယုံကို သွားရှာတယ်။ သူက ဟိုရှောင်ယုံကို ပြောတယ်။

"မင်းက ရှီစန်းကွမ်းကို ကိုးနှစ်လုံးလုံး နွားဖြစ်အောင် လုပ်ခဲ့ပြီးပြီ၊ ရှီစန်းကွမ်း ကလည်း မင့်သားကို ကိုးနှစ်ကြီးများတောင် သားကျွေးမှု ပြုခဲ့ပြီးပြီ၊ ရေတစ်ပေါက် ကျေးဇူးကို စိမ့်စမ်းတမျှ ပြန်ဆပ် ဆိုတဲ့ စကားလိုပဲ၊ ဒီကိုးနှစ်စာ သူ့ကျေးဇူးကို

mgyoe.com SAMPLE BOOK

ထောက်ထားသောအားဖြင့် ငါ့သားရဲ့ ဆေးဖိုးကို မင်းကပဲ စိုက်ထုတ် လျော်ပေးသင့်ပါတယ်လေ"

ဟိုရှောင်ယုံ ပြောတယ်။

"အိလော့က ကျွန်တော့်သားပါလို့ ဘာအထောက်အထားနဲ့ ပြောလိုက်တာလဲ၊ ဒီကလေး ကျွန်တော့်နဲ့ ရုပ်ချင်းတူတယ် ဆိုတဲ့ အချက်နဲ့ပဲလား၊ လောကကြီးမှာ ရုပ်ချင်းတူတဲ့လူတွေ ပေါမှ ပေါပါဗျာ"

ပြောပြီးတာနဲ့ ဟိုရှောင်ယုံက သေတ္တာအောက်ထဲကနေ သန်းခေါင်စာရင်းစာအုပ် သွားထုတ်လာပြီး ပန်းပဲဆရာဖန်းကို ပြတယ်။

"ရော့ ကြည့်၊ ဒီထဲမှာ ရွှီအိလော့နာမည် ပါသလား၊ ပါသလား၊ မပါဘူးမဟုတ်လား၊ ရွှီအိလော့နာမည် ဘယ်သူ့အိမ်က သန်းခေါင်စာရင်းထဲမှာ ပါသလဲ၊ အဲဒီ ပါတဲ့အိမ်က လူက ခင်ဗျားသားကို ဆေးဖိုးလျော်ပေးရမှာပဲ"

ဟိုရှောင်ယုံကလည်း ပိုက်ဆံထုတ်ပေးဖို့ ငြင်းတာကြောင့် ပန်းပဲဆရာဖန်းလည်း နောက်ဆုံးမှာ ရွှီယွိလန်းကိုပဲ လာရှာရတော့တယ်။

"ရွှီစန်းကွမ်းက အိလော့ဟာ သူ့သား မဟုတ်ဘူးတဲ့၊ ဟိုရှောင်ယုံကလည်း အိလော့ဟာ သူ့သား မဟုတ်ဘူးတဲ့၊ သူတို့နှစ်ယောက်စလုံးက အိလော့ရဲ့ အဖေမဟုတ်ပါဘူးလို့ ငြင်းနေကြတော့ ငါလည်း ညည်းကိုပဲ လာရှာရတော့တာပေါ့၊ တော်သေးတယ်၊ အိလော့မှာ မအေတစ်ယောက်ပဲ ရှိလို့"

ပန်းပဲဆရာဖန်း စကားကို ကြားရပြီးတာနဲ့ ရွှီယွိလန်းက မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ပြီး တဟီးဟီး ထငိုတယ်။ ပန်းပဲဆရာဖန်းက သူ့ဘေးမှာပဲ ရပ်စောင့်နေခဲ့တယ်။ သူ ငိုတာ အားရသလောက် ရှိပြီလို့ ထင်ရတော့မှ ပန်းပဲဆရာဖန်းက ထပ်ပြောတယ်။

"ညည်းတို့ ပိုက်ဆံထုတ်မပေးဘူးဆိုရင် ငါ လူခေါ်ပြီး ညည်းတို့အိမ်က တန်ဖိုးရှိတဲ့ ပစ္စည်းတွေအကုန် လာသိမ်းသွားတော့မှာနော်၊ ဆရာဖန်းတို့က ပြောရင် ပြောတဲ့အတိုင်း လုပ်တယ်"

နှစ်ရက်အကြာမှာ ပန်းပဲဆရာဖန်းတို့လူစု ရောက်လာတယ်။ ဂါလီ နှစ်စီးနဲ့ စုစုပေါင်း လူခုနစ်ယောက်။ သူတို့ လမ်းထိပ်ကနေ ကွေ့လာပြီးတဲ့နောက်မှာ လမ်းကြားတစ်ခုလုံး ပြည့်ကျပ်သွားတယ်။ နေ့ခင်းကြီးမှာ ရောက်လာကြတာ။ အဲဒီအချိန်မှာ ရွှီစန်းကွမ်းက အပြင်ထွက်တော့မှာ။ ပန်းပဲဆရာဖန်းတို့ ရောက်လာကြတာကို မြင်တော့မှ အိမ်က ပစ္စည်းတွေ လာသိမ်းတော့မယ်ဆိုတာ သိတာနဲ့ နောက်လှည့်ပြီး ရွှီယွိလန်းကို ပြောလိုက်တယ်။

"အကြမ်းခွက်ခုနစ်လုံး ပြင်ထား၊ ရေနွေးတစ်အိုး တည်လိုက်၊ ဟိုဘူးထဲမှာ လက်ဖက်ခြောက် ရှိသေးလား၊ ဧည့်သည် လာတယ်၊ စုစုပေါင်း ခုနစ်ယောက်"

mgyoe.com

mgyoe.com SAMPLE BOOK

ရှိုယွိုလန်းလည်း ဘယ်က ဧည့်သည်လဲပေါ့၊ ဒီလောက် လူတွေ အများကြီး ဆိုပြီး အိမ်ဝ ထွက်ကြည့်လိုက်တာ ပန်းပဲဆရာဖန်းတို့ လူစုကို မြင်လိုက်ရတော့ ခမျာ မျက်နှာတစ်ခုလုံး သွေးဆုတ်သွားတယ်။ သူက ရှိုစန်းကွမ်းကို ပြောတယ်။

"သူတို့က ပစ္စည်းလာသိမ်းမယ့် လူတွေ"

ရှိုစန်းကွမ်းက–

"ပစ္စည်းလာသိမ်းမယ့် လူတွေလည်း ဧည့်သည်ပဲလေ၊ အကြမ်းအိုးသာ မြန်မြန် သွားပြင်စမ်းပါ"

ပန်းပဲဆရာဖန်းတို့ လူစုဟာ ရှိုစန်းကွမ်းအိမ်ရှေ့ ရောက်တော့ ဂါလီကို ချပြီး အိမ်ရှေ့မှာ အားလုံးရပ်နေလိုက်ကြတယ်။ ပန်းပဲဆရာဖန်းက–

"ငါလည်း မတတ်သာလို့ပါကွာ၊ မင်းတို့ ငါတို့ ဆိုတာလည်း သိကျွမ်းလာ ခဲ့တာ အနှစ်နှစ်ဆယ်ကျော်ပြီပဲဟာ၊ နေ့တိုင်း တွေ့နေရတဲ့ လူတွေပဲလေ၊ ငါလည်း ဗတတ်သာလို့ပါကွာ၊ ငါ့သားက ဆေးရုံမှာ ဆေးဖိုးလာပို့ဖို့ကို စောင့်နေတယ်၊ ဆေးဖိုး မပေးနိုင်ရင် ဆေးရုံက ငါ့သားကို ဆေးမပေးဘူးကွ၊ မင်းတို့အိမ်က အိလော့ ငါ့သား ခေါင်းကို ခွဲပြီးနောက်ပိုင်း ငါ မင်းတို့အိမ်မှာ ပြဿနာ လာရှာခဲ့လို့လားကွာ၊ မရှာခဲ့ပါဘူး၊ ငါ ဆေးရုံကနေ မင်းတို့ ဆေးဖိုးလာပို့ဖို့ကိုပဲ စောင့်နေခဲ့တာ၊ အခု နှစ်ပတ်တောင် ကြာသွားပြီကွာ"

အဲဒီအချိန်မှာ ရှိုယွိုလန်းက တံခါးခြေကျော်ပေါ်မှာ ထိုင်ချလိုက်တယ်။ သူ တို့ကို ဟန့်တားထားဟန်နဲ့ ပေါင်နှစ်ဖက်ကို ကားထားပြီး ပြောလိုက်တယ်။

"ကျွန်မအိမ်က ပစ္စည်းတွေကို မသိမ်းကြပါနဲ့ရှင်၊ ကျွန်မ ပစ္စည်းတွေကို မသိမ်းပါနဲ့ရှင်၊ ဒီအိမ်ကြီးက ကျွန်မအသက်ပါ၊ ကျွန်မ ဆယ်နှစ်ဆယ်မိုး ပင်ပန်း ဆင်းရဲခံလာခဲ့တာပါ၊ ဆယ်နှစ်ဆယ်မိုး ခြစ်ခြုတ်ချွေတာလာခဲ့ပြီးမှ ဒီကနေ့ ဒီအိမ်ကြီး ဖြစ်လာခဲ့တာပါ၊ တောင်းပန်ပါတယ်ရှင်၊ ရှင်တို့ အိမ်ထဲ ဝင်မလာကြပါနဲ့၊ ကျွန်မ အိမ်ထဲက ပစ္စည်းတွေ သိမ်းမသွားကြပါနဲ့ရှင်"

ရှိုစန်းကွမ်းက ရှိုယွိုလန်းကို ပြောတယ်။

"သူတို့က ဂါလီတွေ ဘာတွေ ဆွဲပြီး ရောက်လာပြီးမှ နင့်စကား တစ်ခွန်း နှစ်ခွန်းနဲ့တော့ လှည့်ပြန်သွားကြမှာ မဟုတ်ဘူး၊ ထစမ်းပါကွာ၊ သူတို့အတွက် ရေနွေး တစ်အိုး သွားတည်လိုက်"

ရှိုယွိုလန်းလည်း ရှိုစန်းကွမ်းစကားကို နားထောင်ပြီး မတ်တတ်ထ၊ မျက်ရည်သုတ်ပြီး သူတို့အတွက် ရေနွေးတည်ဖို့ ထွက်သွားတယ်။ ရှိုယွိုလန်း ထွက် သွားပြီးတဲ့နောက် ရှိုစန်းကွမ်းက ပန်းပဲဆရာဖန်းတို့ကို ပြောတယ်။

"ခင်ဗျားတို့ အိမ်ထဲဝင်ပြီး သယ်ကြပါ၊ သယ်နိုင်သလောက် သယ်သွားကြ ပါ၊ ကျွန်တော့်ပစ္စည်းတွေကို သယ်မသွားရင် ပြီးတာပါပဲ၊ အိလော့ကိစ္စက ကျွန်တော် နဲ့ ဘာမှမဆိုင်ဘူး၊ ဒါကြောင့်မို့ ကျွန်တော့်ပစ္စည်းတွေကို သယ်သွားလို့ မရဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

မီးဖိုချောင်မှာ ရေနွေးတည်နေတဲ့ ရှီယွိလန်းဟာ အိမ်ထဲကို ပန်းပဲဆရာဖန်းတို့ ဝင်လာပြီးတော့ သေတ္တာတွေ ဖွင့်၊ စားပွဲတွေ ရွှေ့၊ လုပ်လာကြတာကို ဖွင့်ထား တဲ့ မီးဖိုချောင် တံခါးပေါက်ကတစ်ဆင့် မြင်လိုက်ရတယ်။ လူနှစ်ယောက်က ခွေးခြေခုံတွေကို အပြင်ပွေ့ယူထုတ်ပြီး ဂါလီပေါ် တင်တယ်။ တစ်ယောက်က ရှီယွိလန်းရဲ့ အဝတ်အစားတွေကို အပြင်ယူထုတ်ပြီး ဂါလီပေါ်ကိုပဲ တင်တယ်။ မင်္ဂလာဆောင်တုန်းက သူ့မိဘအိမ်က ပါလာတဲ့ သေတ္တာနှစ်လုံးလည်း ဂါလီနှစ်စီးပေါ် ရောက်သွားပြီ။ အလားတူ သူ့မိဘအိမ်က ပါလာတာပဲ ဖြစ်တဲ့၊ သူ မဝတ်ရက်ဘဲ ဂရုတစိုက် သေချာသိမ်းထားတဲ့ ပိုးထည်နှစ်စလည်း ခုတော့ ဂါလီနှစ်စီးပေါ်က ဟိုသေတ္တာနှစ်လုံးပေါ်မှာ တွဲရရွဲကလေး ဖြစ်နေပြီ။

ရှီယွိလန်းဟာ မိမိရဲ့ ပိုင်ဆိုင်မှုတွေကို သူတို့ တစ်ခုပြီးတစ်ခု သယ်ထုတ်သွားတာကို ကြည့်နေခဲ့ရတယ်။ ရေနွေးဆူလို့ အဲဒီလူတွေအတွက် အကြမ်းခွက်ခုနစ်ခွက်ထဲ လက်ဖက်ခြောက် ခတ်ပေးပြီးတဲ့အချိန်မှာ စားပွဲခုံ မရှိတော့လို့ ခများအကြမ်းခွက်တွေကို ဘယ်မှာ ထားရမှန်း မသိဘဲ ဖြစ်ခဲ့ရရှာတယ်။ ထမင်းစားတဲ့ စားပွဲနဲ့ ကလေးတွေ အိမ်စာလုပ်တဲ့ စားပွဲကို ရှီစန်းကွမ်းက သူတို့နဲ့အတူ ကူသယ်ပြီး ဂါလီပေါ်အထိ တင်ပေးနေတာကို သူ တွေ့လိုက်ရတယ်။ ပြီးတဲ့နောက်မှာ ခုနက အားစိုက်ရလွန်းလို့နဲ့ တူပါရဲ့၊ ရှီစန်းကွမ်းတစ်ယောက် နေရာမှာ ရပ်ပြီး ဟောဟဲလိုက်ရင်း မျက်နှာပေါ်က ချွေးတွေကို သုတ်နေတယ်။ ရှီယွိလန်း မျက်ရည်တွေ မပြတ် စီးကျလာတယ်။ သူ့အိမ်က ပစ္စည်းတွေကို သယ်ထုတ်နေတဲ့ လူနှစ်ယောက်ကို သူက ပြောလိုက်တယ်။

"လောကမှာ ဒီလိုလူမျိုးလည်း ရှိသေးတယ်နော်၊ ကိုယ့်အိမ်က ပစ္စည်းတွေ သူများ လာသိမ်းတာကို ကူသယ်ပေးရတယ်လို့၊ သူကတောင် တခြားလူတွေထက် ပိုပြီး အားကြိုးမာန်တက် ရှိနေလိုက်တာ"

နောက်ဆုံးမှာ ပန်းပဲဆရာဖန်းနဲ့ အခြားလူနှစ်ယောက်က ရှီယွိလန်းနဲ့ ရှီစန်းကွမ်း အိပ်တဲ့ ခုတင်ကို သယ်မလို့ လုပ်နေတာကို မြင်တော့မှ ရှီစန်းကွမ်းက ကပျာကယာ တားလိုက်တယ်။

"ဒီခုတင်တော့ သယ်သွားလို့ မဖြစ်ဘူး၊ ဒီခုတင်က ကျွန်တော် တစ်ဝက် ပိုင်တယ်"

ပန်းပဲဆရာဖန်းက–

"မင်းတို့အိမ်က တန်ဖိုးရှိတဲ့ပစ္စည်း ဆိုလို့ ဒီခုတင် တစ်လုံးပဲ ရှိတယ်လေ"

လို့ ပြောတယ်။

"ခင်ဗျားတို့က ကျွန်တော်တို့ ထမင်းစားတဲ့ စားပွဲကိုလည်း သယ်သွားပြီးပြီလေ၊ အဲဒီစားပွဲလည်း ကျွန်တော် တစ်ဝက်ပိုင်တယ်ဗျ၊ စားပွဲကို ခင်ဗျားတို့ သယ်သွားပြီးပြီပဲ၊ ဒီခုတင်ကိုတော့ ထားလိုက်ပါ"

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းပဲဆရာဖန်းလည်း ပြောင်တလင်းခါနေပြီ ဖြစ်တဲ့ အိမ်ကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။

"ဒီခုတင်ကိုတော့ ထားလိုက်ပါတော့ကွာ၊ တော်ကြာ သူတို့ ညဘက် အိပ်စရာ နေရာ မရှိဘဲ ဖြစ်နေမယ်"

ပန်းပဲဆရာဖန်းတို့ လူစုလည်း ဂါလီပေါ်က စားပွဲတို့၊ သေတ္တာတို့ ဘာတို့ကို ကြိုးနဲ့ သေချာချည်ပြီး ပြန်ကြတော့မယ်။ လူနှစ်ယောက်က ဂါလီကို မ လိုက်ကြပြီ။ ပန်းပဲဆရာဖန်းက–

"ငါတို့ သွားပြီနော်"

လို့ ပြောတယ်။

ရှီစန်းကွမ်းက သူတို့ကို ပြုံးပြုံးလေး ခေါင်းညိတ်ပြတယ်။ ရှီယွိလန်းက တံခါးပေါင်မှာ မှီရင်း မျက်ရည်တွေ တဝေါဝေါ ကျလာပြီး သူတို့ကို ပြောလိုက်တယ်။

"ရှင်တို့ ရေနွေးကြမ်းလေး သောက်ပြီးမှ ပြန်ကြပါလား"

ပန်းပဲဆရာဖန်း ခေါင်းခါတယ်။

"မသောက်တော့ပါဘူးကွာ"

"အားလုံး ဖျော်ပြီးသွားပြီ၊ မီးဖိုချောင်ကြမ်းပြင်မှာ ချထားတယ်၊ ရှင်တို့ သောက် ပြီးမှ ပြန်ကြပါ၊ ရှင်တို့အတွက် တကူးတက ကျိုထားတဲ့ ရေနွေးပါ..."

ပန်းပဲဆရာဖန်းလည်း ရှီယွိလန်းကို တစ်ချက်ကြည့်ပြီး–

"ဒါဖြင့်ရင်လည်း သောက်ပြီးမှ ပြန်ကြတာပေါ့"

လို့ ပြောတယ်။

သူတို့အားလုံး မီးဖိုချောင်ထဲ ဝင်ပြီး ရေနွေးကြမ်း သောက်ကြတယ်။ ရှီယွိလန်းက တံခါးခြေကျော်ပေါ် ထိုင်ချလိုက်ပြီ။ သူတို့ ရေနွေးကြမ်းသောက်ပြီး ပြန်ထွက်လာတော့ သူ့ဘေးကနေပဲ ကျော်ခွထွက်သွားကြတယ်။ သူတို့ ဂါလီဆွဲလိုက်ကြတာကိုတော့ ရှီယွိလန်းလည်း အသံထွက် ငိုမိတယ်။ သူက ငိုရင်း ပြောတယ်။

"ငါ မနေချင်တော့ဘူး၊ ငါ သေချင်တယ်၊ သေလိုက်တာကမှ အေးဦးမယ်၊ ငါ သေသွားရင် ဟိုဟာတွေ ဒီဟာတွေ ပူဖို့မလိုတော့ဘူး၊ လင်အတွက် သားတွေအတွက် ထမင်းချက်ပေးဖို့ အဝတ်လျှော်ပေးဖို့ မလိုတော့ဘူး၊ ပင်လည်း မပင်ပန်းတော့ဘူး၊ ဆင်းလည်း မဆင်းရဲတော့ဘူး၊ သေသွားရင် ငါ အေးအေးဆေးဆေး ဖြစ်ပြီ၊ အပျို ဘဝတုန်းကထက်တောင် ပိုအေးဆေးမှာ"

ပန်းပဲဆရာဖန်းတို့ လူစုလည်း ဂါလီဆွဲပြီး ထွက်သွားခါနီးကျခါမှ ရှီယွိလန်း ပြောတာကို ကြားလိုက်ရလို့ ပန်းပဲဆရာဖန်းက ဂါလီတွေကို ပြန်ချခိုင်းပြီး ရှီယွိလန်းနဲ့ ရှီစန်းကွမ်းကို ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီဂါလီနှစ်စီးပေါ်က ပစ္စည်းတွေကို ငါ ချက်ချင်း ရောင်းမပစ်သေးပါဘူး ဟာ၊ ငါ့အိမ်မှာပဲ ခဏထားဦးမှာပါ၊ ငါ မင်းတို့ကို အချိန်သုံးရက် ပေးမယ်၊ လေးရက် လည်း ဖြစ်တယ်ကွာ၊ လေးရက်အတွင်း မင်းတို့ ပိုက်ဆံလာပို့လိုက်ပါ၊ ငါ ဒီပစ္စည်း တွေကို ပြန်လာပို့ပြီး နဂိုအတိုင်း ပြန်ထားပေးပါ့မယ်"

ရွှီစန်းကွမ်းက ပန်းပဲဆရာဖန်းကို ပြောတယ်။

"သူလည်း ခင်ဗျား မတတ်သာလို့ ဒီလို လုပ်ရတာမှန်း နားလည်ပါတယ်၊ သူက ချက်ချင်းကြီး ဖြေမဆည်နိုင်သေးလို့ပါ"

ပြီးတဲ့နောက်မှာ ရွှီစန်းကွမ်းက ဆောင့်ကြောင့်ထိုင်ပြီး ရွှီယွိလန်းကို ပြော တယ်။

"ဆရာဖန်းလည်း မတတ်သာလို့ ဒီလိုလုပ်ရတာပါဟာ၊ ဘာပဲပြောပြော နင့်သားက သူများသားရဲ့ ခေါင်းကို ခွဲခဲ့တာလေ၊ ဆရာဖန်းက တို့အပေါ် အတော် ကလေး သက်ညှာပါတယ်ဟာ၊ သူ့နေရာမှာ တခြားလူဆိုရင် တို့အိမ်ကို ဖြိုပစ် လိုက်တာ ကြာပြီပေါ့"

ရွှီယွိလန်း မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ပြီး တဟီးဟီး ငိုတယ်။ ရွှီစန်းကွမ်း က ပန်းပဲဆရာဖန်းကို လက်ပြလိုက်တယ်။

"ခင်ဗျားတို့ သွားပါ၊ သွားပါ"

ရွှီစန်းကွမ်းဟာ သူနဲ့ ရွှီယွိလန်း ဆယ်နှစ်ဆယ်မိုး အတူတကွ တည်ဆောက် ခဲ့တဲ့ ဒီအိမ်ကြီးထဲက ပစ္စည်းတွေ အားလုံးနီးပါးကို ဟိုလူတွေ ဂါလီ နှစ်စီးနဲ့တိုက်ပြီး လမ်းထိပ်ဆီကို ခနော်ခနဲ့ ဆွဲသွားကြတာကို ကြည့်နေခဲ့တယ်။ လမ်းထိပ်မှာ ချိုးကွေ့ ပြီး ဂါလီတွေ ပျောက်သွားတော့မှ ရွှီစန်းကွမ်းလည်း မျက်ရည်တွေ တဝေါဝေါ ကျလာခဲ့တယ်။ သူက ရွှီယွိလန်းဘေးမှာ ကုန်းကုန်းကွကွ ဝင်ထိုင်ပြီး တံခါးခြေကျော် ပေါ်မှာ ရွှီယွိလန်းနဲ့အတူ တဟီးဟီး ထိုင်ငိုနေမိတယ်။

• • •

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - တစ်ဆယ့်တစ်

နောက်တစ်နေ့မှာ ရှိစန်းကွမ်းက အော့လော့နဲ့ စန်းလော့ကို ရှေ့ခေါ်ပြီး ပြောတယ်။

"ငါ့မှာ မင်းတို့ ဒီသားနှစ်ယောက်ပဲ ရှိတယ်နော်၊ မင်းတို့ မှတ်ထားကြ၊ ငါတို့ကို ဒီလိုဖြစ်အောင် ဘယ်သူ လုပ်တာလဲ၊ အခုအိမ်မှာ ခွေးခြေတစ်လုံးတောင် မရှိတော့ဘူး၊ မင်းတို့ အခုရပ်နေတဲ့ နေရာမှာ နဂိုက စားပွဲတစ်လုံး ရှိတယ်၊ ငါ ရပ်နေတဲ့ နေရာမှာလည်း သေတ္တာနှစ်လုံး ရှိတယ်၊ အခု မရှိတော့ဘူး၊ ဒီအိမ်ထဲမှာ နဂိုက ပစ္စည်းတွေ အပြည့်ရှိခဲ့တာ၊ အခု ပြောင်တလင်းခါသွားပြီ၊ အခု ငါ ကိုယ့်အိမ်မှာ အိပ်ရတာ တောထဲမှာ အိပ်နေရတဲ့အတိုင်းပဲ၊ မင်းတို့ မှတ်ထားကြ၊ ငါတို့ကို ဒီလို ဖြစ်အောင် ဘယ်သူ လုပ်တာလဲ"

သားနှစ်ယောက်က ပြောတယ်။

"ပန်းပဲဆရာဖန်း"

"ပန်းပဲဆရာဖန်း မဟုတ်ဘူး"

ရှိစန်းကွမ်း ပြောတယ်။

"ဟိုရှောင်ယုံ လုပ်တာ၊ ဘာဖြစ်လို့လဲ သိလား၊ ဟိုရှောင်ယုံက ငါ မသိဘဲ မင်းတို့ အမေကို အိလော့ ကိုယ်ဝန်ရလာအောင် လုပ်ခဲ့တယ်၊ အိလော့က တစ်ဖန် ပန်းပဲဆရာဖန်းရဲ့ သားကို ခေါင်းခွဲပစ်လိုက်တယ်၊ အဲဒါ ဟိုရှောင်ယုံ ငါတို့ကို ဒုက္ခ ပေးခဲ့တာ ဟုတ်သလား၊ မဟုတ်ဘူးလား"

သားနှစ်ယောက်စလုံး ခေါင်းညိတ်တယ်။

"အဲဒါကြောင့်"

ရှိစန်းကွမ်း ရေတစ်ငုံ သောက်ပြီးမှ ဆက်ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းတို့ ကြီးလာတဲ့အခါ ငါ့ကိုယ်စား ဟိုရှောင်ယုံကို ကလဲ့စားသွားချေပေးရမယ်၊ မင်းတို့ ဟိုရှောင်ယုံရဲ့ သမီးနှစ်ယောက်ကို သိသလား၊ သိတယ်နော်၊ မင်းတို့ ဟိုရှောင်ယုံရဲ့ သမီးနှစ်ယောက်နာမည်ကို သိသလား၊ မသိဘူးနော်၊ မသိလည်း အရေးမကြီးဘူး၊ လူကို သိရင်ရပြီ၊ မင်းတို့ မှတ်ထားကြ၊ မင်းတို့ ကြီးလာတဲ့အခါ အဲဒီ ဟိုရှောင်ယုံရဲ့ သမီးနှစ်ယောက်ကို မုဒိမ်းသွားကျင့်ကြ"

ရှိစန်းကွမ်းဟာ မိမိရဲ့ ပြောင်တလင်းခါနေတဲ့ အိမ်ထဲမှာ တစ်ညအိပ်ပြီးတဲ့နောက် ဒီအတိုင်း ဆက်သွားလို့တော့ မဖြစ်ဘူး၊ ပန်းပဲဆရာဖန်း သယ်သွားတဲ့ ပစ္စည်းတွေကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ပြန်သယ်လာရမယ်လို့ တွေးမိတာနဲ့ သူ့ခေါင်းထဲ သွေးရောင်းဖို့ စိတ်ကူးပေါ်လာတော့တယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက အားဖန်းတို့၊ ကင်းလုန်းတို့နဲ့အတူ သွေးသွားရောင်းခဲ့တဲ့ အဖြစ်ကို ပြန်သတိရလာတယ်။ ဟိုတုန်းက သွေးရောင်းခဲ့လို့သာ သူ့မိသားစု ဒီနေ့လို အခြေအနေမျိုး ရောက်လာခဲ့တာကိုလည်း သတိရလာတယ်။ အခု သူ သွေးထပ်သွားရောင်းဖို့ လိုလာပြီ။ သွေးရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ ပန်းပဲဆရာ ဖန်းဆီကနေ သူ့စားပွဲတွေ၊ သေတ္တာတွေ၊ ခွေးခြေခုံတွေကို ပြန်ရွေးလို့ရမယ်။ ဟိုရှောင်ယုံကတော့ သက်သာရာရသွားတာပေ့ါ။ သူက ဟိုရှောင်ယုံကိုယ်စား သားကျွေးမှု ကိုးနှစ် ပြုပေးခဲ့ရတယ်။ အခုလည်း ဟိုရှောင်ယုံ့သားရဲ့ အကြွေးကို သွားဆပ်ပေးရဦးမယ်။ ဒီလိုတွေးမိတော့ သူ့ရင်တွေ မွန်းကျပ်လာတယ်၊ ရင်ဝမှာ တစ်ဆို့ဆို့ကြီး ဖြစ်လာတယ်။ ဒါကြောင့်မို့ သူက အော့လော့နဲ့ စန်းလော့ကို ရှေ့ခေါ်ပြီး သူတို့ကို ဟိုရှောင်ယုံမှာ သမီးနှစ်ယောက်ရှိတဲ့ အကြောင်း ပြောပြလိုက်တယ်။ ယောကျ်ားကောင်းတို့ ရန်ကြွေး ဆယ်နှစ်ကြာမှ ဆပ်မနှေးတဲ့၊ သူက အော့လော့နဲ့ စန်းလော့ကို ဆယ်နှစ် ကြာပြီးတဲ့နောက်မှာ ဟိုရှောင်ယုံရဲ့ သမီးတွေကို မုဒိမ်းသွားကျင့်ခိုင်းမယ်လေ။

ဟိုရှောင်ယုံရဲ့ သမီးတွေကို မုဒိမ်းသွားကျင့်ရမယ် ဆိုတာ ကြားရတော့ ရှိစန်းကွမ်းရဲ့ သားနှစ်ယောက်လည်း ပါးစပ်ဖြဲပြီး တခိခိ ရယ်တယ်။ ရှိစန်းကွမ်းက သူတို့ကို မေးတယ်။

"မင်းတို့ ကြီးလာရင် ဘာလုပ်မလဲ"

သားနှစ်ယောက်က ဖြေတယ်။

"ဟိုရှောင်ယုံရဲ့သမီးတွေကို မုဒိမ်းသွားကျင့်မယ်"

ရှိစန်းကွမ်း တဟားဟား ထရယ်တယ်။ ပြီးတဲ့နောက်မှာ သူ သွေးသွားရောင်းလို့ရပြီဆိုတာ သိလိုက်ပြီ။ သူ အိမ်က ထွက်ပြီး ဆေးရုံကို သွားတယ်။ ရှိစန်းကွမ်းဟာ အဲဒီနေ့မနက်မှာမှ ဒီဆုံးဖြတ်ချက်ကို ချခဲ့တာ။ သူက ဆေးရုံသွားမယ်။ မတွေ့ရတာ နှစ်အတန်ကြာပြီဖြစ်တဲ့ သွေးခေါင်းလီကို သွားရှာမယ်။ မိမိရဲ့ အင်္ကျီလက်ကို

mgyoe.com SAMPLE BOOK

အမြင့်ကြီး ခေါက်တင်မယ်။ ဆေးရုံက အကြီးဆုံးအိပ်ကြီးနဲ့ သူ့လက်မောင်းက အကြီးဆုံး သွေးကြောထဲကို အထိုးသွင်းခံလိုက်မယ်။ ပြီးတဲ့နောက်မှာ သူ့ကိုယ်ထဲက သွေးတွေကို စုပ်ထုတ်စေမယ်။ တစ်ပြွန်ပြီး တစ်ပြွန် စုပ်ထုတ်ပြီးတော့ ဖန်ပုလင်းထဲကို တစ်ပြွန်ပြီး တစ်ပြွန် ထည့်စေမယ်။ သူ့သွေး သူ မြင်ဖူးတယ်။ ပျစ်လိုက်သမှ နည်းနည်းတောင် မည်းချင်နေတယ်။ အပေါ်ယံမှာ အမြှုပ်တစ်လွှာတောင် ပါလိုက်သေးရဲ့။

လက်ထဲမှာ သကြား သုံးဆယ်သား တစ်ထုပ်နဲ့ ရွှီစန်းကွမ်းက ဆေးရုံ သွေးဘဏ်ရဲ့ အခန်းတံခါးကို တွန်းဖွင့်လိုက်တယ်။ စားပွဲနောက်မှာ သွေးခေါင်း လီ ထိုင်နေတာကို သူ တွေ့ရတယ်။ ညစ်ပတ်ပေရေနေတဲ့ ဂျူတီကုတ်ကြီးကို ဝတ်ထားပြီး လက်ထဲမှာလည်း အီကြာကွေး ထုပ်ဖူးတဲ့ သတင်းစာစက္ကူတစ်ရွက် ကိုင်ထားတယ်။ သတင်းစာဟာ ဆီထဲမှာ စိမ်ထားခဲ့သလား အောက်မေ့ရတယ်၊ ပြတင်းပေါက်က နေရောင်ထိုးလိုက်တော့ တကတဲ အလင်းပေါက်တဲ့ မှန်ကြည်စက္ကူ ကျနေတာပဲ။

သွေးခေါင်းလီက ဖတ်လက်စ သတင်းစာကို အောက်ချပြီး သူ့အနား ရောက်လာတဲ့ ရွှီစန်းကွမ်းကို ကြည့်နေတယ်။ ရွှီစန်းကွမ်းက လက်ထဲက သကြားထုပ်ကို သူ့ရှေ့ ချပေးလိုက်တယ်။ သူက သကြားကို လက်နဲ့ ညှစ်ကြည့်တယ်။ ပြီးတော့ ရွှီစန်းကွမ်းကို ဆက်ကြည့်နေတယ်။ ရွှီစန်းကွမ်းက သွေးခေါင်းလီရှေ့မှာ ပြုံးဖြဲဖြဲ ဝင်ထိုင်လိုက်တယ်။ သွေးခေါင်းလီရဲ့ ခေါင်းပေါ်က ဆံပင်တွေက အရင်ကထက် အများကြီး နည်းသွားပြီး မျက်နှာပေါ်က အသားတွေကတော့ အရင်ကထက် အများကြီး တိုးလာတာကို သူ တွေ့လိုက်ရတယ်။ သူက ပြုံးဖြဲဖြဲ ပြောလိုက်တယ်။

"ဆရာ ကျွန်တော်တို့စက်ရုံမှာ ပိုးကောင် လာမဝယ်တာ ကြာပြီနော်"

သွေးခေါင်းလီ ခေါင်းညိတ်တယ်။

"မင်းက ပိုးချည်စက်ရုံကလား"

ရွှီစန်းကွမ်းက ခေါင်းညိတ်ပြီး ပြောတယ်။

"ကျွန်တော် အရင်တစ်ခေါက် လာဖူးတယ်လေ၊ အားဖန်းတို့ ကင်းလုန်းတို့နဲ့ အတူလာတာ၊ ဆရာ့ကို ကျွန်တော် သိတာ ကြာပါပြီ၊ ဆရာက ဒက္ခိဏတံခါး တံတားအောက်မှာ နေတာလေ၊ အိမ်သားတွေ အားလုံး နေကောင်းကြတယ် မဟုတ်လား၊ ဆရာ ကျွန်တော့် ကို မှတ်မိသေးလား"

သွေးခေါင်းလီ ခေါင်းခါတယ်။

"ငါ မမှတ်မိတော့ဘူးကွ၊ ငါ့ဆီလာတဲ့ လူတွေက အများကြီးပဲ၊ များသော အားဖြင့်တော့ သူတို့ကပဲ ငါ့ကို မှတ်မိကြတာ၊ ငါကတော့ သူတို့ကို မမှတ်မိဘူး၊ မင်း ခုနက အားဖန်းနဲ့ ကင်းလုန်းလို့ ပြောလိုက်တယ်နော်၊ အဲဒီနှစ်ယောက်ကိုတော့ ငါ သိတယ်ကွ၊ လွန်ခဲ့တဲ့ သုံးလကပဲ ဒီကောင်တွေ ရောက်လာကြသေးတယ်၊ မင်းက ဒီကို သူတို့နဲ့ ဘယ်တုန်းက အတူရောက်ဖူးတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"လွန်ခဲ့တဲ့ ဆယ်နှစ်က"

"လွန်ခဲ့တဲ့ ဆယ်နှစ်က"

သွေးခေါင်းလီ ကြမ်းပြင်ပေါ် တံတွေးတစ်ချက် ထွေးလိုက်တယ်။

"လွန်ခဲ့တဲ့ ဆယ်နှစ်က လာဖူးတဲ့ လူကို ငါ ဘယ့်နှယ် မှတ်မိနိုင်တော့မှာတုံး၊ နတ်သိကြားတောင်မှ မင်းကို မှတ်မိမှာ မဟုတ်တော့ဘူး"

ပြီးတဲ့နောက်မှာ သွေးခေါင်းလီက ထိုင်ခုံပေါ်မှာ ဒူးထောင်ထိုင်လိုက်ပြီး ကိုယ့်ဒူးကိုယ် ဖက်ထားရင်း ရွှီစန်းကွမ်းကို မေးတယ်။

"မင်း ဒီနေ့ သွေးလာရောင်းတာလား"

"ဟုတ်ပါတယ်"

သွေးခေါင်းလီက စားပွဲပေါ်က သကြားထုပ်ကို လက်ညှိုးထိုးပြီး မေးပြန်တယ်။

"ငါ့ကို လက်ဆောင်ပေးတာလား"

"ဟုတ်ပါတယ်"

"ငါ မင်းပစ္စည်း လက်ခံလို့ မရတော့ဘူး"

သွေးခေါင်းလီ စားပွဲကို တစ်ချက်ပုတ်ပြီး ပြောလိုက်တယ်။

"လွန်ခဲ့တဲ့ ခြောက်လကသာ လာခဲ့လို့ရှိရင် ငါ လက်ခံဦးမယ်၊ အခုတော့ ငါ မင်းပစ္စည်းကို လက်မခံနိုင်တော့ဘူး၊ ရှေ့တစ်ခေါက်က အားဖန်းနဲ့ ကင်းလုန်း ငါ့ကို ကြက်ဥအလုံး နှစ်ဆယ် ယူလာပေးတာ၊ ငါ တစ်လုံးမှ လက်မခံလိုက်ဘူး၊ အခု ငါက ကွန်မြူနစ်ပါတီဝင် ဖြစ်နေပြီ၊ မင်း သိလား၊ အခု ငါက လူထုဆီကနေ အပ်တို တစ်ချောင်း အပ်ချည်တစ်မျှင်တောင် မယူတော့ဘူး"

ရွှီစန်းကွမ်း ခေါင်းညိတ်တယ်။

"ကျွန်တော့်အိမ်မှာက လူငါးယောက် ရှိတော့ တစ်နှစ်ကို သကြား သုံးဆယ်သား လက်မှတ် ရတယ်လေ၊ ကျွန်တော်က ဒီနှစ်ရဲ့ သကြားလက်မှတ်တွေကို တစ်ချီတည်းနဲ့ အကုန်သုံးပစ်ပြီး ဆရာ့ကို လာကန်တော့တာပါ"

"သကြားလား"

သွေးခေါင်းလီဟာ သကြားလို့ ကြားလိုက်တာနဲ့ စားပွဲပေါ်က သကြားထုပ်ကို လှမ်းဆွဲပြီး ဖွင့်ကြည့်လိုက်တယ်။ အရောင်တလက်လက် သကြားပွင့်တွေကို မြင်ရတော့ သွေးခေါင်းလီက–

"သကြားကတော့ တန်ဖိုးသိပ်ကြီးတယ်ကွ၊ ငါက ဆားထုပ် ထင်လို့"

လို့ ပြောတယ်။

ပြောရင်း သွေးခေါင်းလီက လက်ထဲကို သကြားနည်းနည်း သွန်လိုက်တယ်။ သကြားကို ကြည့်ရင်း–

mgyoe.com

mgyoe.com SAMPLE BOOK

"သကြား ဆိုတဲ့ဟာက တကယ့်ကို နူးညံ့တာ၊ အပျိုမလေးရဲ့ အသားအရေ လိုပဲလေ၊ ဟုတ်တယ် မဟုတ်လား"

လို့ ပြောတယ်။

ပြောပြီးတာနဲ့ သွေးခေါင်းလီက လက်ထဲက သကြားတွေကို လျှာနဲ့ လျက်ပြီး၊ တစ်အောင့်လောက် မျက်လုံးမှေးနေပြီးမှ သကြားထုပ်ကို ပြန်ပိတ်ပြီး ရှိုစန်းကွမ်းကို ပြန်ပေးတယ်။ ရှိုစန်းကွမ်းက ပြန်တွန်းပို့လိုက်တယ်။

"ယူလိုက်ပါ ဆရာ"

"ယူလို့ မရဘူး"

သွေးခေါင်းလီ ပြောတယ်။

"အခု ငါက လူထုဆီကနေ အပ်တိုတစ်ချောင်း အပ်ချည်တစ်မျှင်တောင် မယူ တော့ဘူး"

ရှိုစန်းကွမ်း ပြောတယ်။

"ကျွန်တော်က ဆရာ့ကို ကန်တော့ဖို့အတွက် တကူးတက ယူလာခဲ့တာပါ၊ ဆရာ လက်မခံရင် ကျွန်တော် ဘယ်သူ့သွားပေးရမှာလဲ"

"မင်း အိမ်မှာ စားဖို့ သိမ်းထားပေါ့ကွာ"

သွေးခေါင်းလီ ပြောတယ်။

"ဒီလောက်ကောင်းတဲ့ သကြားတွေ ကျွန်တော်တို့ ဘယ်စားရက်မှာလဲဗျာ၊ ဒီသကြားတွေက လက်ဆောင်ပေးဖို့ဟာဗျ"

"ဒါလည်း ဟုတ်တာပဲ"

သွေးခေါင်းလီက သကြားကို ပြန်ယူလိုက်တယ်။

"ဒီလောက်ကောင်းတဲ့ သကြားတွေ ကိုယ့်ဘာသာ စားလိုက်ရင် နှမြောစရာတော့ အကောင်းသား၊ ဒီလိုလုပ်ကွာ၊ ငါ့လက်ထဲ နည်းနည်းထပ်သွန်လိုက်မယ်"

သွေးခေါင်းလီက လက်ထဲ သကြားနည်းနည်း ထပ်သွန်လိုက်ပြီး လျှာနဲ့ ထပ်လျက်လိုက်တယ်။ သွေးခေါင်းလီဟာ ပါးစပ်က သကြားအရသာကို ခံရင်း လက်က သကြားထုပ်ကို ရှိုစန်းကွမ်းဆီ တွန်းပို့ပေးလိုက်တယ်။ ရှိုစန်းကွမ်းက သွေးခေါင်း လီဆီ ပြန်တွန်းပို့တယ်။

"ယူလိုက်ပါ ဆရာရယ်၊ ကျွန်တော် မပြောရင် ဘယ်သူမှ မသိပါဘူး"

သွေးခေါင်းလီ စိတ်ဆိုးသွားပြီ။ သူက မျက်နှာကို ချက်ချင်းတည်လိုက်ပြီး–

"ငါက မင်းကို အားနာလို့ မင်းဆီက သကြားကို နည်းနည်းစားပေးလိုက်တာ၊ မင်း ကမ်းမတက်ချင်နဲ့"

လို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သွေးခေါင်းလီ အမှန်တကယ် စိတ်ဆိုးသွားတာကို မြင်တော့ ရွှီစန်းကွမ်းလည်း သကြားထုပ်ကို ပြန်ယူလိုက်ပြီး–

"ဒါဖြင့် ကျွန်တော် ပြန်ယူထားလိုက်ပါ့မယ်"

လို့ ပြောတယ်။

သကြားထုပ်ကို ရွှီစန်းကွမ်း အိတ်ထဲ ပြန်ထည့်လိုက်တာကို ကြည့်ရင်း သွေးခေါင်းလီက စားပွဲခေါက်ပြီး မေးလိုက်တယ်။

"မင်းနာမည် ဘာခေါ်သလဲ"

"ရွှီစန်းကွမ်း"

"ရွှီစန်းကွမ်း"

သွေးခေါင်းလီက စားပွဲခေါက်ရင်း–

"ရွှီစန်းကွမ်း၊ ဒီနာမည် ငါ ကြားဖူးပါတယ်..."

"ကျွန်တော် အရင်တစ်ခေါက် လာဖူးတယ်လေ"

"မဟုတ်ဘူး"

သွေးခေါင်းလီ လက်ကာပြတယ်။

"ရွှီစန်းကွမ်း၊ ရွှီစန်း ... ဩော်"

သွေးခေါင်းလီက ရုတ်တရက် ထအော်မိပြီးတော့ တဟားဟား ရယ်ရင်း ရွှီစန်းကွမ်းကို ပြောလိုက်တယ်။

"သိပြီ သိပြီ၊ ရွှီစန်းကွမ်း ဆိုတာ မင်းလား၊ နွားဖြစ်ခဲ့တဲ့ တစ်ယောက်ဟာလေ..."

♠ ♠ ♠

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - တစ်ဆယ့်နှစ်

ရှီစန်းကွမ်းဟာ သွေးရောင်းပြီးတော့ ပိုက်ဆံကို ပန်းပဲဆရာဖန်းဆီ ချက်ချင်း သွားမပို့သေးဘူး။ ရှိန်လီ စားသောက်ဆိုင်ကို အရင်သွားတယ်။ ပြတင်းပေါက်နားက ဝိုင်းမှာဝင်ထိုင်တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ် ပထမဆုံးအကြိမ် သွေးရောင်းပြီးတုန်းကလည်း အဲဒီမှာပဲ ထိုင်ခဲ့တာကို သူ မှတ်မိနေသေးတယ်။ ဝိုင်းမှာ ထိုင်ပြီးတော့ သူက ခေါင်းကုတ်စဉ်းစားရင်း ဟိုတုန်းက အားဖန်းနဲ့ ကင်းလုန်းက စားပွဲပုတ်ပြီး ဟင်းပွဲတွေ၊ အရက်တွေ မှာခဲ့တာကို ပြန်သတိရလာတယ်။ အဲဒါနဲ့ သူက စားပွဲပုတ်ပြီး စားပွဲထိုးကို အသံကျယ်ကျယ် မှာလိုက်တယ်။

"ဝက်အသည်းကြော် တစ်ပွဲ၊ အရက်ဝါ နှစ်ပက်..."

စားပွဲထိုးက 'ဟုတ်ကဲ့' ထူးပြီး လှည့်ထွက်သွားတော့မယ် အလုပ်မှာ ရှီစန်းကွမ်းက တစ်ခွန်းမှာဖို့ ကျန်သေးတယ် ထင်တာနဲ့ စားပွဲထိုးကို လက်ထောင်ပြပြီး မသွားနဲ့ဦးလို့ တားလိုက်တယ်။ စားပွဲထိုးလည်း သူ့နားမှာ ရပ်ပြီး၊ ခုလေးတင်ပဲ သုတ်ထားပြီး ဖြစ်တဲ့ စားပွဲကို အဝတ်စုတ်နဲ့ ပြန်သုတ်ပေးရင်း–

"ဘာမှာဦးမလဲ ဆရာ"

လို့ မေးတယ်။

ရှီစန်းကွမ်းဟာ လက်ထောင်ရင်း စဉ်းစားနေတာ ဘယ်လိုမှ စဉ်းစားလို့ မရနိုင်ဘဲ ရှိနေတာကြောင့် စားပွဲထိုးကို ပြောလိုက်တယ်။

"ငါ ပြန်သတိရတော့မှ ထပ်ခေါ်လိုက်မယ်"

စားပွဲထိုးလည်း "ဟုတ်ကဲ့" ထူးလိုက်တယ်။

စားပွဲထိုး ထွက်သွားခါစပဲ ရှိသေး၊ ရှီစန်းကွမ်းက ပြန်စဉ်းစားလို့ သတိရလာတာနဲ့ စားပွဲထိုးကို လှမ်းအော်ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ ပြန်သတိရပြီ"

စားပွဲထိုးလည်း ချက်ချင်းပြန်ရောက်လာပြီး–

"ဘာမှာဦးမလဲ ဆရာ"

လို့ မေးတယ်။

ရှိစန်းကွမ်းက စားပွဲပုတ်ပြီး ပြောလိုက်တယ်။

"အရက်ဝါကို အပူနွေးပေး"

ပန်းပဲဆရာဖန်းကို သူ ပိုက်ဆံပေးလိုက်ပြီးတဲ့နောက်မှာ ပန်းပဲဆရာဖန်းလည်း မနေ့က ပါလာတဲ့ လူခြောက်ယောက်ထဲကနေ သုံးယောက်ကို ပြန်ခေါ်ပြီး ဂါလီတစ်စီး ဆွဲပြီးတော့ သူ့ပစ္စည်းတွေကို ပြန်လာပို့ပေးလိုက်တယ်။ ပန်းပဲဆရာ ဖန်းက သူ့ကို ပြောတယ်။

"တကယ်တော့ မင်းတို့အိမ်က ပစ္စည်းတွေက ဂါလီတစ်စီးတည်းနဲ့ဆို ရနေပါပြီ၊ မနေ့က ငါ ဂါလီတစ်စီး ပိုခေါ်လာခဲ့မိတယ်၊ လူလည်း သုံးယောက် ပိုခေါ်လာခဲ့မိတယ်"

ပန်းပဲဆရာဖန်းနဲ့အတူ ပါလာတဲ့ သုံးယောက်ထဲမှာ တစ်ယောက်က ဂါလီဆွဲ၊ ကျန်တဲ့ နှစ်ယောက်က ဂါလီပေါ်က ပစ္စည်းတွေကို ဘေးတစ်ဖက်စီကနေ ထိန်းလာပေးရင်း ရှိစန်းကွမ်းတို့ အိမ်ရှေ့ကို ရောက်လာခဲ့ကြတယ်။ သူတို့က ရှိစန်းကွမ်းကို ပြောတယ်။

"ရှိစန်းကွမ်း၊ ခင်ဗျားသာ မနေ့ကတည်းက ပိုက်ဆံလာပို့ခဲ့လို့ ရှိရင် ဒီလို သယ်သွားလိုက် သယ်လာလိုက် လုပ်စရာ မလိုတော့ဘူးလေ"

"ဒီလိုလည်း ပြောလို့မရဘူး"

ရှိစန်းကွမ်းက ဂါလီပေါ်က ခွေးခြေခုံကို ချရင်း ပြောတယ်။

"အရာအားလုံးက အကျဉ်းထဲအကျပ်ထဲ ရောက်သွားလို့ ဖြစ်လာရတာ၊ လူဆိုတာ အကျဉ်းထဲ အကျပ်ထဲ ရောက်တော့မှ အကြံဉာဏ်တွေ ပေါ်လာတာလေ၊ အကျဉ်းထဲ အကျပ်ထဲ မရောက်သေးသရွေ့တော့ အကြံဉာဏ်တွေ ပေါ်လာမှာ မဟုတ်ဘူး၊ ပေါ်လာခဲ့ရင်လည်း အဲဒီ အကြံဉာဏ်အတိုင်း လုပ်သင့် မလုပ်သင့် ဝေခွဲနိုင်မှာ မဟုတ်သေးဘူးလေ၊ အကယ်၍ ဆေးရုံကသာ ဆရာဖန်း သားကို ဆေးဆက် မပေးတော့ဘူးလို့ မလုပ်ခဲ့လို့ရှိရင် ဆရာဖန်းလည်း ခင်ဗျားတို့ကို ခေါ်ပြီး ကျွန်တော့် အိမ်က ပစ္စည်းတွေကို လာသိမ်းခိုင်းမှာ မဟုတ်ဘူးလေ၊ ဟုတ်တယ် မဟုတ်လား ဆရာဖန်း"

mgyoe.com